# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 27 September 2022 ၁၀၈၇၁


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုအကျိုးကို ရှေးရှု၍ ရေရှည်မြော်တွေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပြီး တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယ ဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်တို့နှင့် အတူ UWSP မှ နိုင်ငံရေးဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊ NDAA မှ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ SSPP မှ အတွင်းရေးမှူး(၂) စဝ်ဆိုင်းဆုနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✰

**ယနေ့ ဖတ်စရာ**

**နှစ်ပေါင်းအစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲလာခဲ့တဲ့ မိတ်ဆွေသီအစ်ကိုဆက်ဆံရေး**
ဆောင်းပါး စာမျက်နှာ » ၆

**ကိုယ်ရည်ကိုယ်သွေးဖြင့် ခေါင်းဆောင်မှုကို တည်ဆောက်နိုင်**
ဆောင်းပါး စာမျက်နှာ » ၁၀

**မင်္ဂလာပါ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့**
ဆောင်းပါး စာမျက်နှာ » ၁၉

ကြေးမုံ

# ကိုယ်ခံအားကောင်းအောင်နေထိုင်ပြီး ရောဂါကူးစက်မှုကိုလျှော့ချ

ယခုရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ နေ့စဉ်စိုးရိမ်ဖွယ်ရာတိုးလာသလို ပြန်လည်လျော့ကျသွားသည့်ရက်များလည်းရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ဓာတ်ခွဲစစ်ဆေး ရောဂါပိုးတွေ့ရှိသည့်လူနာများတွင် ယခင်ရက်က သေဆုံးရသည့်လူနာအချို့သည် ကာကွယ်ဆေးမထိုးထားခြင်း၊ ရောဂါအခံများရှိနေခြင်းတို့ကြောင့်ဟု သိရသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီး ထပ်ဆောင်းကာကွယ်ဆေးများပါ ထိုးထားရန် လိုပါသည်။ ထို့အပြင် ရောဂါအခံများရှိနေပါက ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းမရှိအောင် အထူးဂရုစိုက်နေထိုင်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ ၈၄ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူများနှင့် အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ပြီး ရောဂါအခံများဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသောအခါ အသက်သေဆုံးရသည့်အဖြစ်ရောက်ရသည်ကို တွေ့ရပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံထိုးနှံပေးလျက်ရှိသော်လည်း ပြည်သူအချို့မှာ အလေးထားထိုးနှံမှုမရှိသဖြင့် ရောဂါကူးစက်ခြင်းခံရပါက အန္တရာယ်ရှိနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ကာကွယ်ဆေးထိုးနှံရခြင်းမရှိသေးပါက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်အကူအညီတောင်းခံနိုင်ပေသည်။

ရောဂါပိုးတို့၏ သဘောသဘာဝသည် စွတ်စိုပြီးအေးမြမှုကို ကြိုက်နှစ်သက်သဖြင့် ယခုမိုးရာသီအကုန်နှင့် လာမည့်ဆောင်းရာသီကာလတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုနှင့် ထပ်ဆောင်းထိုးနှံမှုများကို မပျက်မကွက်ပြုလုပ်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်းများကို အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများနှင့် အများပြည်သူ သွားလာနေကြသည့် ယာဉ်များပေါ်တွင် တပ်ဆင်ထားကြရန်လိုအပ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ပြည်သူများအား ကျန်းမာရေးသတ်မှတ်ချက်များနှင့်ကိုက်ညီအောင်နေထိုင်ကြရန် အသိပေးနှိုးဆော်မှုများ ပိုမိုပြုလုပ်ကြရန်လိုအပ်ပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ ကိုဗစ်-၁၉ ရောဂါပိုး အိုမီခရွန်မျိုးကွဲသစ် B 4.4 နှင့် B 4.5 တို့သည် နိုင်ငံပေါင်း ၉၂ နိုင်ငံတွင် ကူးစက်ဖြစ်ပွားလျက်ရှိသည်ဟု အသိပေးထားသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မလေးရှားနှင့် စင်ကာပူ စသည့်နိုင်ငံများ၌ အဆိုပါမျိုးကွဲသစ်များ ပျံ့နှံ့ကူးစက်လျက်ရှိသည်ကို တွေ့ရသည်။ နိုင်ငံတကာမှ လေ့လာတွေ့ရှိချက်များအရ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲသစ်ရောဂါပိုး B 4.4 နှင့် B 4.5 တို့သည် ယခင်ကရှိခဲ့သည့် အိုမီခရွန်မျိုးဗီဇပြောင်းရောဂါပိုး B 4.1 နှင့် B 4.2 တို့ထက် ရောဂါကူးစက်မှု ပိုမိုမြန်ဆန်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ အာနိသင်ကိုလည်း လျော့ကျစေနိုင်သည်ဟုသိရသည်။ ထို့ကြောင့် နောက်ဖြစ်ပေါ်လာသော ရောဂါမျိုးကွဲသစ်ကို ပိုမိုသတိပြုဖို့လိုအပ်ပေသည်။ ရောဂါမျိုးကွဲသစ်များ၏ ထူးခြားသည့်အာနိသင်များကြောင့် ကိုဗစ်-၁၉ ရောဂါအား ထိန်းချုပ်နိုင်ရန်လိုအပ်နေသေးသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်းလေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၃၈ ဦးရှိပြီး ၎င်းတို့အနက် ၉၇ ဦး(၇၀ ရာခိုင်နှုန်း)မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာစသည့် နာတာရှည်ရောဂါအခံတစ်မျိုးမျိုး၊ တစ်မျိုးထက်မကရှိနေသည်ကို တွေ့ရပါသည်။ အဆိုပါရောဂါများသည် ပြည်သူများကြားတွင် အဖြစ်များသောရောဂါများဖြစ်ပြီး အဆိုပါရောဂါအခံရှိသူများအနေဖြင့် ကာကွယ်ဆေးထိုးနှံထားခြင်းမရှိပါက အန္တရာယ်ပိုများသည်ကို သတိပြုရမည်ဖြစ်သည်။ ရောဂါအခံရှိသူများတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများသည် ကိုဗစ်-၁၉ ရောဂါကြောင့် အသက်အန္တရာယ်ဖြစ်မှုအား သိသာစွာလျှော့ချနိုင်သည်ကို တွေ့ရပေသည်။

သို့ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာစသည့် နာတာရှည်ရောဂါအခံရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

INTERNATIONAL DAY OF OLDER PERSONS

“ သက်ကြီးအမျိုးသမီးများရဲ့စွမ်းပကား ဒို့များအလေးထား”

“ The Resilience and Contributions of Older Women”

၁.၁၀.၂၀၂၂

နေပြည်တော်

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတမင်းကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိတောင်ညိုတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ကြာကံကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မော်ကျွန်းကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ဓမ္မသုခဝိပဿနာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဓမ္မဗိမာန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မူလသစ်ဆိမ့်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဒီပဲယင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ စတုဘုမ္မိကကျောင်းတိုက်နှင့် အလုံမြို့နယ်ရှိ ကွင်းကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ဇမ္ဗူအေးစေတီတပ်ဦးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ ဦးစီးဌာနများမှ သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆- ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၅၈၇ | ၅,၄၆၇,၄၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၀၀ | ၁၃,၆၈၇ | ၄၇,၅၈၁,၀၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၁၇၆ | ၃,၅၂၀,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၃၆၇ | ၉၉၀,၉၀၀ |
| AMATA | ၅,၄၀၀ | ၅,၄၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၃၄.၉ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၃.၄၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၅၄၈ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၆.၃၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၄၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၆၈.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၆၄.၆ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၀.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၉၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်က ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ အောင်မြင်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ယခုငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးမှုများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည်ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန် လိုသည့်အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တို့ကို အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယ ဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**အမြော်အမြင်ကြီးစွာ ကမ်းလှမ်းခဲ့မှု**

ထို့နောက် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘောထားကြီးစွာဖြင့် နိုင်ငံရေးဆွေးနွေးမှုမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နိုင်ရန် အမြော်အမြင်ကြီးစွာ ကမ်းလှမ်းခဲ့မှုအပေါ် ဝမ်းမြောက်ကြိုဆိုသည့် အခြေအနေများ၊ **နိုင်ငံတော်မှ ခွဲမထွက်ဘဲ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို စွဲမြဲစွာ ထိန်းသိမ်းလိုက်နာလျက်** ရှိသည့် အခြေအနေများ၊ သဘောထားကွဲလွဲမှုများကို လက်နက်ဖြင့် ဖြေရှင်းခြင်းမပြုလုပ်ဘဲ ငြိမ်းချမ်းစွာဖြင့်သာ ဆွေးနွေးဖြေရှင်းဆောင်ရွက်ရန် လိုလားပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိမှသာလျှင် ဒေသ၊ လူမျိုးမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးမှုများကို ဆောင်ရွက်နေခြင်းဖြစ်သည့် အခြေအနေများ၊ သမိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တို့အပေါ်တွင်သာ အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်အကောင်အထည်ဖော်သွားကြရမည်ဖြစ်သည့် အခြေအနေများနှင့် ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတို့၏အကျိုးကို ရှေးရှု၍ စိတ်ရှည်စွာဖြင့် ညီညီညွတ်ညွတ် ဆွေးနွေးဆောင်ရွက်သွားကြမည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်များက လက်ခံရယူကြပြီး ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်၍ ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိမှသာလျှင် ဒေသ၊ လူမျိုးမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးမှုများကို ဆောင်ရွက်နေခြင်းဖြစ်**

# အာရှ-အာဖရိကဒေသသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လျက်ရှိသောကြောင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် သင့်လျော်သောဒေသတစ်ခုဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၆**

အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ၏ အကြိမ်(၆၀)မြောက် အထွေထွေညီလာခံကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာ ၂၅ ရက် မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိရာ အဆိုပါ အထွေထွေညီလာခံသို့ အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ၏ အထွေထွေ အတွင်းရေးမှူးချုပ် H.E Dr. Kamalinne Pinitpuvadol ၏ ဖိတ်ကြားချက်အရ အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) အဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်တို့ တက်ရောက်လျက်ရှိသည်။




အထွေထွေညီလာခံဖွင့်ပွဲ အခမ်းအနားသို့ အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ၏ အထွေထွေအတွင်းရေးမှူးချုပ် H.E Dr. Kamalinne Pinitpuvadol နှင့် အိန္ဒိယနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E Ms. Meenakshi Lekhi တို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အထွေထွေညီလာခံတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ကို ယခင်က ဥပဒေအတိုင်ပင်ခံကော်မတီ (ALCC) သည် ၁၉၅၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းသည် ၁၉၅၅ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့်သမိုင်းဝင် ဘန်ဒေါင်းညီလာခံ၏ ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကနဦးအဖွဲ့ဝင် (Founding Member) ဖြစ်ပြီး မြန်မာနှင့်အတူ သီရိလင်္ကာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရတ်၊ ဂျပန်နှင့် ယူနိုက်တက်အာရပ် စသည့်နိုင်ငံ ခုနစ်နိုင်ငံသည် မူလအဖွဲ့ဝင်နိုင်ငံများဖြစ်ပါကြောင်း၊ ညီလာခံ၏ ရည်ရွယ်ချက်သည် အာရှ-အာဖရိက နိုင်ငံများတွင် စီးပွားရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ရန်ဖြစ်ပါကြောင်း၊ အာရှ-အာဖရိက ဥပဒေ အတိုင်ပင်ခံအဖွဲ့ (AALCO) သည် ဘန်ဒေါင်းညီလာခံအပြီး ပေါ်ပေါက်ခဲ့သော ဘက်မလိုက် အဖွဲ့အစည်း Non-Aligned Movement (NAM) ဖြစ်ပြီး အာရှနှင့် အာဖရိကနိုင်ငံများသာ ပါဝင်ပါကြောင်း၊ ဘန်ဒေါင်းညီလာခံကြေညာချက်နှင့် ဘန်ဒေါင်းမူသဘောတရားများသည် ဘက်မလိုက်ခြင်း Non-Aligned Movement (NAM) ၏ အခြေခံ ကျသော မူသဘောတရားများဖြစ်ပါကြောင်း၊ ဘန်ဒေါင်းညီလာခံ၏ Legacy သည် ထိရောက်သော နိုင်ငံတကာ ဆက်ဆံမှုများအတွက် အရေးကြီးသည့် မှတ်ကျောက်တစ်ခု ဖြစ်ပါကြောင်း၊ ဘန်ဒေါင်းညီလာခံမှ ထုတ်ပြန်ခဲ့သည့် အခြေခံမူ ၁၀ ချက်သည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရန်နှင့် တိုးမြှင့်ရန် ထိရောက်စွာဆောင်ရွက်ခြင်း၊ အခြေခံလူ့အခွင့်အရေးကို လေးစားလိုက်နာခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေစိုးမိုးမှုကို လေးစားလိုက်နာခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုခြင်းနှင့် မနှောင့်ယှက်ခြင်း၊ နိုင်ငံတစ်နိုင်ငံကဖြစ်စေ စုပေါင်း၍ဖြစ်စေ ကာကွယ်ခုခံပိုင်ခွင့်ရှိခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးလွတ်လပ်မှု သို့မဟုတ် နယ်မြေစိုးမိုးမှုကို ဆန့်ကျင်၍ အင်အားသုံးကျူးကျော်ရန်စမှုကို တားမြစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များကို လေးစားလိုက်နာ၍ ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းတို့ဖြစ်ကြောင်း။

ယင်းအချက်များအနက် ဘန်ဒေါင်းကြေညာချက် ရှစ်ချက်သည် ကုလသမဂ္ဂပဋိညာဉ်နှင့် အပြည်ပြည်ဆိုင်ရာ မူသဘောတို့တွင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်ရာ ကုလသမဂ္ဂပဋိညာဉ်နှင့် အာဆီယံပဋိညာဉ်တို့ကို လေးစားလိုက်နာလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီးဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီး ကျင့်သုံးကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုပါကြောင်း၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းလျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ စည်းမျဉ်းများသည် နိုင်ငံတကာ၏ ကြွယ်ဝမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ လုံခြုံမှုနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတို့ကို ရည်ရွယ်ပါကြောင်း၊ နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေဘာသာရပ်သည် အကြောင်းအမျိုးမျိုးကြောင့် ထည့်သွင်းဆွေးနွေးသင့်သည့် ဘာသာရပ်ဖြစ်ပါကြောင်း။

ယနေ့ခေတ်ကာလတွင် အာရှ-အာဖရိက ဒေသသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လျက်ရှိသောကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် သင့်လျော်သော ဒေသတစ်ခုဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့်တောင် အာရှရှိနိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် လည်းကောင်း၊ နိုင်ငံများနှင့် အပြန်အလှန် ဆက်သွယ်တည်ဆောက်ရာတွင်လည်းကောင်း မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လွယ်ကူအဆင်ပြေစေရန်အတွက် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက ၎င်းတို့၏ ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်မည်ဖြစ်ပြီး ထိုနည်းလမ်းများဖြင့် ကောင်းမွန်သော အကျိုးအမြတ်များကို ခံစားရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပြည့်ဝသည့် နိုင်ငံတစ်ခုအဖြစ် စဉ်းစားသတ်မှတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ AALCO ၏ Agenda တွင် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အထွေထွေညီလာခံတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် International Law Commission (ILC) မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာကုန်သွယ်မှုဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပြဿနာများနှင့်စပ်လျဉ်း၍ အထွေထွေညီလာခံ၌ တက်ရောက်လျက်ရှိသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ရတနာဂိတ်ဝင်ပေါက် ဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၆**

ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ (ရန်ကုန်) ရတနာဂိတ်ဝင်ပေါက်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ (ရန်ကုန်) ရတနာဂိတ်ဝင်ပေါက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်တို့သည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်) အတွင်း ဆိပ်ခံဇေတံတား တည်ဆောက် ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆိပ်ခံဇေတံတားကို တာဝန်ယူ တည်ဆောက်သည့် Regal Strength Co.,Ltd ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။ ယင်းနောက်ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ရှင်းလင်းတင်ပြမှုများ အပေါ် ဆိပ်ခံဇေတံတား တည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်သွားရန်နှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုများ၊ တိုင်းရင်းသားဒေသများကို အခြေခံ တည်ဆောက်ဖွင့်လှစ်ထားသည့်အတွက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်နိုင်ရေးအတွက် အချိန်မီပြီးစီးအောင် တည်ဆောက်သွားရန် မှာကြားသည်။

ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ (ရန်ကုန်)တွင် ယခင်က ပင်မဂိတ်ဝင်ပေါက် တစ်ခုသာ ဖွင့်လှစ်သည့်အတွက် အများပြည်သူ အားလပ်ရက်များနှင့် တိုင်းရင်းသားရိုးရာ ပွဲလမ်းသဘင်များ ကျင်းပသည့်နေ့ရက်များတွင် လာရောက်လည်ပတ်ရာ၌ လမ်းခရီး ကြန့်ကြာမှုများ ကြုံတွေ့ရလျက်ရှိသည်။ ယခုအခါ ရတနာဂိတ်ဝင်ပေါက် ဖွင့်လှစ်ခြင်းအားဖြင့် အပန်းဖြေလာရောက်မည့်ပြည်သူများ လွယ်လင့်တကူ ပိုမိုဝင်ရောက်လာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# မိုးနဲမြို့နယ်၌ တစ်နိုင်တစ်ပိုင် မြေပဲစိုက်ခင်းများ စတင်နုတ်သိမ်း

**မိုးနဲ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ မိုးရာသီ မြေပဲစိုက်ခင်းများကို ဝမ်ဟေကျေးရွာအုပ်စု ခိုတိပိုးကျေးရွာနေ ဒေါ်ပါညွန့်၏ ယာခင်းတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယနေ့တွင် စတင်နုတ်သိမ်းနေပြီဖြစ်ကြောင်းသိရသည်။

မိုးရာသီ မြေပဲစိုက်ပျိုးရာတွင် မြေဆီလွှာကောင်းမွန်ခြင်း၊ မိုးရေလုံလောက်စွာရရှိခြင်း၊ အပူချိန် လုံလောက်စွာရရှိခြင်းနှင့် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေး၊ အပွင့်အားတိုးဆေးများကို သတ်မှတ်ရက်များတွင် စနစ်တကျ အသုံးပြုစိုက်ပျိုးထားခဲ့ပြီး ယခုတွင် စတင်နုတ်သိမ်းနေပြီဖြစ်ကြောင်း၊ မြေပဲသီးနှံအပြင် အစေ့ထုတ်ပြောင်း၊ မုန်ညင်းစိမ်း၊ ပဲပုပ်တို့ကိုလည်း စိုက်ပျိုးထားကြောင်း၊ မိုးနဲမြို့နယ်တွင် မြေပဲဆီ ၁ ပိဿာ ငွေကျပ် ၁၄၀၀၀ ဖြင့် ဝယ်ယူစားသုံးနေရသဖြင့် မိသားစု ဆီဖူလုံရေးအတွက် ကိုယ်တိုင် ဆီကြိတ်၍ အသုံးပြုသွားမည်ဖြစ်ပြီး ပိုလျှံမှုရှိပါက မိသားစုအပိုဝင်ငွေရရှိရေး ရောင်းချသွားမည်ဖြစ်ကြောင်း ဒေါ်ပါညွန့်၏ ပြောကြားချက်အရသိရသည်။**မျိုးညွန့်ရွှေ (မိုးနဲ)**



# ဗိုလ်တထောင်စေတီတော် ဆံတော်တိုက်ပတ်လည် Polycarbonate တပ်ဆင်လှူဒါန်းမှု လွှဲပြောင်းအပ်နှံခြင်း၊ ၂၀၂၂ ခုနှစ် တရုတ်-မြန်မာချစ်ကြည်ရေး ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားများကျင်းပ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီရွေးချယ်ရေးကော်မရှင်အဖွဲ့နှင့် တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၆**

ဆံတော်တိုက်အဝင်အထွက် လုံခြုံရေးမှန်တပ်ဆင်ခြင်းနှင့် ဆံတော်တိုက်ပတ်လည်ရွှေချထားသည့်နံရံများ၌ Polycarbonate တပ်ဆင်လှူဒါန်း လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆာဦးသွင်တန်ဆောင်း၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆံတော်တိုက်ပတ်လည် Polycarbonate တပ်ဆင်လှူဒါန်း လွှဲပြောင်းအပ်နှံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ဗုဒ္ဓဘာသာကူးလူးဖလှယ်မှု**

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Chen Hai က လှူဒါန်းမှုနှင့်ပတ်သက်၍ တရုတ်-မြန်မာနှစ်နိုင်ငံ ကြာရှည်လှသည့် ဗုဒ္ဓဘာသာကူးလူးဖလှယ်မှုသည် နှစ်နိုင်ငံပထဝီတည်နေရာနီးစပ်ပြီး ပြည်သူများရင်းနှီးချစ်ကြည်၍ ယဉ်ကျေးမှုတူညီသော အစိတ်အပိုင်းတစ်ခုဖြစ်လာကာ တရုတ်-မြန်မာခေတ်အဆက်ဆက်ချစ်ကြည်ရင်းနှီးသည့်အနှစ်သာရ ဂုဏ်ရောင်ကိုတိုးပွားစေကြောင်း၊ ဆံတော်တိုက်တွင် လုံခြုံရေးမှန်များတပ်ဆင်ခြင်းဖြင့် နှစ်နိုင်ငံဗုဒ္ဓရေစက် ဓမ္မသံယောဇဉ်ကို အမွေဆက်ခံပြန့်ပွားအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရုတ်-မြန်မာ အသိုက်အဝန်းတည်ဆောက်ရေးအတွက် ကြီးမားသောအကျိုးထမ်းဆောင်မှုအသစ်များ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တရုတ်သံရုံး၏ ပါဝင်လှူဒါန်းမှုများနှင့်အတူ ရွှေသံလွင်ကုမ္ပဏီလီမိတက်က စေတီတော်ဂေါပကအဖွဲ့နှင့် ညှိနှိုင်းပူးပေါင်းကုသိုလ်ယူ ဆောင်ရွက်ပေးခဲ့ကြသဖြင့် လုပ်ငန်းများသတ်မှတ်ချိန်အတွင်း ပြီးစီးခဲ့ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုဆိုင်ရာများ ထွန်းကားပြန့်ပွားစေရေး ဆောင်ရွက်ကြရင်း ရေးယခင်ကတည်းကရှိခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်တည်တံ့ခိုင်ခံ့အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပေကျင်း Ling Guang Si ဘုရားကျောင်းဆရာတော် Chi Chang Cang က တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အခွန့်ရှည်ရေး ဆုတောင်းစကားပြောကြားသည်။

ထို့နောက် လုပ်ငန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Ling Guang Si ကျောင်းတိုက်ဆရာတော်ကြီး၏ ကိုယ်စား Mr. LIU YUANLIANG၊ ရွှေသံလွင်ဆောက်လုပ်ရေးကုမ္ပဏီ Managing Director ဒေါ်စန္ဒာဝင်းနှင့် ဗိုလ်တထောင်စေတီတော် အလှည့်ကျသဘာပတိ ဦးအောင်ကိုဇော်တို့က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့၏ရှေ့မှောက်၌ လက်မှတ်ရေးထိုးလွှဲပြောင်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လုံခြုံရေးမှန်တံခါးကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပြီး ဆံတော်တိုက်ကို ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူးကြီး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့်အတူ တောင်ဒဂုံမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည့် ၂၀၂၂ ခုနှစ် တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စီမံခန့်ခွဲမှုအောက်ရှိ ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များနှင့် အနုပညာအထက်တန်းကျောင်းများတွင် ပညာဆည်းပူးနေကြသော ထူးချွန်ကျောင်းသား ကျောင်းသူ ၅၅ ဦးကို ပညာရည်ချွန်ဆုချီးမြှင့်သည့် အခမ်းအနားဖြစ်ကြောင်း၊ ယနေ့ ပညာရည်ချွန်ဆုချီးမြှင့်မှုသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် အနုပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်နေသည့် ထူးချွန်လူငယ်များ မွေးထုတ်ပေးမှုကို ထောက်ပံ့အားပေးမှုဖြစ်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ရှိရင်းစွဲခင်မင်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

**"တရုတ်-မြန်မာ ချစ်ကြည်ရေးပညာသင်ဆု"**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယခုပညာသင်ဆုပေးပွဲအခမ်းအနားသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မြန်မာနိုင်ငံမှ ယဉ်ကျေးမှုနှင့် အနုပညာဘာသာရပ် အထူးပြု ကျောင်းသား ကျောင်းသူများကို ပထမဆုံးအကြိမ် "တရုတ်-မြန်မာ ချစ်ကြည်ရေးပညာသင်ဆု" အထူးပေးအပ်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ယဉ်ကျေးမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးနှင့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အမွေဆက်ခံရေးအတွက် အရေးပါသည့်ခွန်အားများ ဖြစ်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံအတူတကွ ကြိုးပမ်းဆောင်ရွက်မှုဖြင့် အေးအတူပူအမျှအသိုက်အဝန်း အတူတည်ဆောက်ရေးလမ်းကြောင်းသည် ပိုမိုကျယ်ပြန့်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်-မြန်မာချစ်ကြည်ရေး ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ယဉ်ကျေးမှုသံမှူးကြီးတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီ ရွေးချယ်ရေးကော်မရှင်အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီ ရွေးချယ်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၆**

ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်း (၂/၂၀၂၂) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။




**နှစ်စဉ်ကျင်းပပေးလျက်ရှိ**

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှု၊ ရိုးရာယဉ်ကျေးမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု သင်္ကေတများကို ဖော်ညွှန်းနိုင်စေရန်အတွက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း၊ ၎င်းမှ မျိုးဆက်သစ် လူငယ်ဓာတ်ပုံပညာရှင်များ နှစ်စဉ်ပေါ်ထွက်လာသဖြင့် အကျိုးရှိသည့်ဓာတ်ပုံပြိုင်ပွဲတစ်ခုဖြစ်သကဲ့သို့ ဖန်တီးရိုက်ကူးပုံဖော်ထားသည့် ပြိုင်ပွဲဝင်ဓာတ်ပုံများမှတစ်ဆင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှုနှင့် လွတ်လပ်ရေးကို လေးစားတန်ဖိုးထားသည့်စိတ်ဓာတ်များ ဖြစ်ပေါ်စေကြောင်း။

ဓာတ်ပုံပညာကို အခြေခံရိုက်ကူးနိုင်သည့်အဆင့်မှ ကျွမ်းကျင်သည့်အဆင့်အထိ ရိုက်ကူးတည်းဖြတ်နိုင်စေရန်နှင့် အရည်အသွေးမြင့်ဓာတ်ပုံများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် မှတ်တမ်းဓာတ်ပုံများကို ရိုက်ကူး တည်းဖြတ်နိုင်စေရန် ရည်ရွယ်၍ ဓာတ်ပုံရိုက်ကူးတည်းဖြတ်ခြင်း သင်တန်းကို ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း၊ ဓာတ်ပုံရိုက်ကူးနည်း ဘာသာရပ်ပို့ချမှုများကို အလေးထားလိုက်နာသင်ယူပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ပြန်လည်အသုံးချနိုင်သည်အထိ ကြိုးစားသင်ယူစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့သည့် သင်တန်းအတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်သည်။

**စာပေဗိမာန်သို့ရောက်ရှိ**

ယင်းနောက် ဒုတိယဝန်ကြီးသည် စာပေဗိမာန်သို့ရောက်ရှိပြီး စာတည်းများနှင့် တွေ့ဆုံ၍ စာအုပ်စာစောင်ပါ အချက်အလက်များ အနှစ်သာရရှိရှိ ထုတ်ဝေနိုင်ရေးနှင့် သဒ္ဒါ၊ သတ်ပုံနှင့် အရေးအသားများ အမှားအယွင်းမရှိအောင် ဂရုစိုက်ရေးသားတည်းဖြတ်ကြရန် မှာကြားသည်။

ဆက်လက်၍ စာပေဗိမာန်စာကြည့်တိုက်သို့ ဝင်ရောက်ကြည့်ရှုပြီး စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ စာအုပ်များ မပျက်စီး၊ မပျောက်ဆုံးအောင် ဂရုစိုက်ရေး၊ စာအုပ်ငှားသူများက ပြန်မအပ်သည့် စာအုပ်များကို ဆက်သွယ်ရှာဖွေ၍ ပြန်အပ်ကြစေရန် တိုက်တွန်းတောင်းခံရေး၊ စာဖတ်စာအုပ်ငှားလာသူများ၏ လိုအပ်ချက်၊ အကြံပြုချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ထို့နောက် စာပေဗိမာန်စာအုပ်အရောင်းဆိုင်ကို လှည့်လည်ကြည့်ရှုပြီး စာအုပ်လာရောက်လေ့လာဝယ်ယူသူများ စိတ်ကျေနပ်အောင် ဝန်ဆောင်မှုပေးရန်နှင့် ငွေကြေး၊ စာအုပ်စာစောင် စာရင်းများ ကွာဟမှုမရှိရေးကို တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# နှစ်ပေါင်းအစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲလာခဲ့တဲ့ မိတ်ဆွေညီအစ်ကိုဆက်ဆံရေး

မောင်ငြိမ်းအေး

နိုင်ငံတစ်နိုင်ငံဟာ ကောင်းမွန်တဲ့ အခြေခံအဆောက်အအုံတွေနဲ့ အရည်အချင်းပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအများစုဟာ လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို တတ်နိုင်သမျှပြည့်စုံအောင် တည်ဆောက်ကြပြီး လူသားအရင်းအမြစ်တွေကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပါတယ်။ နိုင်ငံကို ပြန်လည်ထူထောင်တည်ဆောက်ကြရာမှာ တတ်နိုင်တဲ့ နိုင်ငံတွေက ရှိတဲ့ပြည်တွင်းအင်အားနဲ့ နိုင်ငံကို တည်ဆောက်ကြပြီး မတတ်နိုင်တဲ့နိုင်ငံတွေက ပြည်ပမိတ်ဆွေအကူအညီတွေ ရယူတည်ဆောက်ကြပါတယ်။

### ရှည်လျားတဲ့ဆက်ဆံရေး

လက်ရှိကာလမှာ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ရဲ့ နှစ်နိုင်ငံဆက်ဆံရေးဟာ အထူးပြောစရာမလိုဘဲ ပကတိအခြေအနေမှန်ကို အားလုံးအကဲခတ်နိုင်ကြမှာဖြစ်ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးဟာ အထူးကောင်းမွန်နေတဲ့ အနေအထားဖြစ်ပါတယ်။ လိုအပ်နေချိန်မှာ အကူအညီပေးတဲ့ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းပီသလို့ မိတ်ဆွေညီအစ်ကိုဆက်ဆံရေးလို့ ပြောရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ် မလိုတဲ့သူတွေ၊ အမျိုးသားသစ္စာဖောက်တွေနဲ့ ပြည်ပလက်ဝေခံတွေကတော့ မနာလိုမရှုဆိတ်ဖြစ်ကြပြီး အပျက်သဘောနဲ့ ပြောဆိုနေကြတာတွေကို ကြားသိကြရမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနဲ့ ရုရှားဆက်ဆံရေးဟာ အခုမှစတင်ခဲ့တာမဟုတ်ဘဲ ကောင်းမွန်ပြီးရှည်လျားတဲ့ ဆက်ဆံရေးသမိုင်းကြောင်းရှိခဲ့တာကို လေ့လာကြည့်ရင် သိနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရရှိပြီး တစ်လကျော်ကြာတဲ့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ ယခုရုရှားဖက်ဒရေးရှင်းနိုင်ငံ(ယခင် ဆိုဗီယက်ပြည်ထောင်စု) နဲ့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရတော့ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးခဲ့တဲ့အခြေအနေတွေနဲ့ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုတွေကြောင့် ပျက်စီးနေတဲ့တိုင်းပြည်ကို ပြန်လည်ထူထောင်ဖို့ ကြိုးပမ်းအားထုတ်ရာမှာ ဓနအင်အားနဲ့ လူသားအရင်းအမြစ်အလုံအလောက်မရှိလို့ မိတ်ဆွေနိုင်ငံတွေရဲ့ အကူအညီတွေနဲ့ ပြန်လည်ထူထောင်ရေးတွေ၊ တည်ဆောက်ရေးတွေကို ပြုလုပ်ခဲ့ရပါတယ်။



မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးသော ရုရှား(ယခင်ဆိုဗီယက်)ခေါင်းဆောင် ခရူးရှက်။

### နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နိုင်ငံကို ပြန်လည်တည်ဆောက်နေတဲ့ကာလ ၁၉၅၅ ခုနှစ် အောက်တိုဘာလမှာ မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုဟာ ဆိုဗီယက်ပြည်ထောင်စုကို ချစ်ကြည်ရေးခရီး ပထမဆုံးသွားရောက်ခဲ့ပါတယ်။ အပြန်အလှန်အားဖြင့် ဆိုဗီယက်ပြည်ထောင်စုရဲ့ ခေါင်းဆောင်နှစ်ဦးဖြစ်တဲ့ နီကီတာခရူးရှက်နဲ့ နီကိုလိုင်း ဘူဂါနင်တို့ဟာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခဲ့ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ နီကီတာခရူးရှက်ခေါင်းဆောင်တဲ့အဖွဲ့ဟာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး ဒုတိယအကြိမ်လာရောက်လည်ပတ်ခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင် ခရူးရှက်ရဲ့ ဒုတိယအကြိမ် မြန်မာနိုင်ငံခရီးစဉ်မတိုင်မီမှာ နှစ်နိုင်ငံအကြား သဘောတူညီချက်တစ်ခုကိုရရှိခဲ့ပြီး နှစ်နိုင်ငံအကျိုးရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဖြစ်ထွန်းစေခဲ့ပါတယ်။

အမှန်တကယ်တော့ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံဆက်ဆံရေးဟာ ရှေးမြန်မာဘုရင်တွေ လက်ထက်ကတည်းက အစပျိုးလာခဲ့ပါတယ်။ သမိုင်းသက်သေအထောက်အထားတွေအရဆိုရင် ၁၈၇၃ ခုနှစ်ကတည်းက မြန်မာခေါင်းဆောင်တွေဟာ ရုရှား (ယခင်ဆိုဗီယက်ပြည်ထောင်စု) အင်ပါယာနဲ့ ဆက်သွယ်ဖို့ ပထမဦးဆုံးခြေလှမ်းအစပြုခဲ့တယ်။ အဲဒီအချိန်တုန်းက ရုရှားလူမျိုးခရီးသွားတစ်ဦးက တစ်ဆင့် သံတမန်ဆက်ဆံရေးထူထောင်ဖို့ ဆန္ဒရှိတယ်ဆိုတဲ့ စာချွန်လွှာတစ်စောင်ကို စိန့်ပီတာစဘတ်မြို့ကို ပေးပို့ခဲ့တယ်လို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးက ထုတ်ဝေခဲ့တဲ့ နှစ် (၇၀) ပြည့် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးအကြောင်း ရေးသားထားတဲ့စာအုပ်မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်သွားတဲ့အချိန်မှာ မြန်မာနဲ့ ရုရှား အဆက်အသွယ်ပြတ်သွားပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နိုင်ငံကို ပြန်လည်တည်ဆောက်နေတဲ့ကာလ ၁၉၅၅ ခုနှစ် အောက်တိုဘာလမှာ မြန်မာနိုင်ငံဝန်ကြီးချုပ်ဦးနုဟာ ဆိုဗီယက်ပြည်ထောင်စုကို ချစ်ကြည်ရေးခရီးပထမဆုံးသွားရောက်ခဲ့ပါတယ်။ အပြန်အလှန်အားဖြင့် ဆိုဗီယက်ပြည်ထောင်စုရဲ့ ခေါင်းဆောင်နှစ်ဦးဖြစ်တဲ့ နီကီတာခရူးရှက်နဲ့ နီကိုလိုင်းဘူဂါနင်တို့ဟာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ နီကီတာခရူးရှက်ခေါင်းဆောင်တဲ့အဖွဲ့ဟာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး ဒုတိယအကြိမ်လာရောက်လည်ပတ်ခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင် ခရူးရှက်ရဲ့ ဒုတိယအကြိမ် မြန်မာနိုင်ငံခရီးစဉ်မတိုင်မီမှာ နှစ်နိုင်ငံအကြား သဘောတူညီချက်တစ်ခုကိုရရှိခဲ့ပြီး နှစ်နိုင်ငံအကျိုးရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဖြစ်ထွန်းစေခဲ့

### အခြေခံအဆောက်အအုံတွေ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ မြန်မာ-ရုရှားသံတမန်ဆက်သွယ်ရေးကို စတင်တည်ဆောက်ခဲ့ပါတယ်။ အဲဒီအချိန်ကာလဟာ မြန်မာနိုင်ငံဟာ ဒုတိယကမ္ဘာစစ်ကြောင့် ပျက်စီးခဲ့တဲ့တိုင်းပြည်ကို ပြန်လည်ထူထောင်နိုင်အောင် ပြုလုပ်နေရပြီး ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုတွေကိုလည်း ရှင်းလင်းနေရတဲ့ အချိန်ဖြစ်ပါတယ်။ ယိုယွင်းခဲ့တဲ့တိုင်းပြည်ကို ပြန်လည်ထူထောင်ရာမှာ တိုင်းပြည်ဓနအင်အားရှားပါးနေတဲ့အချိန်ဖြစ်လို့ နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအဆောက်အအုံတွေနဲ့ လူသားအရင်းအမြစ်တွေ လိုအပ်နေချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ မြန်မာနိုင်ငံက ရုရှားနိုင်ငံကို ဆန်တင်ပို့ပေးခဲ့ပြီး ရုရှားနိုင်ငံက မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေကို တည်ဆောက်ပေးခဲ့ပါတယ်။ ထင်ရှားတဲ့ နမူနာအနေနဲ့ကြည့်မယ်ဆိုရင် ၁၉၅၇ ခုနှစ် ဇန်နဝါရီလမှာ ရုရှား(ယခင်ဆိုဗီယက်) နဲ့ မြန်မာနိုင်ငံအကြား စက်မှုတက္ကသိုလ်၊ အင်းယားလိတ်ဟိုတယ်၊ တောင်ကြီးပြည်သူ့ဆေးရုံကြီးတို့ကို ဆောက်လုပ်ပေးဖို့ သဘောတူညီခဲ့ကြပါတယ်။

၁၉၆၁ ခုနှစ်မှာ အဆိုပါအဆောက်အအုံတွေကို စတင်တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့မှာ ပထမဆုံးတည်ဆောက်ခဲ့တဲ့ အင်းယားလိတ်ဟိုတယ်ကြီးနဲ့ အာအိုင်တီလို့ခေါ်တဲ့ စက်မှုတက္ကသိုလ်ကြီးကို ယနေ့ထက်တိုင် တွေ့မြင်နိုင်ပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ စက်မှုတက္ကသိုလ်ကနေ မွေးထုတ်ပေးခဲ့တဲ့ လူသားအရင်းအမြစ်တွေဟာ ရာစုနှစ်အဆက်ဆက်မှာ တိုင်းပြည်အတွက် အားထားရတဲ့၊ တိုင်းပြည်တည်ဆောက်ရေးအတွက် ထိရောက်စွာအလုပ်အကျွေးပြုနိုင်ခဲ့ကြတာကို သမိုင်းကြောင်းမှာ အထင်အရှားတွေ့နိုင်ပါတယ်။

အာအိုင်တီက ပေါ်ထွန်းလာတဲ့ ဗိသုကာပညာရှင်တွေ၊ အင်ဂျင်နီယာတွေဟာ နိုင်ငံအတွက် မည်မျှစွမ်းဆောင်နိုင်ခဲ့ကြတာကို အားလုံးသိရှိကြပါတယ်။ ဒါဟာ အာအိုင်တီလို့ခေါ်တဲ့ စက်မှုတက္ကသိုလ်ကြီးကို ရုရှားနိုင်ငံရဲ့ အကူအညီနဲ့ တည်ဆောက်ပေးနိုင်တဲ့ အကျိုးကျေးဇူးဖြစ်ပါတယ်။ ကြက်မောက်တောင်ဆည်ကြီးကိုလည်း (ယခင်ဆိုဗီယက်) ရုရှားနိုင်ငံအကူအညီနဲ့ တည်ဆောက်ခဲ့ပါတယ်။ အလားတူနှစ်နိုင်ငံ ယဉ်ကျေးမှုနဲ့ အားကစားကဏ္ဍတွေမှာလည်း ထူးထူးခြားခြား ပူးပေါင်းဆောင်ရွက်မှုတွေရှိခဲ့ပါတယ်။

### ရိုးရှင်းစွာထိတွေ့ဆက်ဆံ

ဒါပေမဲ့ ၁၉၉၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားပြီးတဲ့အခါ ရုရှား-မြန်မာဆက်ဆံရေးဟာ မှေးမှိန်သွားခဲ့ပါတယ်။ ထို့နောက် ရုရှား-မြန်မာဆက်ဆံရေးကို ပြန်လည်ထူထောင်လာပြီး မျက်မှောက်ကာလမှာ နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ ရုရှားနဲ့မြန်မာ နှစ်နိုင်ငံဆက်ဆံရေးဟာ အနှောင်အဖွဲ့ကင်းပြီး ရိုးရှင်းစွာနဲ့ဆက်ဆံခဲ့ကြတာကို နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက်နဲ့ မျက်မှောက်ကာလထိတိုင်တွေ့မြင်နိုင်ပါတယ်။ မိတ်ကောင်း၊ ဆွေကောင်းအဖြစ် ထိတွေ့ဆက်ဆံလျက်ရှိပြီး မည်သည့်နိုင်ငံရေးဝါဒမျှ လွှမ်းမိုးစွက်ဖက်မှုမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပြည်သူတွေအကျိုးစီးပွားဖြစ်ထွန်းစေဖို့၊ နှစ်နိုင်ငံ ပြည်သူတွေ ရင်းနှီးချစ်ကြည်စေဖို့ ရိုးရှင်းစွာထိတွေ့ဆက်ဆံခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ✮



၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံဝန်ကြီးချုပ်နှင့် ရုရှားနိုင်ငံ(ယခင်ဆိုဗီယက်)ခေါင်းဆောင်တို့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအတွက် လက်မှတ်ရေးထိုးစဉ်။

# ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုရစာရင်းများ ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၆**

### ဆောင်းပါးပြိုင်ပွဲဆုရစာရင်း

**အဆင့်မြင့်ပညာအဆင့် ဆရာ/ဆရာမများ**

**ခေါင်းစဉ် - "ပညာရေးတိုးတက်ဖို့ ဆရာအရည်အသွေးမြှင့်တင်စို့"**

ပထမ - ဒေါ်မိုးမိုးခိုင်၊ ကထိက(မြန်မာစာဌာန)၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

ဒုတိယ - ဒေါ်သိမ့်သိမ့်သဲ၊ သရုပ်ပြ(သတ္တဗေဒဌာန)၊ ပုသိမ်တက္ကသိုလ်၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ - ဒေါ်မေနှင်းထွန်း၊ နည်းပြ(မြန်မာဘာသာဌာန)၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး

**အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးနှင့်အထက် အရာထမ်းများအဆင့်**

**ခေါင်းစဉ် - "ပညာရေးတိုးတက်ဖို့ ဆရာအရည်အသွေးမြှင့်တင်စို့"**

ပထမ - ဒေါ်ချိုချိုလတ် (ချိုချိုသင်း)၊ အလယ်တန်းကျောင်းအုပ်၊ အထက(ခွဲ)ကသစ်ဝိုင်၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - ဦးညွန့်ဝင်း(ညွန့်ဝင်း-နတ်တလင်း)၊ အလယ်တန်းကျောင်းအုပ်၊ အထက(ခွဲ)ကျောက်ခွက်၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

တတိယ - ဦးဝင်းဌေး၊ ခရိုင်ပညာရေးမှူး၊ ဂန့်ဂေါခရိုင်၊ မကွေးတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းဆင့်သင် ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - "ပညာရေးတိုးတက်ဖို့ ဆရာအရည်အသွေးမြှင့်တင်စို့"**

ပထမ - ဒေါ်လွင်လွင်ဟန်၊ အထက်တန်းပြ၊ အမှတ်(၅)၊ အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - ဦးအေးထွန်း(တလဉာဏ်-ပညာရေး)၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း၊ အလှပ်၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်

တတိယ - ဒေါ်ခေါ်ဇာဗွန်(သဇင်)၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း၊ မလွန်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး

**အခြေခံပညာအလယ်တန်းဆင့်နှင့် မူလတန်းဆင့်သင် ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - "ပညာရေးတိုးတက်ဖို့ ဆရာအရည်အသွေးမြှင့်တင်စို့"**

ပထမ - ဦးပြည့်ဖြိုးဦး(မောင်သုတ-ဒေါနသား)၊ ဒုတိယမူလတန်းပြ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်

ဒုတိယ - ဒေါ်သန္တာဝင်း( မေမေသုတ -မုဒုံ )၊ ဒုတိယမူလတန်းပြ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

တတိယ - ဒေါ်အေးအေးနော်၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### စာစီစာကုံးပြိုင်ပွဲဆုရစာရင်း

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် - "ဥယျာဉ်မှူးပမာ မြတ်ဆရာ"**

ပထမ - မအေးနှင်းသီတာ ၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(၈/၂၀၂၂)၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မောင်ဇော်မျိုးသန့်၊ ပညာရေးဘွဲ့သင်တန်း ပထမနှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - မဌေးဌေးအောင်၊ လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(၈/၂၀၂၂)၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် - "အကျွန်ုပ့်ဆရာ"**

ပထမ - ဒေါ်နန်းဖူးသစ်သစ်လင်း၊ Grade-11၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်

ဒုတိယ - ဒေါ်ဆုမြတ်ဖြိုးမင်း၊ Grade-11၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

တတိယ - မအိပိုပိုအောင်၊ Grade-11၊ အခြေခံပညာအထက်တန်းကျောင်း၊ တပ်နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် - "အကျွန်ုပ့်ဆရာ"**

ပထမ - မစုစုစံ၊ Grade-9၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်တိုင်းဒေသကြီး

ဒုတိယ - မအက်စတာမင်း၊ Grade-9၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

တတိယ - မအိမ့်သီရိကျော်၊ Grade-7၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

### ကဗျာပြိုင်ပွဲဆုရစာရင်း

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် - "ဆရာထိုးတဲ့ခေါင်းလောင်းသံ"**

ပထမ - မောင်အောင်အောင်၊ ပညာရေးဘွဲ့သင်တန်း ပဥ္စမနှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ဒုတိယ - မအေးချမ်းဝေ၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (၈/၂၀၂၂)၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

တတိယ - မဆုမြတ်စန္ဒီလွင်၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဖန်းမော်တက္ကသိုလ်၊ ကချင်ပြည်နယ်

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် - "ဘဝလမ်းညွှန် ဆရာမွန်"**

ပထမ - မောင်ထက်ပိုင်ဦး၊ Grade-11၊ အခြေခံပညာအထက်တန်းကျောင်း၊ ငါးသိုင်းချောင်း၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မရွှန်းလဲ့ဦး၊ Grade-11၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ ဘားအံမြို့နယ်၊ မွန်ပြည်နယ်

တတိယ - မနန်းစုစုစံ၊ Grade-10၊ အခြေခံပညာအထက်တန်းကျောင်း၊ ညောင်ခါးရှည်၊ ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် - "ဘဝလမ်းညွှန် ဆရာမွန်"**

ပထမ - မောင်ကောင်းဆက်နိုင်၊ Grade-7၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

ဒုတိယ - မမြင့်မြတ်မွန်၊ Grade-9၊ အခြေခံပညာအထက်တန်းကျောင်း၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

တတိယ - မနန်းဝတ်ရည်ဇော်၊ Grade-7၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကျောက်ခွက်၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာလ ၃ ရက်(တနင်္လာနေ့) ညနေထက် နောက်မကျစေဘဲ နေပြည်တော်၊ စည်ပင်တည်းခိုရိပ်သာတွင် တည်းခိုနိုင်ရန်အတွက် ဦးစိုင်းထွန်းအောင်ကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန(ဖုန်း-၀၉ ၂၆၅ ၃၈၇ ၂၈၁) နေပြည်တော်နှင့် ဦးအောင်လှိုင်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန (ဖုန်း-၀၉ ၈၉၀ ၂၄၈ ၈၈၄) နေပြည်တော်ထံ လူကိုယ်တိုင်ရောက်ရှိ (မပျက်မကွက်) သတင်းပို့ကြရမည်ဖြစ်သည်။

**ပညာရေးဝန်ကြီးဌာန**

☆ စာမျက်နှာ ၆ မှ

ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်တွေ မွေးထုတ်ပေးနိုင်အောင် အစဉ်အဆက်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံက ထူးချွန်ကျောင်းသားကျောင်းသူတွေဟာ ရုရှားနိုင်ငံက နာမည်ကြီးတက္ကသိုလ်တွေမှာ တက်ရောက်ပညာသင်ကြားခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်မှာ နှစ်နိုင်ငံကျောင်းသားကျောင်းသူတွေ ပညာရေးအပြန်အလှန်ဖလှယ်တဲ့ အစီအစဉ်စတင်ခဲ့ပါတယ်။ မြန်မာကျောင်းသား ၁၂ ဦးဟာ မော်စကိုတက္ကသိုလ်မှာ ပညာဆည်းပူးခွင့်ရခဲ့ပြီး ရုရှားကျောင်းသား ခြောက်ဦးဟာ ရန်ကုန်တက္ကသိုလ်မှာ ယဉ်ကျေးမှုဆိုင်ရာတွေနဲ့ နည်းပညာသိပ္ပံပညာတွေကို လေ့လာဆည်းပူးခဲ့ပါတယ်။

**အပြန်အလှန်စိတ်ထားဆက်ဆံ**

ရုရှားနိုင်ငံရဲ့ အဆင့်မြင့်တက္ကသိုလ်တွေမှာ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကာလများကတည်းက မြန်မာအစိုးရက ရွေးချယ်စေလွှတ်ခဲ့တဲ့ မြန်မာကျောင်းသား ၆၀၀၀ ကျော်ဟာ မဟာဘွဲ့နဲ့ ပါရဂူဘွဲ့တွေရရှိခဲ့ပြီး လက်ရှိမှာလည်း ရာနဲ့ချီတဲ့ ကျောင်းသားကျောင်းသူတွေဟာ ပညာသင်ကြားလျက်ရှိပါတယ်။ မြန်မာ့တပ်မတော်မှ အရာရှိသင်တန်းသားပေါင်း ၇၀၀၀ ကျော်ဟာ ရုရှားနိုင်ငံတက္ကသိုလ်အသီးသီးမှာ အဆင့်မြင့်ပညာတွေကို အောင်မြင်စွာ သင်ယူဆည်းပူးနိုင်ခဲ့ပါတယ်။ ရုရှားနဲ့မြန်မာဟာ နှစ်နိုင်ငံရဲ့ စာပေယဉ်ကျေးမှုအပေါ် အထူးအလေးထား စိတ်ဝင်စားခဲ့ကြပါတယ်။ တစ်နိုင်ငံရဲ့ယဉ်ကျေးမှု၊ စာပေနဲ့ အနုပညာအပေါ် တစ်နိုင်ငံက စိတ်ဝင်တစားရှိပြီး မြန်မာဝတ္ထုတချို့ကို ရုရှားဘာသာနဲ့ ဖော်ပြတာတွေရှိသလို ရန်ကုန်မြို့ရဲ့ စာအုပ်အရောင်းဆိုင်တွေမှာလည်း ကမ္ဘာကျော်ရုရှားစာရေးဆရာတွေရဲ့ စာအုပ်တွေနဲ့ ရုရှားနိုင်ငံသမိုင်းကြောင်း ရေးသားထားတဲ့စာအုပ်တွေ၊ ခေတ်ပေါ်လူနေမှုဘဝအကြောင်း ရေးသားထားတဲ့ စာအုပ်တွေရှိပါတယ်။

မြန်မာနိုင်ငံဟာ ယဉ်ကျေးမှုအစဉ်အလာကြီးမားတဲ့နိုင်ငံဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုကိုသာမက ဘာသာစကားကိုလည်း နိုင်ငံအများက စိတ်ဝင်စားကြပါတယ်။ ရုရှားနိုင်ငံ မော်စကိုမြို့တော်မှာရှိတဲ့ နိုင်ငံတော်တက္ကသိုလ်လက်အောက်က အာရှ-အာဖရိကနိုင်ငံတွေရဲ့တက္ကသိုလ်တွေနဲ့ စိန့်ပီတာစဘတ်မြို့တော်က နိုင်ငံတော်တက္ကသိုလ်တွေမှာ မြန်မာဘာသာစကားကို လေ့လာသင်ယူနေသူတွေ ရှိကြပါတယ်။ အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံရဲ့ အဆင့်မြင့်တက္ကသိုလ်တွေဖြစ်တဲ့ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နဲ့ ပြင်ဦးလွင်စစ်တက္ကသိုလ်တွေမှာ ရုရှားဘာသာစကားကို သင်ယူနေကြတဲ့ မြန်မာကျောင်းသားတွေ ရာနဲ့ချီပြီး ရှိနေပါတယ်။

**မိတ်ဆွေစစ်၊ မိတ်ဆွေကောင်း**

မျက်မှောက်ကာလမှာ မြန်မာနိုင်ငံအပေါ် အနောက်အုပ်စုရဲ့ဖိအားပေးမှုကြောင့် နိုင်ငံတကာဆက်ဆံရေးမှာ စိန်ခေါ်မှုတွေကြုံတွေ့နေရချိန်မှာ စိန်ခေါ်မှုတွေကြားက မြန်မာနိုင်ငံနဲ့ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်လာတာဟာ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်၊ မိတ်ဆွေကောင်း ပီသတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းတဲ့ကာလမှာ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ဆက်သွယ်ပေါင်းစည်းလုပ်ကိုင်မှုတွေ ပြန်လည်ဆောင်ရွက်လာနိုင်တာကို တွေ့ရပြီဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဩဂုတ်လမှာ ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်မှုနဲ့စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှာ မြန်မာ-ရုရှား ကဏ္ဍအလိုက် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်တွေပါဝင်တဲ့ ဆွေးနွေးမှုအစီအစဉ်ကို ကျင်းပခဲ့ပါတယ်။ နှစ်နိုင်ငံဦးစားပေး ဆောင်ရွက်နိုင်မယ့် နယ်ပယ်တွေဖြစ်တဲ့ ဘဏ်နဲ့အာမခံလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးနဲ့ငါးလုပ်ငန်း၊ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍ၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ သတ္တုကဏ္ဍလုပ်ငန်းတွေနဲ့ပတ်သက်ပြီး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင် ၁၈၅ ဦးတို့က Virtual စနစ်နဲ့ ပါဝင်ဆွေးနွေးခဲ့ကြပါတယ်။

မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံဟာ နှစ်နိုင်ငံအရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးတွေမှာ နီးကပ်စွာဆောင်ရွက်နိုင်ခဲ့ပြီး အထူးသဖြင့် မြန်မာ့တပ်မတော်အနေနဲ့ ကမ္ဘာ့အလယ်မှာ အဆင့်အတန်းတစ်ခုအထိ ရပ်တည်နိုင်ခဲ့တာဟာ ရုရှားနိုင်ငံရဲ့ အကူအညီတွေ အထိုက်အလျောက်ပါဝင်ခဲ့တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ရုရှား - မြန်မာ နှစ်နိုင်ငံဆက်ဆံရေး သမိုင်းကြောင်းတစ်လျှောက်မှာ အခိုင်မာဆုံးနဲ့ အကောင်းဆုံးကာလကို ညွှန်းဆိုရမယ်ဆိုရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့တာဝန်ယူနေတဲ့ကာလလို့ ဆိုချင်ပါတယ်။

ဒီလိုခိုင်မာအားကောင်းလာရတာက မြန်မာ့တပ်မတော်ခေါင်းဆောင်အဆက်ဆက်ဟာ ခိုင်မာတဲ့မူဝါဒတွေ ချမှတ်နိုင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်အောင် ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့တာကြောင့်ဖြစ်ပါတယ်။

■

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမားများ၏ ကျန်ရစ်သူမိသားစုများအား လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး



ရန်ကုန် စက်တင်ဘာ ၂၆

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ဥပဒေအသစ် စတင် အကောင်အထည်ဖော်သည့် (၂၀၁၄-၂၀၁၅) ဘဏ္ဍာ နှစ်မှ ၈/၂၀၂၂လအထိ ကျန်းမာရေးနှင့် လူမှုရေး စောင့်ရှောက်မှု အာမခံစနစ်အရ အာမခံအလုပ်သမား ၁၆၄၈၁၇၅ ဦးအတွက် ငွေကျပ် ၇၇၄၆၆ ဒသမ ၂၃၉ သန်းကို ခွင့်ပြုထုတ်ပေးခဲ့ပြီး အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အရ အာမခံအလုပ်သမား ၆၃၈၁၉ ဦး အတွက် ငွေကျပ် ၆၉၇၇ ဒသမ ၉၆၃ သန်းကို ခွင့်ပြုနိုင်ခဲ့ပြီးဖြစ်ကြောင်း ယနေ့နံနက် ပိုင်းကကျင်းပသည့် အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမားများ၏ ကျန်ရစ်သူမိသားစုများအား လူမှုဖူလုံရေးဥပဒေနှင့် အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးသည့် အခမ်းအနားမှ သိရသည်။

အဆိုပါ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ချုပ် (UMFCCI) ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက အာမခံ အလုပ်သမား ဒေါ်စန်းယုမော်၏ ခင်ပွန်းဖြစ်သူကို ငွေကျပ် ၁၁၁၁၈၀၀၀၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အာမခံအလုပ်သမား ဒေါ်စန္ဒာခိုင်၏မိသားစုကို ငွေကျပ် ၁၀၈၇၁၅၅၀၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် က ဦးမျိုးကိုကို၏ ဖခင်ဖြစ်သူကို ငွေကျပ် ၁၀၄၇၃၁၀၀ အာမခံအလုပ်သမား စုစုပေါင်းအကျိုးခံစားခွင့် ငွေကျပ် ၃၂၄၆၂၆၅၀ ကို ၂၀၁၂ ခုနှစ်လူမှုဖူလုံရေးဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးခဲ့သည်။

ယင်းအကျိုးခံစားခွင့်ကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျိုးဝင် မှတ်ပုံတင်ထားသော Premier Coffee Lluvia Co.,Ltd. မှ အာမခံအလုပ်သမားများ ၂၀၂၂ ခုနှစ် ဩဂုတ် ၅ ရက်က လုပ်ငန်းခွင်သို့လာရောက်စဉ် အလုပ်သမား များ စီးနင်းလိုက်ပါလာသောဖယ်ရီအား မျက်နှာချင်း ဆိုင်မှ မောင်းနှင်လာသည့် ယာဉ်တစ်စီးက ဝင်ရောက် တိုက်ခဲ့ခြင်းကြောင့် အာမခံအလုပ်သမားသုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူမိသားစုများ ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ ကျန်းမာရေး နှင့်လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်နှင့် အလုပ် တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူမှု ဖူလုံရေးအဖွဲ့သို့ အလုပ်ရှင်၊ အလုပ်သမားထည့်ဝင် ကြေးအဖြစ် အလုပ်သမားလုပ်ခလစာ၏ ၅ ရာခိုင်နှုန်း ကို လစဉ်ထည့်ဝင်ကြေးပေးသွင်းခြင်းဖြင့် အာမခံ အလုပ်သမားများနှင့် မှီခိုသူမိသားစုများ လူမှုဒုက္ခ ကြုံတွေ့ရသည့်အခါ လူမှုဖူလုံရေးအဖွဲ့မှ ကျန်းမာ ရေးစောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့် အပါအဝင် အကျိုးခံစားခွင့် ၁၅ မျိုးကို ခွင့်ပြုထုတ် ပေးလျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော် မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉) ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်း နှင့်အညီ ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်နှင့် အလုပ်သမားအကြား အငြင်းပွားမှု ဖြစ်ပွားလာပါက ဥပဒေနှင့်အညီ စနစ်တကျ ဖြေရှင်း ဆောင်ရွက်ပေးမှုကို ခံယူရန်ဖြစ်ကြောင်းနှင့် အငြင်း ပွားမှုဖြေရှင်းရေးယန္တရားတွင် ပါဝင်သည့် သက်ဆိုင် ရာ ကိုယ်စားလှယ်များအနေဖြင့် အလုပ်ရှင်၊ အလုပ် သမားများ၏ ရပိုင်ခွင့်များကို ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျစွာ ဖြေရှင်းဆောင်ရွက်ရန် လိုအပ် ပြီး အဖွဲ့အစည်းစွဲမထားဘဲ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်၏ အကျိုးကိုရှေးရှု၍ ဖျန်ဖြေခြင်း၊ ဆုံးဖြတ် ခြင်းများ ဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်း ပြောကြားခဲ့သည်။

ဆက်လက်၍ အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့နှင့် အလုပ် ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အလုပ်သမား ရေးရာဆက်ဆံရေးဦးစီးဌာနမှညွှန်ကြားရေးမှူးတို့က ဦးစီးဌာနအလိုက် စည်းကြပ်သည့်ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရ သော စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များ ကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များအား အုပ်စုသုံးစုဖွဲ့၍ အုပ်စုလိုက် ဆွေးနွေးခြင်းများအပေါ် အပြန်အလှန်ဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဘဝရပ်တည်မှုရရှိအောင် လေ့ကျင့်ပေးလျက်ရှိ မိမိတို့ဘဝအတွက် အမှန်တကယ်အသုံးချနိုင်ရေး လေ့ကျင့်သင်ယူ



ရန်ကုန် စက်တင်ဘာ ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသ ကြီး ကော့မှူးမြို့နယ်ရှိ ငှက်အော် စမ်းလူငယ်သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကလေး များကို ကလေးသူငယ်အခွင့် အရေးများနှင့်အညီ ပြုပြင် ထိန်းကျောင်းပေးနေမှု၊ အာဟာရ ကျွေးမွေးမှု၊ ကျန်းမာရေး၊ လုံခြုံ ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု များနှင့်ပတ်သက်၍ တင်ပြချက် များအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် စားဖိုဆောင်အတွင်း ကျောင်းသားများ အတွက် ချက်ပြုတ်နေမှု၊ ကျောင်းစာကြည့် တိုက်တွင် ကျောင်းသားများ စာပေလေ့လာနေမှုများနှင့် အသက် မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းသား များနှင့်တွေ့ဆုံကာ မိမိတို့သင်တန်း ကျောင်းသည် ကလေးများကိုပြစ်မှု ကျူးလွန်ခဲ့သူများဟု မသတ်မှတ် ဘဲ ပြုပြင်ထိန်းကျောင်း လေ့ကျင့် သင်ကြားပေးနေသော ကျောင်း ဖြစ်ကြောင်း၊ စာပေနှင့် အသက် မွေးဝမ်းကျောင်း ပညာရပ်များကို ဘဝရပ်တည်မှုရရှိအောင် လေ့ကျင့် ပေးလျက်ရှိရာ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် တန်ဖိုးရှိသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်အောင် ရည်မှန်းပြီး ဆောင်ရွက် ပေးနေခြင်းဖြစ်ပါ၍ ကျောင်းသား များအနေဖြင့် မိမိတို့အခွင့်အရေး ကိုသိရှိရုံသာမက တာဝန်ယူမှုရှိရှိ ဖြင့် ပြုမူနေထိုင်ကြရန်လိုအပ် ကြောင်း၊ စည်းကမ်းတကျနေထိုင် ကြပြီး ဝါသနာပါရာ အားကစား နည်းအလိုက် ထူးချွန်အောင် လေ့ကျင့်ကြစေလိုကြောင်း တိုက် တွန်းမှာကြားသည်။

ဆက်လက်၍ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဌာန (တွံတေး) သို့ ရောက်ရှိကာ ကျောင်းအုပ်၊ဝန်ထမ်း များနှင့်တွေ့ဆုံပြီး အုပ်ချုပ်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ အပေါ် လိုအပ်သည်များ မှာကြား သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အဆောင်များသို့ ကြည့်ရှုစစ်ဆေး ကာ ကလေးများကို ကူးစက်ရောဂါ များမဖြစ်ပွားစေရေး အလေးထား ဆောင်ရွက်ကြရန်၊ သင်တန်း ကျောင်းသို့ ရောက်ရှိစဉ်ကာလ အတွင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီး ချစ်ခင်စွာ နေထိုင်ကြရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်း များနှင့်အညီ လိုက်နာဆောင်ရွက် ကြရန်၊ ကျောင်းမှသင်ကြားပေး လိုက်သော အသက်မွေး ဝမ်းကျောင်းပညာရပ်များကို မိမိ တို့ဘဝအတွက် အမှန်တကယ် အသုံးချနိုင်ရေး လေ့ကျင့်သင်ယူ ကြရန် တိုက်တွန်းပြောကြား သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း (ရန်ကုန်)သို့ ရောက်ရှိကာ သင်တန်းကျောင်း အဆောက်အအုံ ကို ကြည့်ရှုစစ်ဆေးပြီး ရေရှည် အကျိုးရှိစွာ အသုံးချနိုင်ရေး စီမံ ဆောင်ရွက်ကြရန် မှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယ ဝန်ကြီးသည် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံ ကျောင်းတွင် ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနသုံးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်း များအနေဖြင့် မိမိတို့၏ အရည် အချင်းများအား အမြဲတမ်း တိုးတက်နေအောင် ဆောင်ရွက် ကြရန်နှင့် လုပ်ငန်းကျွမ်းကျင် သော ဝန်ထမ်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းကျင့်ဝတ်များ စောင့်ထိန်း ကြရန်၊ ကျန်းမာရေးအသိ လုံခြုံ ရေးသတိဖြင့် လုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရှေးဦးအရွယ်ကလေး သူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက် အကူပြုဗဟိုဌာနတွင် လေ့ကျင့် သင်ကြားပေးနေမှုနှင့် ခေတ်နှင့် အညီ သင်ကြားပို့ချပေးနိုင်မှု၊ လက်တွေ့ လေ့လာသင်ယူရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားပြီး နောက် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတွင် ကလေးများ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနေမှုကို ကြည့်ရှု၍ မသန်စွမ်း ကလေးငယ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား သည်။

ဆက်လက်၍ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး သိုလှောင်ရုံနှင့် ဗဟိုသိုလှောင်ရုံများသို့သွားရောက် စစ်ဆေးခဲ့ပြီး သဘာဝဘေး အရေး ပေါ်အခြေအနေများ ပေါ်ပေါက် လာပါက အဆင်သင့်ဖြစ်စေရေး၊ အမြန်ဆုံး ဖြန့်ခွဲနိုင်ရေးအတွက် စနစ်တကျ သိုလှောင်ထားရှိရန်၊ ပစ္စည်းများ ရေရှည်ထိန်းသိမ်း နိုင်ရေးနှင့် ပျက်စီးဆုံးရှုံးမှု ကာကွယ်နိုင်ရေး ထားသိုမှု၊ စာရင်း သွင်းမှုများ ဆောင်ရွက်ထားကြ ရန်၊ မီးဘေးအန္တရာယ် မကျရောက် စေရေး ကြိုတင်ဆောင်ရွက်ထား ရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ၏ အနီးကပ်ကြီးကြပ်မှုဖြင့် လုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အမျိုးသမီးကလေး များ သင်တန်းကျောင်း ထောက်ကြန့်တွင် တာဝန်ရှိသူများ နှင့် ကာကွယ်စောင့်ရှောက်ထား သော အမျိုးသမီးကလေးများကို တွေ့ဆုံ၍ ကလေးသူငယ် အခွင့် အရေး လေးရပ်ကို အပြည့်အဝ ဖြည့်ဆည်းပေးရန်နှင့် စောင့်ရှောက် ခံ ကလေးများအနေဖြင့် ကိုယ့် ဘဝကိုယ် ရပ်တည်နိုင်အောင် အသက်မွေးဝမ်းကျောင်း ပညာ ရပ်များ လေ့လာသင်ယူကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ယခင်အပတ်နှင့် ယခုအပတ် ကမ္ဘာ့ရွှေဈေးနှုန်း၊ ရည်ညွှန်းဈေးနှုန်းနှင့် လက်ရှိပေါက်ဈေးနှိုင်းယှဉ်ချက်

ရန်ကုန် စက်တင်ဘာ ၂၆

စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၀ ဖြစ်ပြီး လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၇၈၀၀၀၀ ဈေးပေါက်ကာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးမှာ ငွေကျပ် ၁၉၃၄၀၀၀ ဖြစ်သည်။ ယခင်အပတ် ၁၉-၉-၂၀၂၂ ရက်တွင် ကမ္ဘာ့ရွှေဈေးအနေဖြင့် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၆၉ ရှိခဲ့ပြီး ဈေးကွက် ရွှေတစ်ကျပ်သားပေါက်ဈေးမှာ ငွေကျပ် ၂၈၈၀၀၀၀ ဖြစ်ကာ ရွှေအသင်း၏ ရည်ညွှန်းဈေးမှာ ငွေကျပ် ၁၉၆၃၀၀၀ ဖြစ်သည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ယခင်အပတ်ထက် ၂၉ ဒေါ်လာလျော့နည်းခဲ့ပြီး ပြည်တွင်း၌ ရွှေတစ်ကျပ်သားမှာ ယခင်အပတ် ဈေးကွက်ပေါက်ဈေးထက် ငွေကျပ် ၁၀၀၀၀၀ လျော့နည်းခဲ့ကာ ရည်ညွှန်းဈေးမှာလည်း ယခင်အပတ်ထက် ငွေကျပ် ၂၉၀၀၀ ကျပ် လျော့နည်းခဲ့ကြောင်း တွေ့ရှိရသည်။ DOCA(ရန်ကုန်)

## ကူမင်းမြို့၌ (၆) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန်ပြပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၇ ရက်အတွင်း Hybrid Format (Online + Offline)ဖြင့် ကျင်းပမည့် (၆)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲများကို တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်နှင့် တောင်အာရှနိုင်ငံများ၏ ကုန်သွယ်ရေး အာဏာပိုင်များက ပူးပေါင်းကျင်းပမည်ဖြစ်သည်။ အွန်လိုင်းပွဲကို www.csa-expo.com မှ တစ်ဆင့် တစ်ပြိုင်နက် ကျင်းပမည်ဖြစ်ပြီး ဖိုရမ်များလည်း ပါဝင်မည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ၀၆၇-၃၄၀၈၆၀၈ နှင့် ၀၆၇-၃၄၀၈၆၂၂ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



## ပြည်တွင်းစက်သုံးဆီဖူလုံစေရေးအတွက် စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၆

စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်သုံးဆီတင်သွင်းမှု အခြေအနေမှာ စက်တင်ဘာ ၂၅ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး သီလဝါ ဆိပ်ကမ်းရှိ Terminal များတွင် MT Yu Yi သင်္ဘောသည် ရိုးရိုးဒီဇယ်ဆီ HSD ၁ ဒသမ ၈၆ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ PHSD ၂ ဒသမ ၁၇ ဂါလန်သန်း စုစုပေါင်းဒီဇယ်ဆီ ၄ ဒသမ ၀၃ ဂါလန်သန်းနှင့် MT Harmony One သင်္ဘောသည် ဓာတ်ဆီ 92 Ron ၂ ဒသမ ၁၃ ဂါလန်သန်း ဆီချလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

စက်သုံးဆီဖြန့်ဖြူးပေးရာတွင် မန္တလေးမြို့မှ ရွှေဘိုမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီဖြည့်တင်းမည့် ဆီတင်ယာဉ်များကို အကြမ်းဖက်အဖွဲ့အစည်းများက ယခင်ရက်သတ္တပတ်အတွင်း တားဆီးနှောင့်ယှက်မှုများရှိခဲ့သဖြင့် စက်သုံးဆီများ သက်ဆိုင်ရာစက်သုံးဆီအရောင်းဆိုင်များသို့ အချိန်မီမရောက်ရှိနိုင်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

သတင်းစဉ်

## ရခိုင်ပြည်နယ် စစ်တွေမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ပစ္စည်း တင်ပို့မှုပမာဏ မြင့်မားလာ

နေပြည်တော် စက်တင်ဘာ ၂၆

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုဖွံ့ဖြိုးလာသည်နှင့်အမျှ ရခိုင်ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ အထောက်အကူပြုလာနိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏသည်လည်း နှစ်စဉ်မြင့်မားလာခဲ့သည့်အပြင် စက်တင်ဘာ ပထမသုံးပတ်အတွင်း စစ်တွေမှ တစ်ဖက်နိုင်ငံ တက္ကနဖ်မြို့သို့ မြန်မာ့ရေထွက်ပစ္စည်း တင်ပို့မှုသည် ဩဂုတ်လတစ်လလုံး တင်ပို့ခဲ့သည့် ပမာဏထက် ပိုမိုခဲ့သည်။

### ဝယ်လိုအားမြင့်မားလာ

စက်တင်ဘာ ၁ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ငါးမြစ်ချင်း၊ ငါးစုံ လေးခြောက်၊ ငါးနီတူခြောက်နှင့်ငါးသိုင်းခေါင်းပွ စုစုပေါင်းတန်ချိန် ၉၈၆ တန် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၆ သန်း ဝန်းကျင်ရရှိခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာ့ရေထွက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို နယ်စပ်မှတစ်ဆင့် ပုံမှန်ဝယ်ယူတင်သွင်းလျက်ရှိရာ စက်တင်ဘာလပထမသုံးပတ်အတွင်း မြန်မာနိုင်ငံမှ အုန်းသီးခြောက်နှင့် တံမြက်စည်း(အကြမ်း) ဝယ်လိုအားသည် ဇူလိုင်လနှင့် ဩဂုတ်လ ဝယ်လိုအားများထက် ပိုမိုမြင့်မားလာခဲ့သည့်အပြင် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံမှ ဆန်ကြာဆံ၊ ရေထွက်ပစ္စည်းများ (ငါးမျိုးစုံ၊ ငါးခြောက်)၊ စစ်တုံဥနှင့် နနွင်းတက်များလည်း ဝယ်လိုအားမြင့်မားလာကြောင်း သိရသည်။

သတင်းစဉ်

## ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၆

ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတွင် စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ပို့ကုန်ပုစွန်ဖွဲ့ (တိရစ္ဆာန်အစာ) တန် ၁၀၀၊ တန်ဖိုး (သုည ဒသမ ၀၅၀) ဒေါ်လာသန်း တင်ပို့ခဲ့ပြီး ပို့ကုန်တင်ပို့ရာတွင် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ လိုင်စင်/ED ဖွင့်၍ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းကို ဖြတ်သန်း၍ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်ကြောင်း၊ သွင်းကုန်အနေဖြင့် ကျိုင်းလပ်မြို့နှင့် တာလေမြို့တို့မှတစ်ဆင့် ကုန်သွယ်မှုလမ်းကြောင်းမှာ ကောင်းမွန်လျက်ရှိကြောင်းနှင့် စက်တင်ဘာ ၂၅ ရက်နေ့ ဒေသငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၈၅ ကျပ်ခန့်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

### ၂၆-၉-၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ စက်သုံးဆီ၊ ရွှေ ဒေါ်လာဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | စက်သုံးဆီ(တစ်လီတာ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | Octane 95 | Octane 92 | ဒီဇယ်(ရိုးရိုး) | အဆင့်မြင့်ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၆၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၅၈၀၀ | ၅၀၀၀ | ၃၅၀၀ | ၁၈၀၀ | ၁၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၃၅၀ | ၂၂၇၅ | ၂၇၉၅ | ၂၈၈၀ | ၂၇၈၀၀၀၀ | |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၃၀၀၀ | ၅၂၀၀ | ၃၈၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၃၁၀ | ၂၂၃၀ | ၂၇၃၀ | ၂၈၁၅ | ၂၇၈၅၀၀၀ | |
| ၃ | ကျိုင်းတုံ | ၂၂၀၀ | | ၁၃၀၀၀ | ၉၃၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၃၀၉၅ | ၃၀၀၅ | ၃၇၀၀ | ၃၇၃၅ | ၂၇၂၀၀၀၀ | |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၃၀၀ | ၁၀၀၀ | ၄၀၀ | ၆၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၄၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၃၁၀ | ၂၂၃၀ | ၂၇၃၀ | ၂၈၁၅ | ၂၇၇၅၀၀၀ | |
| ၅ | လွိုင်ကော် | ၂၇၀၀ | ၂၃၀၀ | ၁၄၅၀၀ | ၉၇၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၅၀၀၀ | | ၄၃၀၀ | ၂၀၀၀ | ၈၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၁၀ | ၂၂၃၅ | ၂၇၃၀ | ၂၈၁၅ | ၂၇၇၂၀၀၀ | |
| ၆ | ဘားအံ | ၁၇၀၀ | | ၁၅၀၀၀ | ၇၈၀၀ | ၁၇၈၀၀ | ၃၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၈၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၇၀၀ | ၂၈၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၂၆၅ | ၂၁၈၅ | ၂၆၈၅ | ၂၇၇၀ | ၂၇၅၀၀၀၀ | |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၄၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၃၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၂၈၀ | ၂၁၉၅ | ၂၆၉၅ | ၂၇၈၀ | ၂၇၆၀၀၀၀ | |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၄၀၀၀ | ၉၀၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၄၇၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၈၀၀ | ၆၀၀ | ၆၄၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၂၉၅ | ၂၂၁၅ | ၂၇၁၅ | ၂၈၀၀ | ၂၇၅၀၀၀၀ | |
| ၉ | မြိတ် | ၂၃၀၀ | | ၁၆၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၃၇၀၀ | ၄၇၀၀ | ၅၅၀၀ | ၅၃၀၀ | ၁၈၀၀ | ၈၀၀ | ၇၁၀၀ | ၄၉၀၀ | ၄၆၀၀ | ၃၁၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၃၅၀ | ၂၂၇၀ | ၂၇၇၀ | ၂၈၅၅ | ၂၇၆၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၆၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၂၂၅ | ၂၁၅၀ | ၂၆၄၅ | ၂၇၃၀ | ၁၉၃၄၀၀၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၈၇၀၀ | ၂၀၀၀၀ | ၃၂၀၀ | ၅၀၀၀ | ၄၇၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၂၆၀ | ၂၁၈၀ | ၂၆၈၀ | ၂၇၆၅ | ၂၈၀၀၀၀၀ | |
| ၁၂ | စစ်တွေ | ၂၀၀၀ | ၁၉၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၄၄၀၀ | ၅၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၂၉၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၃၇၀ | ၂၂၉၀ | ၂၇၈၅ | ၂၈၇၀ | ၂၈၀၀၀၀၀ | |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၃၉၀၀ | ၃၈၅၀ | ၃၉၀၀ | ၃၉၅၀ | ၂၈၅၀၀၀၀ | |
| ၁၄ | မုံရွာ | ၂၇၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၃၈၀၀ | ၅၈၀၀ | ၅၃၀၀ | ၁၅၀၀ | ၈၀၀ | ၅၉၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၇၀၀၀ | ၂၂၈၀ | ၂၂၀၀ | ၂၇၁၀ | ၂၇၉၅ | ၂၇၃၇၀၀၀ | |
| ၁၅ | မန္တလေး | ၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၈၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၆၀၀ | ၈၀၀၀ | ၄၈၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၂၁၅ | ၂၁၉၅ | ၂၆၉၅ | ၂၇၈၀ | ၂၇၄၀၀၀၀ | ၃၁၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၁၆၀၀ | ၅၀၀ | ၇၃၀၀ | ၅၆၀၀ | ၄၅၀၀ | ၂၂၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၂၇၀ | ၂၁၉၅ | ၂၆၉၀ | ၂၇၇၅ | ၂၇၇၀၀၀၀ | |
| ၁၇ | မကွေး | ၂၆၀၀ | | ၁၁၅၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၅၄၀၀ | ၄၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၂၇၀ | ၂၁၉၅ | ၂၆၉၀ | ၂၇၄၀ | ၂၇၆၀၀၀၀ | |
| ၁၈ | ပြည် | ၁၈၀၀ | | ၁၃၀၀၀ | ၈၀၀၀ | ၂၅၀၀၀ | ၃၇၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၂၆၆ | ၂၁၈၆ | ၂၆၈၆ | ၂၇၇၆ | ၂၇၈၀၀၀၀ | |
| ၁၉ | ပဲခူး | ၁၉၀၀ | | ၁၃၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၄၅၀၀ | ၅၀၀၀ | | ၁၆၀၀ | ၆၀၀ | ၆၈၀၀ | ၅၀၀၀ | ၅၂၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၂၃၅ | ၂၁၅၅ | ၂၆၅၅ | ၂၇၄၀ | ၂၇၇၅၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၃၅၀၀ | ၇၁၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၄၀၀၀ | ၂၂၀၀ | ၂၇၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၂၇၀ | ၂၁၉၀ | ၂၆၉၀ | ၂၇၇၅ | ၂၇၈၀၀၀၀ | |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၃၅၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၁၆၀၀ | ၅၀၀ | ၇၀၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၄၀၀ | ၂၇၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၈၅၀၀ | ၂၂၇၀ | ၂၁၉၀ | ၂၆၉၀ | ၂၇၇၅ | ၂၇၈၀၀၀၀ | |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၃၀၀၀ | ၉၅၀၀ | | ၄၅၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၈၄၅ | ၂၈၃၄ | ၃၅၃၅ | ၃၅၄၅ | ၂၉၀၀၀၀၀ | |

မှတ်ချက်။

(၁) စားအုန်းဆီ တစ်ပိဿာလျှင် မုံရွာတွင် ၄၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ဘားအံနှင့် မုံရွာတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မန္တလေးတွင် ၃၀၀ကျပ်၊ ပခုက္ကူတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀ကျပ်၊ မန်ကျီးသီး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ တောင်ကြီးနှင့် ပဲခူးတွင် ၁၀၀၀ကျပ်၊ မြိတ်တွင် ၁၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် မုံရွာတွင် ၂၀၀ကျပ်၊ ပဲခူးတွင် ၁၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ထားဝယ်နှင့် မုံရွာတွင် ၁၀၀ကျပ်၊ ကြက်သားတစ်ပိဿာလျှင် မုံရွာနှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ထားဝယ်နှင့် မုံရွာတွင် ၁၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ထားဝယ်တွင် ၂၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီ တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ ပခုက္ကူနှင့် ထားဝယ်တွင် ၅၀၀ကျပ်၊ ဘားအံတွင် ၂၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၄၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ဘားအံတွင် ၁၂၀၀ကျပ်၊ မော်လမြိုင်နှင့် ပဲခူးတွင် ၂၀၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မော်လမြိုင်တွင် ၂၀၀ကျပ်၊ ထားဝယ်နှင့် မကွေးတွင် ၁၀၀ကျပ်၊ ပခုက္ကူတွင် ၄၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံနှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ (ကြူကုတ်) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ ပခုက္ကူတွင် ၃၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ဘားအံနှင့် မကွေးတွင် ၂၀၀ကျပ်၊ မြေပဲဆံ တစ်ပိဿာလျှင် ထားဝယ်နှင့် ပခုက္ကူတွင် ၂၀၀ကျပ်၊ ပဲခူးတွင် ၄၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မုံရွာတွင် ၈၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် လွိုင်ကော်တွင် ၅၀၀ကျပ်၊ မော်လမြိုင်တွင် ၃၀၀ကျပ်၊ ပခုက္ကူတွင် ၂၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၃) ရန်ကုန်မြို့၏ ဒေါ်လာဈေးသည် ဗဟိုဘဏ်၏ ငွေလဲလှယ်နှုန်းကို ကောက်ယူပေးပို့ထားခြင်းဖြစ်ပြီး မန္တလေးမြို့၏ ဒေါ်လာဈေးသည် ပြင်ပဈေးကွက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းအား ကောက်ယူပေးပို့ထားခြင်း ဖြစ်ပါသည်။

# ကိုယ်ရည်ကိုယ်သွေးဖြင့် ခေါင်းဆောင်မှုကို တည်ဆောက်နိုင်

ဒေါက်တာ မြတ်မိုး

ရုံးဌာနအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ရသည့် အကြီးအကဲ အရာထမ်းအားလုံးသည် မိမိတာဝန်ယူ၊ တာဝန်ခံရသည့် ရုံးဌာနအဖွဲ့အစည်းများ၊ ထို့မှတစ်ဆင့် လူ့အဖွဲ့အစည်းကြီးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အတူလက်တွဲဆောင်ရွက်နေကြသည့် လုပ်ဖော်ကိုင်ဖက် အရာထမ်းအမှုထမ်းများ၏ စွမ်းဆောင်မှုနှင့် အရည်အသွေးတိုးတက်ရေးတွင် တာဝန်ရှိကြပါသည်။ ထိုသို့ခံယူထားသည့်အားလျော်စွာ သူတို့၏ တာဝန်ထမ်းဆောင်မှုနှင့် စွမ်းဆောင်ရည် တိုးတက်မှုရှိ/မရှိ၊ အားသာချက်၊ အားနည်းချက်များနှင့်တကွ အချိန်နှင့်တစ်ပြေးညီ အမြဲတမ်းဆန်းစစ်နေရပါသည်။ အခွင့်အလမ်းအပေါ် မူတည်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေရပါသည်။

### ၂၁– ရာစုစွမ်းရည်တစ်ခုဖြစ်

ဒီတစ်ပတ်မှာ အာရုံစိုက်မိသည်က "ခေါင်းဆောင်မှုစွမ်းရည်"နှင့်ပတ်သက်၍ဖြစ်သည်။ ခေါင်းဆောင်မှုက ယနေ့ခေတ်စားနေသော ယနေ့ခေတ်လူငယ်လူရွယ်များတွင် အလေးအနက်ထား ဖြည့်ဆည်းရမည့် ၂၁ ရာစုစွမ်းရည်များတွင် အပါအဝင်တစ်ခုလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံကို ခေါင်းဆောင်မည့်သူများအတွက် ခေါင်းဆောင်မှုအရည်အချင်းများက ယနေ့ကာလတွင် အရေးကြီးလာ၍ဖြစ်သည်။

ယနေ့ရုံးဌာနများတွင် အလယ်အလတ်အဆင့် အရာထမ်းအများစုတွင် လူငယ်များ နေရာယူလာနေသည့် အချက်ကလည်း ၂၁ ရာစုစွမ်းရည်များတွင် တစ်ခုအပါအဝင်ဖြစ်သော ခေါင်းဆောင်မှုစွမ်းရည်ကို မဖြစ်မနေဖြည့်ဆည်းရန် တာဝန်ရှိလာသည်။ တကယ်တော့ "ခေါင်းဆောင်မှု"ဆိုသော ခေါင်းစဉ်ကို ဝန်ထမ်းများအပါအဝင် ယနေ့လူငယ်လူကြီးစုံက နေရာစုံနယ်ပယ်စုံမှာ အဖန်တစ်ရာတေအောင် သင်ဖူးလေ့လာဖူး ကြားဖူးနာဖူးပြီး ဖြစ်ကြသည်။ သို့သော် လုံလောက်ပြီလားဆိုတော့ အချို့သော ရလဒ်များက မရေရာမသေချာသော အဖြေများသာ ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။ ထို့ကြောင့်လည်း ဒီတစ်ကြိမ်တွင် ရုံးတွင်းသင်တန်းတစ်ခုကို အခွင့်အလမ်းကောင်းအဖြစ်ရယူ၍ အလယ်အလတ်အဆင့် အရာထမ်းများကို အရေးကြီးသော ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်ပတ်သက်၍ ဆွေးနွေးဖြစ်ခဲ့သည်။

### သင်တန်းတစ်ခု၊ Survey ဆန်းစစ်မှုအကြောင်းပြု၍

ခေါင်းဆောင်မှုနှင့် ပတ်သက်၍ အတွေ့အကြုံမျိုးစုံ ကြုံတွေ့ရပြီးဖြစ်သော သင်တန်းသားများနှင့် သင်ကြားပို့ချသည်ပဲဆိုဆို၊ ဆွေးနွေးသည်ပဲဆိုဆို အတွေ့အကြုံ များ ကို မျှဝေဖလှယ်ကြခြင်းတစ်ခုသာဖြစ်သည်။ ရလဒ်တစ်ခု ပေါ်ထွက်လာရန်လည်း ရည်ရွယ်သည်။ သုတေသနခေါင်းစဉ်အောက်မှာ စုပေါင်းအဖြေတစ်ခုရရှိလိုမှု အကြောင်းပြု၍ ခေါင်းဆောင်မှုဆိုင်ရာ ခြုံငုံလေ့လာမှု Survey တစ်ခုကို လုပ်ဖြစ်ကြသည်။ Survey တွင် ခေါင်းဆောင်မှုအင်္ဂါရပ် ၂၁ ခုမျှကို ထည့်သွင်းထားသည်။ အများစုက အရပ်ဘက်ဆိုင်ရာခေါင်းဆောင်မှုနှင့်ဆက်နွှယ်သော အင်္ဂါရပ်များဖြစ်သည်။

ရည်ရွယ်ချက်က ၅၃ ဦးသော သင်တန်းသားအရာရှိများအနေဖြင့် မိမိတို့အမှုထမ်း ဘဝ၊ အရာထမ်းဘဝ အတွေ့အကြုံများအပေါ်အခြေခံ၍ မိမိတို့ကိုယ်တိုင် ဖြည့်ဆည်းထားသင့်သည်ဟု ယူဆသော၊ အမှန်တကယ်လည်း အနာဂတ်ခေါင်းဆောင်လောင်းများအတွက် မဖြစ်မနေလိုအပ်ချက်တစ်ရပ်အဖြစ် ရှုမြင်ခံရသော အင်္ဂါရပ်များကို သင်တန်းသားများပေးသည့် ဦးစားပေးအချက်များအလိုက်ဖော်ထုတ်နိုင်ရန်ဖြစ်သည်။

### ဦးစားပေးအလိုက် ဖော်ထုတ်ခဲ့ကြသည့် အင်္ဂါရပ်များ

အမှန်လည်း သင်တန်းသားများက လက်တွေ့ကျကျဖော်ထုတ်နိုင်ခဲ့ကြပါသည်။ သူတို့ ဦးစားပေးအလိုက် လိုချင်သည့် အများဆုံးအမှတ်ပေးသည့် အချက်က "တာဝန်ယူတာဝန်ခံနိုင်မှု – responsibility and accountability" ဖြစ်နေသည်။ ဒုတိယ၊ တတိယ စသည်ဖြင့် အစဉ်လိုက်လိုအပ်မည့် အင်္ဂါရပ်များကို ရွေးချယ်ခဲ့ကြရာ "ပြဿနာကိုမှန် ကန်စွာဖြေရှင်းနိုင်စွမ်း"၊ "ပိုင်းခြားစိတ်ဖြာဆန်းစစ်နိုင်စွမ်း"၊ "ဆုံးဖြတ်နိုင်စွမ်းရှိမှု"၊ "ဆက်သွယ်ဆက်ဆံရေးကောင်းမွန်မှု"၊ "ကိုယ့်အလုပ်ပေါ်မှာ တက်ကြွရွှင်လန်းပြီး စိတ်ဝင်စားမှုအပြည့်ဖြင့် လုပ်နိုင်စွမ်းအပြည့်ရှိသော"၊ " ရိုးသားဖြောင့်မတ်မှု"၊ "အမြင်ကျယ်ပြီး ကြိုတင်မြော်တွေး ဆောင်ရွက်နိုင်စွမ်း"၊ "အကောင်းမြင်စိတ်"၊ "စည်းရုံးလှုံ့ဆော် စေ့ဆော်နိုင်စွမ်း"၊ "ယုံကြည်စိတ်ချရမှု"၊ လိုအပ်လျှင် ကိုယ်ကျိုးစွန့်အနစ်နာခံလိုတဲ့ "သတ္တိ"၊ "ယဉ်ကျေးပြီးကိုယ့်ကိုယ်ကိုယ်နှိမ့်ချတတ်မှု"၊ "ခံနိုင်ရည်ရှိပြီး လိုက်လျောညီထွေဖြစ်မှု"၊ "သည်းခံနိုင်မှု"၊ "နည်းပြကောင်းသဖွယ်ဖြစ်မှု"၊ "အခြေအနေဖန်တီးနိုင်စွမ်း"၊ "ပွင့်ပွင့်လင်းလင်းရှိခြင်း"၊ "ဖွံ့ဖြိုးမှုအမြင်ရှိခြင်း"၊ "တန်းတူညီမျှရှိမှု" နှင့် "ကျင့်ဝတ်လိုက်နာမှု" စသည့် အင်္ဂါရပ်များသည် သင်တန်းသားများ၏ ဦးစားပေးမှုအစီအစဉ်တွင် အစဉ်လိုက်နေရာယူခဲ့ကြသည်ကို တွေ့ရှိရသည်။

ဆန်းစစ်မှု အသေးစားလေးတစ်ခုသာဖြစ်ခဲ့သော်လည်း ဖော်ထုတ်ချက်များက စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ဖြစ်သင့်ဖြစ်ထိုက်သော လက်တွေ့နှင့်ကိုက်ညီသော အချက်များအဖြစ် ထင်ရှားလှသည်။ အမှန်မှာ ဖော်ပြပါအချက်များ အရည်အသွေးများအားလုံးတစ်ခုနှင့်တစ်ခု ချိတ်ဆက်နေကြသည်ကို သတိပြုမိသည်။ အင်္ဂါရပ်တစ်ခုက အခြားအင်္ဂါရပ်တစ်ခုကို အထောက်အကူပြုနေ၍ တစ်ခုကို ဖြည့်ဆည်းနိုင်လျှင် အခြားတစ်ခုက ပြည့်ဖို့များသည်။

### တာဝန်ယူ၊ တာဝန်ခံမှုဟူသည်

ချပြသော ခေါင်းဆောင်မှုလက္ခဏာများအနက် "တာဝန်ယူတာဝန်ခံမှု"ဟူသည်ကို ဘာကြောင့် ထိပ်ဆုံးမှာ နေရာပေးခဲ့ကြပါသလဲ။ ဖြည့်ဆည်းရမည့် လိုအပ်ချက်တစ်ခုအဖြစ် မြင်နေကြလို့ဖြစ်မည်။ သူတို့မြင်သောအမြင်မှန်ပါသည်။ ကဏ္ဍစုံနယ်ပယ်စုံမှာ ပို၍တိုးတက်အောင် ခံယူလေ့ကျင့်ရဦးမည့် ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်တစ်ခုအဖြစ်လည်း ထင်ထင်ရှားရှားပြသနေ၍ဖြစ်သည်။ တာဝန်ယူ တာဝန်ခံမှုအပိုင်းကို အရေးကြီးသော အချက်တစ်ခုအနေဖြင့် ကိုယ့်အဖွဲ့တွေက ထည့်သွင်းထား၍ ကျေနပ်မှုလည်းဖြစ်မိသည်။ အသိဖြင့်မပြီးဘဲ လက်တွေ့လိုက်နာကြဖို့တော့ ပြောယူရသည်။

တာဝန်ယူမှု ဆိုတာဘာလဲ၊ တာဝန်ခံမှုဆိုတာဘာလဲဆိုသည့် သဘောတရားကို ကျေညက်ကြ၍ ဆိုလိုချက်ကို ကောင်းစွာနားလည်နိုင်စွမ်းရှိကြပါသည်။ ပေးအပ်ထားသည့် တာဝန်တစ်ခုကို ဆိုးကျိုးဆက်နည်းနည်းဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် လုပ်နိုင်ခြင်းသည် တစ်ဦးချင်းဆီမှာ တာဝန်ယူတာဝန်ခံမှုရှိ၍ဖြစ်သည်ကို ကောင်းကောင်းနားလည်ခံယူထားကြဟန်တူပါသည်။ "ရလဒ်အရည်အသွေးကောင်းကောင်းဖြင့် တာဝန်ယူတာဝန်ခံမှုရှိသည့် အရာရှိမျိုးကို သူတို့ပိုယုံကြည်ကြမယ်၊ ပို၍လည်း ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိမယ်"ဆိုတာ သူတို့ဆွေးနွေးချက်တွေက ပြသနေသည်။

> တကယ်တော့ တာဝန်ယူ၊ တာဝန်ခံမှုဟူသော စကားနှစ်လုံးသည် ခေါင်းနှင့် ပန်းလိုတွဲနေသည်။ အဓိပ္ပာယ်ကိုတော့ နားလည်ကြသည်။ သို့သော် မည်သို့မည်ပုံ တာဝန်ယူကြမည်၊ မည်သို့တာဝန်ခံကြ မည်ဆိုသည်မှာမူ ထွေပြားဟန်ရှိသည်။ မိမိ၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း၊ တာဝန်ပေးခြင်းခံရသည့် ရာထူးဌာနအလိုက် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အတွင်း တာဝန်ဝတ္တရားများကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်မှုသည် တာဝန်ယူမှုဖြစ်ပြီး မိမိတာဝန်ယူမှု၏ အကျိုးဆက် အကောင်းအဆိုးအပေါ် မိမိမှာတာဝန်ရှိမှုသည် တာဝန်ခံမှုပင်ဖြစ်

တကယ်တော့ တာဝန်ယူ၊ တာဝန်ခံမှုဟူသော စကားနှစ်လုံးသည် ခေါင်းနှင့် ပန်းလိုတွဲနေသည်။ အဓိပ္ပာယ်ကိုတော့ နားလည်ကြသည်။ သို့သော် မည်သို့မည်ပုံ တာဝန်ယူကြမည်၊ မည်သို့တာဝန်ခံကြ မည်ဆိုသည်မှာမူ ထွေပြားဟန်ရှိသည်။ မိမိ၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း၊ တာဝန်ပေးခြင်းခံရသည့် ရာထူးဌာနအလိုက် အပ်နှင်းထားသော လုပ်ပိုင်ခွင့် အတွင်း တာဝန်ဝတ္တရားများကိုပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်မှုသည် တာဝန်ယူမှုဖြစ်ပြီး မိမိတာဝန်ယူမှု၏ အကျိုးဆက်အကောင်းအဆိုး အပေါ် မိမိမှာ တာဝန်ရှိမှုသည် တာဝန်ခံမှုပင်ဖြစ်သည်။

ရလဒ်မကောင်းလျှင် ဟိုလူဒီလူ လက်ညှိုးမထိုးတတ်ခြင်း၊ ဒီကိစ္စ ငါ့မှာသာတာဝန် ရှိသည်ဆိုခြင်း၏ နောက်ကွယ်တွင် ထိုသူတွင် တာဝန်ခံမှုရှိနေသည်ဟူ၍ အဓိပ္ပာယ်ထွက်သည်။ လက်တွေ့နယ်ပယ်အချို့တွင် တာဝန်မခံရဲ၍ တာဝန်မယူရဲခြင်းများကိုလည်း တွေ့မြင်နေရသည်။ မိမိလုပ်ရမည့်မိမိတာဝန်ကို တာဝန်ယူရဲပြီး တာဝန်ခံတတ်ကြရန် အထက်ပါခေါင်းဆောင်မှုကြွန်အင်လက္ခဏာများနှင့် ကိုယ်ရည်ကိုယ်သွေးများကို ဦးစွာလေ့လာတည်ဆောက်ထားဖို့တော့လိုအပ်ကြောင်း ဆွေးနွေးဖြစ်သည်။ မိမိတို့လည်း အစဉ်လေ့ကျင့်ယူနေရသည်သာ၊ အဖွဲ့အစည်းရည်မှန်းချက်အောင်မြင်ရန် တစိုက်မတ်မတ်အားထည့်လုပ်ချင်သောသူအနေဖြင့် အစဉ်ကြိုးစားလေ့ကျင့်နေရမည်ဆိုသည်ကို ကောင်းစွာသဘောပေါက်ကြပါသည်။

### မှန်ကန်သောဆုံးဖြတ်ချက်ချနိုင်စွမ်းခြင်း

အဖွဲ့အစည်း၏ ရည်မှန်းချက်အောင်မြင်ရန်သည် ထိရောက်သည့် ခေါင်းဆောင်မှုနှင့် ခေါင်းဆောင်သူ၏ မှန်ကန်သောဆုံးဖြတ်ချက် decisive quality အပေါ်တွင် အဓိကမူတည်သည်။ ဆုံးဖြတ်ချက်ချနေတိုင်းလည်း မှန်ကန်နေသည်ဟု မဆိုလိုခြင်းဖြစ်သည်။ ဤတွင် ပြဿနာ၏အရင်းအမြစ်၊ ဖြစ်စေသော အကြောင်းရင်းများနှင့်အတူ လွှမ်းမိုးနေသောအချက်များ၊ သက်ရောက်မှုပမာဏအတိုင်းအဆကို ဓမ္မဓိဋ္ဌာန်ကျကျ ပိုင်းခြားဝေဖန်ဆန်းစစ်သုံးသပ်နိုင်စွမ်းရှိခြင်း critical thinking က အရေးကြီးပြီး ခေါင်းဆောင်တစ်ဦးထံတွင် မရှိမဖြစ်လိုအပ်သော စွမ်းရည်လည်းဖြစ်ကြောင်း အသိအမှတ်ပြုကြရပါမည်။

### ပွင့်လင်းမှုနှင့် ရိုးသားဖြောင့်မတ်မှု

ပို့ချဆွေးနွေးသူနှင့် သင်တန်းသားဝန်ထမ်းများသည် ပွင့်လင်းမြင်သာသော ဆက်သွယ်ဆက်ဆံရေးနှင့် ရိုးသားဖြောင့်မတ်မှုဟူသော လက္ခဏာရပ်တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပုံကို ဆွေးနွေးခဲ့ကြပြီး ၎င်းအချက်များကိုလည်း ခေါင်းဆောင်ကောင်းတို့တွင် အထူးလိုအပ်သော အရည်အသွေးများအဖြစ်လည်း အသိအမှတ်ပြုကြသည့်အတွက် အားတက်မိပါသည်။ ဤအရည်အသွေးများကပင် ခေါင်းဆောင်က သူ့အဖွဲ့သားများ၏ တက်ကြွစွာဖြင့် လုပ်ချင်ကိုင်ချင်စိတ်ကို လှုံ့ဆော်ပေးနိုင်ပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချရသည့် အနေအထားတစ်ခုအထိ ရောက်ရှိသွားစေသည်ဟု ခံယူထားကြ၍ဖြစ်သည်။ ရိုးသားဖြောင့်မတ်မှုဟူသောဂုဏ်ပုဒ်သည် ပွင့်လင်းမြင်သာမှုကိုအားပေးပြီး ယင်းအချက်နှစ်ချက်ပိုင်ဆိုင်ထားသော အရာရှိတစ်ဦးအနေဖြင့် ကိုယ့်လက်အောက် အရာထမ်း၊ အမှုထမ်းများထံမှ မှန်ကန်သော တူညီတုံ့ပြန်မှုမျိုးရရှိရန်လည်း များစွာမခဲယဉ်းတော့ဟု ယူဆမိပါသည်။

### ကြိုတင်မြော်မြင် မြော်တွေးဆောင်ရွက်နိုင်စွမ်း

ယနေ့ခေတ်တွင် အနာဂတ်အမြင်ကို လှမ်းမြင်လှမ်းမျှော်နိုင်စွမ်းရှိမည့် vision ကောင်းသော ခေါင်းဆောင်များစွာ ပေါ်ထွန်းလာရေးအတွက် လေ့လာမှုအားကောင်းသော လူငယ်မျိုးဆက်များ မွေးထုတ်ရန် လိုအပ်နေပါသည်။ ရှင်းလင်းပြတ်သားသော အနာဂတ်မြင်ကွင်း အကျဉ်းအကျယ်နှင့်အတူ အပြုသဘောဆောင်သောအတွေးများကို ဆန့်ထုတ်နိုင်စွမ်းရှိသင့်သည်ဟု ယူဆပါသည်။

vision နှင့်အတူ proactive ဖြစ်ဖို့တော့ တတ်နိုင်သည့်ဘက်က မကြာခဏပြောဖြစ်သည်။ အများစုက ကိုယ့်အသိနှင့် ကိုယ်လုပ်မည်ဆိုတာထက် သူများခိုင်းမှ ပြောမှလုပ်နေကြသည့် reactive သမားကများသည်။ ကြိုတင်မြော်တွေး ဖြစ်လာနိုင်သည်များကို ကြိုလုပ်သင့်တာလုပ်ထားရမည် မဟုတ်ပါလား၊ ကြိုတင်လုပ်ထားဖို့ဆိုတာလည်း ကြိုတင်ပြီး လေ့လာသင်ယူထားမှုပင်ရသည်။ မဟုတ်လျှင် သူများခိုင်းမှ လုပ်ရသည့် အဖြစ်မျိုး အနုတ်လက္ခဏာဆောင်သွားနိုင်သည်။

မိမိက reactive လား၊ proactive လား ဆန်းစစ်ထားစေချင်သည်။ proactive သမားက ဘယ်အထိတာသွားသလဲဆိုတော့ responsiveness ဟူသည့် အလျင်အမြန် တုံ့ပြန်နိုင်စွမ်းရှိသည့် အရည်အသွေးအထိ တက်လှမ်းသွားသည်။ ဤလက္ခဏာကို reactive သမားများတွင်မတွေ့ရ။ တကယ်က ဖန်တီးနိုင်စွမ်းရှိပြီး ဆုံးဖြတ်နိုင်စွမ်းရှိသည့် အရည်အချင်းများက proactive ကို ပို၍ အထောက်အကူပြုသည့်အတွက် ၎င်းအရည်အသွေးများပိုင်ဆိုင်ထာသူ အရာထမ်းများကို အထက်အကြီးအကဲများက ပို၍အားကိုးယုံကြည်ကြမည်သာ ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

### လှုံ့ဆော်နိုင်စွမ်းနှင့် စိတ်အားထက်သန်မှု

အဖွဲ့အစည်းတစ်ခု သို့မဟုတ် ဌာနတစ်ခုမှာ တာဝန်ယူဦးဆောင်နေသူ တစ်ဦးအနေဖြင့် မိမိအဖွဲ့သား ဝန်ထမ်းများအပေါ် လှုံ့ဆော်စည်းရုံးမှုပေးနိုင်သူတစ်ဦးဖြစ်ချင်ကြမှာ သေချာပါသည်။ အထူးသဖြင့် ခက်ခဲပင်ပန်း ရှုပ်ထွေးနေသည့်အချိန်မှာဆိုလျှင် ဖြစ်သည်။ တစ်ခါတလေ ကိုယ့်အဖွဲ့တွေ စိတ်ဓာတ်ကျနေသည့် အခြေအနေမှာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထိုအခါတွင် စိတ်ဓာတ်ကျနေသူဝန်ထမ်းကို ပြန်လည်တက်ကြွလာအောင် လှုံ့ဆော်မှုပြုရန် လိုအပ်လာပြီဖြစ်သည်။

ဒီအချိန်မှာ ခေါင်းဆောင်လုပ်သူ၏ အပြောနှင့် အလုပ်အားဖြင့် ကိုယ့်လူတွေရဲ့ စိတ်အလိုကို တက်ကြွအောင်လုပ်နိုင်သည့် စွမ်းရည်သည် အလွန်အရေးကြီးသည်ဆိုသည်ကို တက်ရောက်ဆွေးနွေးခဲ့သော သင်တန်းသားများက အသိအမှတ်ပြုကြပါသည်။ ဒီလိုအပြုအမူတွေကပဲ ကိုယ့်အဖွဲ့တွေအတွက် အားကျစရာတွေ အတုယူစရာတွေ ဖြစ်လာနိုင်ပါသည်။ မိမိကိုယ်တိုင် အလုပ်အပေါ်မှာ စိတ်အားထက်သန်သူ၊ ကိုယ့်အလုပ်ကို ဂုဏ်ယူတတ်သူ ခေါင်းဆောင်တစ်ဦးသည် ကျန်သူများကိုလည်း အလုပ်မှာ တက်ကြွအောင် ဂုဏ်ယူလာအောင် လုပ်ပေးနိုင်သူဖြစ်သည်။ ဦးဆောင်သူကို ဝန်ထမ်းများက မိမိတို့၏ စံပြုပုဂ္ဂိုလ် role model တစ်ဦးအဖြစ် သတ်မှတ်ထားသမျှ ဘယ်သောအခါမှ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သည် မည်သို့မျှ လွဲချော်စရာမရှိတော့ဟု မြင်မိပါသည်။

### ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်းနှင့်အတူ လိုက်လျောညီထွေရှိမှု

တစ်ခါတစ်ရံ ဝန်ထမ်းများဟာ မိမိကို ပြောင်းလွယ် ပြင်လွယ်ဖြစ်ဖို့ တောင်းဆိုမှုတွေ ရှိလာတတ်ပါသည်။ ဒီအခါမှာ လိုအပ်လျှင် ပြန်စဉ်းစားဖို့ လိုပါသည်။ ရည်မှန်းချက်ပန်းတိုင်ကိုတော့ ပျောက်လို့မရဘဲ ချမှတ်ထားသည့် မူဘောင်အတွင်းမှာသာ မိမိ၏ လုပ်ငန်းစဉ်ကို တရားသေဆုပ်ကိုင်မထားဘဲ ကိုယ်ကျင့်တရားစံနှုန်းများကိုလည်း မပျက်ယွင်းစေဘဲဖြင့် ပြောင်းလွယ်ပြင်လွယ် ပြုနိုင်ပါသည်။

တူညီသောအခြေအနေတစ်ရပ် သို့မဟုတ် တူညီသောပတ်ဝန်းကျင်မှာ မူကိုမပျက်စေဘဲ အခြေအနေအချိန်အခါပေါ် မူတည်၍ ပြောင်းလွယ်ပြင်လွယ်ရှိမှု flexibility အလေ့အကျင့်ရှိသူသည် မတူညီသော အခြေအနေအရပ်ရပ် သို့မဟုတ် မတူညီသော ပတ်ဝန်းကျင်သို့ အခြေအနေအရ ရောက်သွားလျှင်သော်မှ လိုက်လျောညီထွေနေနိုင်စွမ်း adaptability ရှိလာမှုအထိ ကိုယ်စွမ်းကိုယ်စ မြင့်တက်သွားနိုင်သည်ကို ယုံကြည်ကြစေလိုပါသည်။ အကြောင်းမှာ ခေါင်းဆောင်ဖြစ်ရန် နိုင်ငံခြားပညာတော်သင်တစ်ဦးစေလွှတ်ရန် ရွေးချယ်ရာတွင် လိုက်လျောညီထွေနေနိုင်စွမ်းရှိမှုကို အရည်အချင်းတစ်ရပ်အဖြစ် ယနေ့ကာလတွင် ပို၍ဆန်းစစ်သမှု ပြုလာကြသောကြောင့်ဖြစ်သည်။

### နည်းပြကောင်းတစ်ဦးဖြစ်ရန်လည်းလိုအပ်

သင်တန်းသားတွေထက် မိမိမှာ ပိုပြီး အရေးတကြီးတန်ဖိုးထားသည့် အင်္ဂါရပ်တစ်ခုကိုလည်း ရှေ့တန်းတင်၍ ဆွေးနွေးဖြစ်ခဲ့ပါသည်။ ခေါင်းဆောင်ကောင်းတစ်ဦးသည် မိမိဝန်ထမ်းများအပေါ် နည်းပြကောင်းတစ်ဦးလည်း ဖြစ်ရမည်ဟု ဆိုပါသည်။ ခေတ်ကာလအခြေအနေအရလည်း မရှိမဖြစ် အင်္ဂါရပ်တစ်ခုဖြစ်သည်ဟု ဆိုချင်သည်။ ယနေ့ခေတ် ဝန်ထမ်းအကြီးအသေး အတော်များများ၏ စွမ်းဆောင်ရည်မြင့်တက်နေရန်သည် စဉ်ဆက်မပြတ်လေ့ကျင့်ပေးနေမှုနှင့် တိုက်ရိုက်အချိုးကျပါသည်။

ဤတွင် မိမိဌာန မိမိအဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်သည့် အရာရှိတစ်ဦးအနေဖြင့်ဆိုမူ မိမိ၏ဝန်ထမ်းများ၏ capacity နှင့် ၎င်းတို့၏ခံယူချက် မြင့်မားလာရန်နှင့် အစဉ်တိုးတက်နေရန်အတွက် မိမိကိုယ်တိုင်က နည်းပြ coach တစ်ဦးအဖြစ်လည်းကောင်း သို့မဟုတ် သင့်လျော်မှန်ကန်သည့် သင်တန်းများသို့ တက်ရောက်စေ၍ လေ့လာသင်ယူလိုစိတ်ရှိနေစေရန် အားပေးရန်လည်းကောင်း တာဝန်ရှိသည်ဟု ခံယူထားရမည်သာဖြစ်သည်။ သို့သော် ခေါင်းဆောင်တို့မည်သည် နည်းပြအဖြစ်သာမက တစ်ခါတစ်ရံ ကျောင်းသားအဖြစ်ပါ ခံယူထားသင့်သည်ကိုလည်း မမေ့စေလိုပါ။

> ❝ **တူညီသောအခြေအနေတစ်ရပ် သို့မဟုတ် တူညီသောပတ်ဝန်းကျင်မှာ မူကို မပျက်စေဘဲ အခြေအနေအချိန်အခါပေါ်မူတည်၍ ပြောင်းလွယ်ပြင်လွယ်ရှိမှု flexibility အလေ့အကျင့်ရှိသူသည် မတူညီသော အခြေအနေအရပ်ရပ် သို့မဟုတ် မတူညီသော ပတ်ဝန်းကျင်သို့ အခြေအနေအရ ရောက်သွားလျှင်သော်မှ လိုက်လျော ညီထွေနေနိုင်စွမ်း adaptability ရှိလာမှုအထိ ကိုယ်စွမ်းကိုယ်စ မြင့်တက်သွား နိုင်သည်ကို ယုံကြည်ကြစေလိုပါသည်။ အကြောင်းမှာ ခေါင်းဆောင်ဖြစ်ရန် နိုင်ငံခြား ပညာတော်သင်တစ်ဦးစေလွှတ်ရန် ရွေးချယ်ရာတွင် လိုက်လျောညီထွေနေနိုင်စွမ်းရှိမှု ကို အရည်အချင်းတစ်ရပ်အဖြစ် ယနေ့ကာလတွင် ပို၍ဆန်းစစ်သမှု ပြုလာကြသော ကြောင့်ဖြစ်** ❞

### ဖွံ့ဖြိုးမှုအမြင်နှင့်အတူ တန်းတူညီမျှဖြစ်ရန်လိုအပ်

သာမန်နှင့်မတူသည့် ခေါင်းဆောင်များမှာ ရှိသင့်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ယှဉ်၍ စဉ်းစားတွေးခေါ်ခြင်း development thinking အင်္ဂါရပ်ကတော့ စာရေးသူအနေဖြင့် ရှိသင့်သည်ထင်၍ ထည့်သွင်းထားသည့် အရည်အချင်းတစ်ခုပင်ဖြစ်သည်။ နဂိုရှိထားသည့် အခြေအနေမှာထက် ပိုပြီးတိုးတက်အောင်လုပ်ဖို့၊ နောက်ထပ် နောက်ထပ် စွမ်းရည်ရှိသည့် လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးမြူနိုင်ရန်နှင့် လတ်တလော အလုပ်ပြီးမြောက်ရေး ရေတိုအောင်မြင်မှုအပြင် ပိုပြီးကောင်းသည့် အနာဂတ်ရည်မှန်းချက်များ ချမှတ်နိုင်အောင် အထိ ထက်ထက်သန်သန်ဖြင့် အမြဲစဉ်းစားတွေးခေါ်နေတတ်တာမျိုးဖြစ်သည်။

ဖွံ့ဖြိုးမှုအမြင်အားကောင်းသူမှာ အားလုံး၏ အရည်အချင်းများကို အသိအမှတ်ပြု၍ သူ့နေရာနဲ့သူအသုံးချ၊ တော်လွန်းသူနှင့် အားနည်းလွန်းသူများ အကြား အရည်အချင်းများကို တစ်ဦးနဲ့တစ်ဦး အလွန်အမင်း မကွာဟအောင် ဟန်ချက်ညီစွာ ထိန်းချုပ်စီမံထားနိုင်ရမည်ဖြစ်သည်။ ဤတွင် သင်တန်းသားအချို့လိုချင်သော ခေါင်းဆောင်ဆိုသူသည် "လက်အောက်အဖွဲ့သား အားလုံးအပေါ်တွင် ညီညွတ်မျှတစွာဖြင့် တန်းတူညီမျှရှိရမည်ဟူသော equity သဘောရှိသောသူပင်ဖြစ်သည်"ဆိုသည်ကို ဆွေးနွေးနိုင်ခဲ့ကြပါသည်။

သာတူညီမျှဆိုသည့် အင်္ဂါရပ်နှင့်အတူ ကိုယ့်အဖွဲ့တိုင်းကို တန်းတူညီမျှ ထားနိုင်ရမည်ဖြစ်ပါသည်။ အချိုးမပြေတာတွေ့၍လည်း မုန်း၍မဖြစ်၊ တစ်နေရာတည်း တစ်ဌာနတည်း ချစ်ခြင်း မုန်းခြင်း မထားရ၊ တော်ခြင်း မတော်ခြင်းဆိုပြီးလည်း မခွဲခြားသင့်၊ အားလုံးအပေါ်မှာ မျှမျှတတရှိရမည်ဖြစ်သည်။ လျစ်လျူရှုသင့်တာ လျစ်လျူရှု၍ ဥပေက္ခာပြုနိုင်ရမည်ဟု ဆိုလိုပါသည်။ ဤသို့မျှတမှုက ဝန်ထမ်းအားလုံးတွင် အောင်မြင်မှုကို ပို၍ရှေးရှုသည့် team work activities များစွာလုပ်နိုင်ရန်အထိ စုစည်းညီညွတ်မှုကို တည်ဆောက်သွားနိုင်မည်ဟု ခံယူထားစေလိုပါသည်။

ဆွေးနွေးမှုသဘောဆန်သည့် ဤသင်တန်းတွင် ဝန်ထမ်းအားလုံးတွင် ရှိရမည့် ကိုယ်ကျင့်တရားဆိုသည်ကိုလည်း ထည့်သွင်းဖြစ်ခဲ့သည်။ ကျယ်ပြန့်စွာ ဆွေးနွေးသင့်သည့် ကိုယ်ကျင့်တရားနှင့် ပတ်သက်လာလျှင် ခေါင်းဆောင်တစ်ဦးသည် မိမိ၏ကိုယ်ကျင့်တရားကို အဖွဲ့အစည်း၏ချမှတ်ထားသော ကျင့်ဝတ်များနှင့် ထပ်တူထပ်မျှရှိနေရမှာဖြစ်သည်ဟု သဘောပိုက်ကြပါသည်။ ဒီအချက်ကိုလည်း မိမိရဲ့စွမ်းဆောင်ရည်မှာ အကဲဖြတ်ခံရမည့် ကိုယ်ကျင့်တရား စံနှုန်းတစ်ခုအဖြစ် လက်ခံကြပါသည်။

### ဆက်သွယ်ဆက်ဆံမှုစွမ်းရည်တစ်မျိုး

နောက်ဆုံး၊ နောက်ဆုံးမဟုတ်ပေမဲ့ အရေးကြီးလှသောအရည်အချင်းတစ်ခု၊ အထက်ပါ အရည်အချင်းအားလုံးရှိနေသော်လည်း သူမပါလျှင်မပြီး၊ သူပါမှသာ အောင်မြင်ဖို့ရန် ပိုသေချာသွားသည့် အင်္ဂါရပ်တစ်ခုကား ပြောဆိုဆက်ဆံရေး ခေါ် လူမှုဆက်ဆံရေးစွမ်းရည် Communication or Social skill ပင်ဖြစ်သည်။ လုပ်ငန်းခွင်မှာ အဆင်ပြေဖို့ ထိုစွမ်းရည်ကား မပါလျှင်မပြီးပါ။ တစ်ခါတစ်ရံ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုနယ်ပယ်မှာ ကိုယ်က ဘယ်လောက်တော်နေတော်နေ ရလဒ်ကမကောင်း၍ ပြန်စိစစ်ကြည့်လျှင် မိမိမှာကော communica-tion skill ဘက်တွင် ချို့ယွင်းနေပါသလား၊ ပြန်လည်စိစစ်သင့်လှပါသည်။

အရာထမ်းငယ်များအတွက် လုပ်ငန်းလည်ပတ်မှုမှာ ကိုယ်တိုင်ကိုယ်ကျပါဝင်နိုင်မည့် နည်းပညာကျွမ်းကျင်မှုများက ပိုအရေးကြီးသလို အလယ်အလတ်အရာထမ်းများအတွက်မူ Communication skill ကို ပို၍အလေးပေးရမည်ဟု ဆိုထားသည့်အတွက် မိမိအဆင့်သည် ပြောဆိုဆက်ဆံစွမ်းရည် မြင့်မားရေးကို ပိုအာရုံစိုက်ရမည့်အဆင့်ဟု ခံယူထားစေလိုပါသည်။ ၎င်းစွမ်းရည်မျိုး အားကောင်းလှသူသည် လူရာဝင်လူဝင်ဆံ့ပြီး အဖွဲ့ကို ပို၍ဦးဆောင်မှုပေးနိုင်သည်ကို တွေ့ရသည်။ ကိုယ်ပြောသည့်စကား အထက်လူကြီးနားပေါက်၍ လက်ခံလာအောင်ပြောနိုင်သည့်အပြင် လက်အောက်ငယ်သားကလည်း နားဝင်ပြီး အလုပ်လည်းပြီးမြောက်ကာ ပြီးပြည့်စုံသောရည်မှန်းချက်သို့ ချောချောမွေ့မွေ့ရောက်ရှိသွားခြင်းသည် ဆက်ဆံမှုစွမ်းရည်ကောင်းခြင်း၏ ရလဒ်ပင်ဖြစ်သည်။

သို့သော် ကိုယ်သာတတ်၍ ကိုယ်ချည်းခံငြင်းကိုယ်ကပဲပြောနေ၍မဖြစ်၊ မိမိငယ်သားများ၏ အမြင်များကိုလည်း အလေးထားနားထောင်တတ်ဖို့ လိုသလို သူတို့၏လုပ်ဆောင်ချက်အပေါ် တုံ့ပြန်မှု feedback ပေးရသည်ကိုလည်း မမေ့အပ်ဖို့လိုပါသည်။ ထို့ပြင် မိမိအဖွဲ့သားများတွင် နောက်ခံကြီးပြင်းခဲ့ရသည့် မတူသည့် ဘဝအတွေ့အကြုံအမျိုးမျိုး ပညာ ဘာသာ လူမျိုး စသည်ဖြင့်လည်း ကိုယ်ရည်ကိုယ်သွေး ကွာဟမှုအပေါ်မူတည်၍ ဆက်ဆံရေးကောင်း၏ မကောင်း၏ ရှိနိုင်သည်ကို ထည့်သွင်းတွက်ချက်ရမည်ဖြစ်သည်။

သို့ဖြင့် အားလုံးကိုပြန်၍ နိဂုံးချုပ်ကြပါစို့။ သင်တန်းတစ်ခု၊ survey တစ်ခုမှ ရလဒ်များကို အခွင့်အလမ်း opportunity အဖြစ်မှတ်ယူ၍ မိမိအရာထမ်း အနာဂတ်ခေါင်းဆောင်များအတွက် အားအင် strength များ ပြည့်ဝလာရန် ခေါင်းဆောင်မှု အရည်အချင်းအချို့ကို တတ်နိုင်သည့်ဘက်မှ မျှဝေလိုက်ခြင်းပင်ဖြစ်ပါသည်။ အားနည်းချက် weakness များကို အစဉ်သတိထားပြုပြင်နေမှသာ စိန်ခေါ်မှု challenges များကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဟုလည်း ခံယူထားသင့်ပါသည်။

မည်သူပင်ဖြစ်စေ အထူးသဖြင့် ခေါင်းဆောင်ဖြစ်လာလျှင် မိမိကိုယ်မိမိ power ပါဝါ အစွမ်းသတ္တိတော့ ရှိချင်ကြမှာ သေချာပါသည်။ ထို့ကြောင့် အထက်ပါတင်ပြခဲ့သော အရည်အချင်းများကို အသုံးချ၍ အောင်မြင်အောင်လုပ်နိုင်လျှင် မှန်ကန်မြဲမြံသော ပါဝါလည်း ရရှိလာမှာမလွဲပါကြောင်း ပြောလိုပါသည်။ မိမိပါဝါကို မိမိအရည်အသွေးများဖြင့်သာ တည်ဆောက်ယူရပါမည်။ ရာထူးဌာနန္တရကြောင့် ရရှိထားသော ပါဝါအပြင် အထက်ပါ ကိုယ်ပိုင်အရည်အသွေးများကိုပါ ပေါင်းစပ်လိုက်လျှင် ပို၍ပါဝါကြီးသွားပြီး လုပ်ငန်းအများစု အောင်မြင်ရန်ကို သေချာစေပါသည်။

မိမိရထားသည့်ရာထူးထက် မိမိ၏ personnel power က ပို၍တာရှည်မြဲမြံပြီး လူ့အဖွဲ့အစည်း အကျိုးကို ရေရှည်ပံ့ပိုးပေးနိုင်ပါသည်။ အမှန်တော့ လူတိုင်းသည် ခေါင်းဆောင်ချည်းပင်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ဦးဆောင်နေကြသူများဖြစ်သည်ကို မမေ့အပ်ဖို့လိုပါသည်။ မိမိကိုယ်မိမိ မဦးဆောင်နိုင်သူ၊ မထိန်းချုပ်နိုင်သူသည် သူများနောက်က လိုက်နေရမည်သာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် မရပ်တည်နိုင်သူသည် လူညံ့တစ်ဦးသာ ဖြစ်ပေမည်။ ကိုယ့်ကိုယ်ကိုယ်မှ မဦးဆောင်နိုင်သမျှတော့ အများကို ခေါင်းဆောင်မည့် ခေါင်းဆောင်ကောင်းလည်း မဖြစ်တန်ရာ။

သို့ဖြစ်၍ ခေါင်းဆောင်ကောင်းတို့မှာ ရှိအပ်သည့် ထိရောက်သည့် ခေါင်းဆောင်မှု အရည်အချင်းများနှင့်အတူ မိမိအတွက်၊ မိမိပတ်ဝန်းကျင်အတွက်နှင့် မိမိလူ့အဖွဲ့အစည်းအတွက်ကော၊ မိမိနိုင်ငံအတွက်ပါ အောင်မြင်အောင် လုပ်ဆောင်ပေးကြမည့် ယုံကြည်စိတ်ချရသော အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်ကြပါစေဟူ၍သာ.... မျှော်လင့်မိပါသည်။ ။

---

☸ ယူအီးအက်ဖ်အေမှ

အသင်းအတွက် ပြိုင်ပွဲစုံ ၁၅ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒိန်းမတ်အသင်းနဲ့ ပြင်သစ်အသင်းတို့ပွဲစဉ်မှာတော့ ဒိန်းမတ်အသင်းက ဒိုလ်ဘတ်ရဲ့ သွင်းဂိုး၊ အိုလ်ဆန်ရဲ့ သွင်းဂိုးတို့ရရှိခဲ့လို့ နှစ်ဂိုးပြတ်နဲ့ ဒိန်းမတ်အသင်းက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ ဒိန်းမတ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် တန်းဆင်းရမယ့်အနေအထားကို ရှောင်ရှားနိုင်ခဲ့ပါတယ်။

ဝေးလ်အသင်းကတော့ ပိုလန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ယူအီးအက်ဖ်အေနေးရှင်းလိဂ် အဆင့်(A) ပြိုင်ပွဲကနေ တန်းဆင်းသွားခဲ့ရပြီဖြစ်ပါတယ်။ အခြားသော နေးရှင်းလိဂ်ပွဲစဉ်တွေမှာတော့ မော်လ်ဒိုဗာအသင်းက လီချန်စတိန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အဇာဘိုင်ဂျန်အသင်းက ကာဇက်စတန်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ခရိုအေးရှားအသင်းက ဩစတြီးယားအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဖာရိုးကျွန်းစုအသင်းက တူရကီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ လူဇင်ဘက်အသင်းက လစ်သူရေးနီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး ဆလိုဗက်ကီးယားအသင်းနဲ့ ဘီလာရုစ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ အန်ဒိုရာအသင်းနဲ့ လက်ဗီးယားအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ စသဖြင့် ရလဒ်အသီးသီး ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၃၂၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ကုသ၊ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၃၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၇၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၁၈,၈၃၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၁,၆၈၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၃၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၇,၁၈၂) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၅၅) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၉-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခု ရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံ ရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၇၉.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၉၀၅၉၀၅ | ၉၄၅၉၀၃၅၀ | ၁၀၈၁၇၁၅ |
| ၂။ | အိန္ဒိယ | ၄၄၅၇၂၂၄၃ | ၄၄၀၀၀၂၉၈ | ၅၂၈၅၃၀ |
| ၃။ | ပြင်သစ် | ၃၅၁၅၇၀၄၆ | ၃၄၄၄၁၂၉၃ | ၁၅၄၈၈၇ |
| ၄။ | ဘရာဇီး | ၃၄၆၇၄၄၂၂ | ၃၃၇၉၅၆၈၈ | ၆၈၅၈၆၀ |
| ၅။ | ဂျာမနီ | ၃၂၉၅၂၀၅၀ | ၃၂၁၆၇၈၀၀ | ၁၄၉၄၅၈ |
| ၆။ | တောင်ကိုရီးယား | ၂၄၆၃၄၂၉၆ | ၂၃၈၃၆၃၄၇ | ၂၈၂၄၆ |
| ၇။ | ဗြိတိန် | ၂၃၆၂၁၉၅၂ | ၂၃၃၃၀၂၃၀ | ၁၈၉၉၁၉ |
| ၈။ | အီတလီ | ၂၂၃၀၃၆၀၆ | ၂၁၆၉၈၄၄၀ | ၁၇၆၈၈၀ |
| ၉။ | ဂျပန် | ၂၁၀၆၇၅၄၄ | ၂၀၃၂၁၉၁၁ | ၄၄၃၇၅ |
| ၁၀။ | ရုရှား | ၂၀၈၃၃၁၀၉ | ၁၉၈၀၀၇၆၄ | ၃၈၆၈၄၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၇၃၇၃၃ | ၁၀၅၈၇၅၆၁ | ၄၃၁၄၆ |
| ၂။ | အင်ဒိုနီးရှား | ၆၄၂၃၈၇၃ | ၆၂၄၆၅၄၉ | ၁၅၈၀၃၆ |
| ၃။ | မလေးရှား | ၄၈၃၁၈၂၂ | ၄၇၇၀၉၄၀ | ၃၆၃၅၀ |
| ၄။ | ထိုင်း | ၄၆၇၈၆၇၁ | ၄၆၃၉၀၈၅ | ၃၂၇၂၉ |
| ၅။ | ဖိလစ်ပိုင် | ၃၉၄၀၂၀၁ | ၃၈၄၀၃၀၀ | ၆၂၈၁၉ |
| ၆။ | စင်ကာပူ | ၁၈၉၁၃၄၁ | ၁၈၁၂၉၆၅ | ၁၆၁၀ |
| ၇။ | မြန်မာ | ၆၂၁၆၈၆ | ၅၉၇၁၈၂ | ၁၉၄၅၅ |
| ၈။ | ဘရူနိုင်း | ၂၂၆၂၃၇ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၇၅၁ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၄၉ | ၁၃၄၇၁၅ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ လေးစီးဖြင့် Test Kit ၃၀၄၀ နှင့် နှာခေါင်းစည်း ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မောင်မောင်သန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ လမ်းမတော်မြို့နယ် သရက်တော ဘုန်းကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ဖိလစ်ပိုင်နိုင်ငံ၌ စူပါတိုင်ဖွန်းမုန်တိုင်း နိုရူ ဝင်ရောက်တိုက်ခတ်မှုကြောင့် ခြောက်ဦး သေဆုံး

**မနီလာ စက်တင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်း၌ စက်တင်ဘာ ၂၅ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုများနှင့်အတူ ဝင်ရောက်တိုက်ခတ်ခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်း နိုရူကြောင့် သေဆုံးသူ ခြောက်ဦးရှိခဲ့ကြောင်းနှင့် ခြောက်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံက ယနေ့တွင် ပြောကြားသည်။

**ရွှံ့ရေများဖုံးလွှမ်းလျက်ရှိ**

မနီလာမြောက်ပိုင်း ဆန်မီဂေးလ်မြို့၌ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် ကယ်ဆယ်ရေးလုပ်သားငါးဦး ရေထဲမျောပါသွားခဲ့ကြောင်း ဘူလာကန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဒန်နီယယ်ဖာနန်ဒိုက ယနေ့နံနက်တွင် ပြောကြားသည်။ ဆန်မီဂေးလ်မြို့၏ ဒေသတချို့သည်လည်း ရွှံ့ရေများဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။

စူပါတိုင်ဖွန်းမုန်တိုင်း နိုရူဝင်ရောက်တိုက်ခတ်ခဲ့သည့် မြို့တော်မနီလာ၏ မြောက်ဘက်ရှိ ပြည်နယ်သုံးခုသို့ ဖိလစ်ပိုင်သမ္မတမာကို့စ်က လေကြောင်းမှ ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် စက်တင်ဘာ ၂၅ ရက်မွန်းလွဲပိုင်းတွင် နိုရူမုန်တိုင်း ကျရောက်ခဲ့သည့် ကွီဇုန်ပြည်နယ်သို့ ပျက်စီးမှုများ စစ်ဆေးရန် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝဘေး ကျရောက်မှုအများဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ယခုစူပါတိုင်ဖွန်းမုန်တိုင်းနိုရူသည် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ၁၁ ခုမြောက်မုန်တိုင်းနှင့် အင်အားအပြင်းဆုံးမုန်တိုင်း ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၁၂၉ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၂၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း အဆိုပါ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၁၂၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၄၄၅၇၂၂၄၃ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

**သေဆုံးသူ ၂၀ ထပ်မံတွေ့ရှိ**

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာပေါင်း ၄၃၄၁၅ ဦးရှိကြောင်း သိရသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၀ ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း၅၂၈၅၃၀ ရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၆၈၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၀၀၁၂၉၈ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၇၆၈၃၅၇၁၄ လုံး အသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၉၃ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




# ငါးလကြာရပ်ဆိုင်းထားခဲ့သည့် မြောက်ကိုရီးယား-တရုတ် ကုန်တင်ရထား ပြေးဆွဲမှု ပြန်လည်စတင်

**ပြုံယမ်း စက်တင်ဘာ ၂၆**

မြောက်ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ချိတ်ဆက်ပြေးဆွဲနေသော ကုန်တင်ရထားသည် ငါးလကြာရပ်ဆိုင်းထားခဲ့ပြီးနောက် ပြေးဆွဲမှု ပြန်လည်စတင်နေပြီဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံ၏စီးပွားရေးကို ပြန်လည်တည်ဆောက်ရန် အလျင်စလိုဆောင်ရွက်နေပြီး အဆိုပါကုန်တင်ရထားသည် တရုတ်နိုင်ငံနယ်စပ်မြို့ ဒန်တုံနှင့် မြောက်ကိုရီးယားနိုင်ငံ ဆင်နေဂျူမြို့တို့အကြား ယနေ့တွင် ပြေးဆွဲမှုစတင်ခဲ့ခြင်းဖြစ်သည်။

ယင်းကုန်တင်ရထားပြေးဆွဲမှုကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဧပြီလကတည်းက ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်ပြီး ယခုအချိန်မှစတင်ကာ တစ်လလျှင် ရက်ပေါင်းများစွာပြေးဆွဲမည်ဖြစ်ကြောင်း နှစ်နိုင်ငံစလုံးနှင့်နီးစပ်မှုရှိသည့် သတင်းရင်းမြစ်များထံမှ သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံနှင့် ကုန်တင်ရထားပြေးဆွဲမှုကိုလည်း ယခုလအတွင်း ပြန်လည်စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၁၆၈ ဦးထပ်မံတွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၂၆**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၁၆၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၄၆၃၄၂၉၆ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားသည်။

လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၂၂၀ သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများ ဖြစ်သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၂၄၆ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုညဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်း၌ စက်လှေနစ်မြုပ်မှုကြောင့် သေဆုံးသူ ၃၂ ဦးရှိလာ၊ ၃၀ ကျော်ပျောက်ဆုံးနေဆဲဖြစ်

**ဒါကာ စက်တင်ဘာ ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်း၌ စက်တင်ဘာ ၂၅ ရက်က စက်လှေတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူ ၃၂ ဦးအထိ ရှိလာကာ ၃၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြို့တော်ဒါကာမှ ၄၆၈ ကီလိုမီတာအကွာအဝေးတွင် တည်ရှိသော ဘင်္ဂလားဒေ့ရှ်မြောက်ပိုင်း ပန်ချာဂါခရိုင်ရှိ ကာရာတိုယာမြစ်မှ သေဆုံးသူ ရုပ်အလောင်းခုနစ်လောင်းကို ယနေ့နံနက်ပိုင်းတွင် ရှာဖွေရရှိခဲ့ကြောင်း ပန်ချာဂါခရိုင်ရဲတပ်ဖွဲ့မှူး ဆီရာဂျူဟူဒါက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

စက်တင်ဘာ ၂၅ ရက်တွင် စက်လှေ နစ်မြုပ်မှုကြောင့် သေဆုံးသူ ၂၅ ဦးရှိခဲ့ရာမှ ယနေ့တွင် သေဆုံးသူ ၃၂ ဦးအထိ ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများ၏ ပြောကြားချက်အရ ခရီးသည် ၁၀၀ ခန့် သယ်ဆောင်လာသည့် အဆိုပါစက်လှေသည် စက်တင်ဘာ ၂၅ ရက်မွန်းလွဲပိုင်းတွင် နစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လက်ရှိတွင်လည်း ကယ်ဆယ်ရေးလုပ်သားများသည် အားပြင်းသော ရေစီးကြောင်းနှင့် လှိုင်းထနေသော မြစ်ရေကို အန်တုလျက်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၀ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၀ | ၂၃၇၀ | ၂၉၄၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၇၀ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၃၀၃၀ |
| HSD (500 ppm) | ၂၅၄၀ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၀ | ၂၅၈၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၀ | ၂၅၉၀ | ၂၆၂၅ | ၂၆၂၅ | ၂၆၂၅ | ၂၈၄၅ | ၃၆၂၀ |
| HSD (50 ppm) | ၂၆၂၅ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၀ | ၂၉၃၀ | ၃၆၅၅ |
| HSD (10 ppm) | ၂၆၂၅ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၀ | ၂၉၃၀ | ၃၆၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၇ | ၂၀၄၀ |
| 95 Ron | ၂၀၄၀ | ၂၁၁၄ |
| HSD (500 ppm) | ၂၄၃၂ | ၂၅၁၀ |
| HSD (50 ppm) | ၂၅၁၁ | ၂၅၉၁ |
| HSD (10 ppm) | ၂၅၁၁ | ၂၅၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "အမှားကိုမြင် အမှန်ကိုသိပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ (သို့မဟုတ်) အမြင်မှန်ရလာကြသောလူငယ်များ" ခေါင်းစဉ်ဖြင့် ၂၈-၉-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် "ငါန်းဇွန်မြို့နယ်မှ ဖမ်းဆီးရမိ ဇာမနီပြောက်ကျားတပ်ဖွဲ့ဝင်များ၏ ကြောက်မက်ဖွယ်ရာသတ်ဖြတ်ခဲ့မှုကြီးများအကြောင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်(ကြာသပတေးနေ့) မနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီး ဗဟိုသွေးလှူဘဏ်တွင် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)မှ တပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦးစီး၍ အရာရှိ သုံးဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၃၀၊ မိသားစုဝင် ၁၀ ဦး စုစုပေါင်း ၄၃ ဦးတို့ မန္တလေးပြည်သူ့ဆေးရုံကြီး ဗဟိုသွေးလှူဘဏ်သို့ သွေးလှူဒါန်းစဉ်။ မောင်အေးချမ်း

## ဖျာပုံ၌ ဆောင်းနေကြာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဝန်ထမ်းနည်းပညာပေးသင်တန်း ဖွင့်လှစ်

ဖျာပုံ စက်တင်ဘာ ၂၆

၂၀၂၂-၂၀၂၃ ခုနှစ် ဒေသတွင်း ဆီဖူလုံမှု အထောက်အကူပြုနေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ဝန်ထမ်းနည်းပညာပေးသင်တန်းဖွင့်လှစ်ပို့ချမှုကို ယနေ့ နံနက် ၉ နာရီက ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

"ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ ဆောင်းရာသီ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် နည်းစနစ်ကောင်းတွေ ပို့ချပေးတာပါ။ မျိုးရွေးချယ်မှု၊



စတင်စိုက်ပျိုးမှုနဲ့ အပင်စောင့်ရှောက်မှု၊ ရိတ်သိမ်းထုတ်လုပ်မှုအဆင့်ဆင့်ကို စိုက်ပျိုးရေးဝန်ထမ်းတွေ ကနဦးသိရှိထားစေချင်ပါတယ်။ ဝန်ထမ်းတွေကတစ်ဆင့် တောင်သူတွေအထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေချင်ပါတယ်။ ဒါမှ ဆီရိက္ခာပိုမိုဖူလုံတိုးတက်လာမှာဖြစ်လို့ ခုလိုသင်တန်းပို့ချပေးတာဖြစ်ပါတယ်"ဟု ဒုတိယတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်က ရှင်းလင်းပို့ချပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် သင်တန်းမှူးနှင့် သင်တန်းနည်းပြများဖြစ်သည့် မျိုးစေ့တာဝန်ခံ ဒေါ်ခင်ငွေမြင့်၊ မျိုးစေ့ဓာတ်ခွဲတာဝန်ခံ ဒေါ်ကြူကြူမွှေး၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်ရီမြင့်၊ ဦးထက်ဝေလင်းနှင့် မြေအသုံးချရေးတာဝန်ခံ ဦးထင်ကျော်ဦးတို့က စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ခြင်း၊ စိုက်ပျိုးခြင်းနှင့် အပင်ပြုစုစောင့်ရှောက်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် မျိုးကွဲနုတ်ပယ်ခြင်း စသည့် နေကြာသီးနှံစိုက်ပျိုးရေးဆိုင်ရာနည်းပညာများအား ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲနှင့် မော်လမြိုင်ကျွန်းမြို့နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်း သင်တန်းသား သင်တန်းသူ ၇၂ ဦးသို့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **သပြေထွန်း**

## ဒေါ်ညိမ်းကျေးရွာတွင် ဘော့ချိတ်ပုစွန်ပိသာ ၅၀ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

ဖျာပုံ စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် အမာမြို့ငါးလုပ်ငန်းဦးစီးဌာနနှင့် အင်းသားကြီးများပူးပေါင်း၍ ဘော့ချိတ်ပုစွန်ပိသာ ၅၀ အား ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းကို ယနေ့ နံနက် ၇ နာရီခွဲက ဒေါ်ညိမ်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ရောင်းချပေးခဲ့ကြသည်။

### ရောင်းချပေး

ထိုသို့ ပြည်သူများသက်သာသောဈေးနှုန်းဖြင့် ဘော့ချိတ်ပုစွန်များရောင်းချပေးရာတွင် အမာမြို့ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ အင်းသားကြီးများ၊ ဒေါ်ညိမ်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက အိမ်ထောင်စုတစ်စုအတွက် ၅၀ ကျပ်သားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ပုစွန်ပိသာ ၅၀ အား ရောင်းချပေးခဲ့ပြီး အမာမြို့ပေါ်ရပ်ကွက်နှင့် ကျန်ရှိကျေးရွာများသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၇





သံကိုယ်ထည်ဖြင့်ပြုလုပ်ထားသော အမြင့် နှစ်ပေ၊ အချင်း နှစ်ပေခန့်ရှိ လက်လုပ်ဒေသန္တရမိုင်း။



ကားစလစ်အိုးဖြင့် ပြုလုပ်ထားသော လက်လုပ်ဒေသန္တရ ဆွဲမိုင်းများ။



သံကိုယ်ထည်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်ဒေသန္တရ ရှေ့ထွက်ဆွဲမိုင်းများ။



သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဒေသန္တရ ဆွဲမိုင်း။



ကားစလစ်အိုးဖြင့် ပြုလုပ်ထားသော လက်လုပ်ဒေသန္တရ ဆွဲမိုင်းများ။



ငါးဂါလန်ဆံ့ပုံးများဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်းများ။

စလစ်အိုးဖြင့် ပြုလုပ်ထားသော လက်လုပ်ဒေသန္တရ ရီမုတ်မိုင်းနှင့် ရှေ့ထွက်ရီမုတ်မိုင်းများ။





သံကိုယ်ထည်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဒေသန္တရ ရှေ့ထွက်မိုင်းများ။

■ **စစ်ကိုင်းတိုင်းဒေသကြီးမှ**

ကြီးမားစွာလုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်မခံသည့် ဒေသခံပြည်သူတချို့၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ကားလမ်းမကြီးတစ်လျှောက် စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ကားလမ်းဝဲ/ယာ တစ်လျှောက် လက်လုပ်ဒေသန္တရမိုင်းမျိုးစုံ ၁၁၂ လုံး၊ လက်လုပ်သေနတ် သုံးလက်၊ လက်လုပ်လက်ပစ်ဗုံး လေးလုံးနှင့် ဆက်စပ်ပစ္စည်းများ ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး အများပြည်သူအန္တရာယ်မဖြစ်ရေး သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

**အလစ်အငိုက်လုပ်ဆောင်ခဲ့**

NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခင်ကလည်း ရေဦးမြို့နှင့် ခင်ဦးမြို့သွားကားလမ်းမကြီး တစ်လျှောက် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ချောင်းမြောင်း ပစ်ခတ်ခြင်းနှင့် အဖျက်အမှောင့်လုပ်ငန်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်လုပ်ဆောင်ခဲ့ရာ ဇူလိုင်လမှ စက်တင်ဘာ ၂၅ ရက်အထိ ၉၃ ကြိမ်ရှိခဲ့ပြီး အပြစ်မဲ့ပြည်သူတချို့ သေဆုံး/ဒဏ်ရာရရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်တချို့လည်း အသေးစားထိခိုက် ဒဏ်ရာရရှိသူများရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်၌ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှုလုပ်ရပ် ကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် အဆိုပါ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေး၊ အေးချမ်းတည်ငြိမ်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ **မြန်မာအမျိုးသမီးလိဂ်မှ**

လာမည့် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းအပါအဝင် မြဝတီအသင်း၊ သစ္စာအားမာန်အသင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၊ YREO အသင်း၊ Young Lionesses အသင်း၊ Thanintharyi အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**အသင်းနှစ်သင်း ထပ်တိုးလာ**

ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ဇယားကို မကြာမီ ထုတ်ပြန်မည်ဖြစ်သည်။ ပြိုင်ပွဲကို ဆီမီးပရိုလိဂ်ပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အသင်းများအနက် ငါးသင်း ပြန်လည်ယှဉ်ပြိုင်ပြီး အသင်းသစ် နှစ်သင်း ထပ်တိုးလာခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး သုံးရာသီ ကျင်းပပြီးနောက် ရပ်နားထားကာ ယခုနှစ်မှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် သုံးကြိမ်တွင် ၂၀၁၆-၂၀၁၇ ရာသီနှင့် ၂၀၁၇-၂၀၁၈ ရာသီတွင် မြဝတီအသင်း၊ ၂၀၁၈-၂၀၁၉ ရာသီတွင် အား/ကာသိပ္ပံအသင်း ဗိုလ်စွဲခဲ့သည်။

**ကိုညီလေး**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့ ကန်သာ(စီ)ရပ်ကွက်နေ ဝဏ္ဏသူသည် ၎င်းအသုံးပြုသည့် "Wunna Thu" Facebook အကောင့်၊ ရေစကြိုမြို့ (၆)ရပ်ကွက်နေ သက်ထွန်းသည် ၎င်းအသုံးပြုသည့် "Thet Htun" Facebook အကောင့်၊ မြိုင်မြို့နယ် နှောကန်ကျေးရွာနေ ခင်မာတင်(ခ)ခင်မာကြည်သည် ၎င်းအသုံးပြုသည့် "Khin Mar Kyi" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းမြောက်ရပ်ကွက်နေ စိုးမိုးအောင်သည် ၎င်းအသုံးပြုသည့် "Soe Moe Aung" Facebook အကောင့်၊ တောင်ငူမြို့ (၁၉)ရပ်ကွက်နေ စောကဲဘလုမူးသည် ၎င်းအသုံးပြုသည့် "Saw Kalbalumu" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ အမေး/အဖြေများ

(ယမန်နေ့မှအဆက်)


**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားခရီးစဉ်၌ နျူကလီးယားစွမ်းအင်အသုံးချရေးတွင် မြန်မာနိုင်ငံနှင့် အကျိုးတူ သဘောတူညီမှု ရရှိခဲ့သည့်အပေါ် မြန်မာနိုင်ငံ၌ နျူကလီးယားစွမ်းအင် မည်သည့်အချိန်တွင် အကောင်အထည်ဖော်အသုံးပြုမည်ကို သိလိုပါကြောင်းနှင့် ရုရှားသမ္မတကြီး အပါအဝင် ရုရှားပြည်နယ်အစိုးရများ၏ ခေါင်းဆောင်များ မြန်မာနိုင်ငံသို့ လာရောက်ရန် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း၊ ဆက်စပ်မေးခွန်းအနေဖြင့် NLD အစွန်းရောက်ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများ၊ ပြည်ပြေး၊ ဝရမ်းပြေးများ၏ လှုံ့ဆော်မှုကြောင့် မြို့နယ်တိုင်းတွင် ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုဆူပူအကြမ်းဖက်မှုများထဲမှ တပ်မတော်သား မိသားစုဝင်တချို့လည်း ပါဝင်ခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရခြင်းရှိကြောင်း၊ ရောနှောပါသွားသည့် အခြေအနေများရှိကြောင်း၊ နွားထိုးကြီးမြို့နယ်တွင် ဖြစ်သွားကြောင်း၊ ၎င်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲထံ သနားငဲ့ညှာစာနာပေးပါရန် တင်ပြထားပါကြောင်း၊ ထိုကိစ္စကို ပြန်လည်စဉ်းစားသုံးသပ်ပြီး ဖြေလျှော့ပေးရန် ပြောလိုပါကြောင်း၊ လတ်တလောတွင် PDF အကြမ်းဖက်သမားများ၏သတ်ဖြတ်မှုများကို ရုပ်သံတွင် မြင်တွေ့နေရခြင်းသည် ရိုးရိုးသာမန်အဆင့် သတ်ဖြတ်ခြင်းမျိုးမဟုတ်ဘဲ ရက်ရက်စက်စက် လည်လှီးသတ်ဖြတ်ခြင်းကို လူမှုကွန်ရက်ရုပ်သံများတွင် ဖြန့်ဝေကြောင်း၊ မိမိတို့မည်သည့်အရာနှင့် ဆက်စပ်မြင်သလဲဆိုလျှင် ကမ္ဘာအရပ်ရပ်တွင် IS အစွန်းရောက်အကြမ်းဖက်အဖွဲ့ပေါ်လာကြောင်း၊ ပေါ်လာပြီး ဂျပန်နိုင်ငံသား၊ အမေရိကန်နိုင်ငံသားများကို Studio အခန်းထဲ၌ စနစ်တကျ လည်လှီးပြီးသတ်နေသည့်ပုံကို ကမ္ဘာကို ခြောက်လှန့်ခဲ့သည့်ပုံစံမျိုး၊ ယခုမိမိတို့တိုင်းပြည်တွင်ဖြစ်နေသည့် NLD အစွန်းရောက် ကိုယ်ကျိုးရှာနိုင်ငံရေးသမားများ၏လက်ကိုင်တုတ် PDF သည်ထိုသို့တာသာရေးအစွန်းရောက်များ၏ ဦးဆောင်မှုနောက်တွင် ရောက်နေပြီလား၊ ထိုကိစ္စအပေါ်တွင် ဗိုလ်ချုပ်အနေဖြင့် မည်သို့သုံးသပ်ပါသလဲ၊ ပြည်သူများအနေဖြင့် မည်မျှသတိပြုသင့်ပါသလဲ ဆိုသည်ကို ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**နားလည်မှုစာချွန်လွှာနှစ်ခု**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က နျူကလီးယားကိစ္စသည် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားနှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာ အသုံးချရေးနည်းလမ်းကို အသုံးချသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်အနေဖြင့် အဏုမြူစွမ်းအင်နယ်ပယ်ဆိုင်ရာ လေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှုအရည်အသွေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သည့် သဘောထားအမြင်များရရှိရန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှစ်ခုကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုစာချွန်လွှာနှစ်ခုမှ နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင် သောသဘောထားအမြင်များ ရရှိရန် ပူးပေါင်းဆောင်ရွက်ရေးကို နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရန်အတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင် ဦးစီးဌာနအနေဖြင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာကို ရန်ကုန်တွင် ထူထောင်



People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး



One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်

နိုင်ရေး စတင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကို အသိမပေးဘဲ လုပ်ဆောင်သွားမည်မဟုတ်ကြောင်း၊ ပထမဆုံးအဆင့် ပြည်သူလူထုကို နျူကလီးယားစွမ်းအင်နှင့် ပတ်သက်ပြီး ငြိမ်းချမ်းစွာအသုံးပြုရေးလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်စင်တာကို ရန်ကုန်တွင် စတင်တည်ထောင်ရန် ရည်ရွယ်ထားကြောင်း၊ ယခုရုရှားခရီးစဉ်တွင် Road Map နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံလျှပ်စစ်နှင့် စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးတို့နှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်းတို့ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်ရေး၊ ကဏ္ဍပေါင်းစုံ လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်နိုင်ရေးများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

ပထမဦးဆုံးအနေဖြင့် အသေးစား နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လုပ်ဆောင်ချက်ခန့်မှန်းခြေမှာ နှစ်ပိုင်းအတွင်းဖြစ်ပေါ်လာမည်ဟုပြောလိုကြောင်း၊ ယင်းကဲ့သို့လုပ်ဆောင်ရန်အတွက် အသိပညာပေးခြင်း၊ သတင်းဖြန့်ဖြူးခြင်းများကို အရင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်လှုံ့ဆော်မှုကြောင့် ပါဝင်ပတ်သက်သည့်သူများကို ပြည်ထဲရေးဝန်ကြီးဌာနသို့ တိုင်ကြားသည့်ဖြစ်စဉ်များရှိကြောင်း၊ တချို့မှာ အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်မှုမရှိသော်လည်း အထောက်အထားအစုံအလင်ဖြင့် တိုင်ကြားခံရသူများလည်း ရှိပါကြောင်း၊ ထိုသို့တိုင်ကြားခံရသဖြင့် မေးမြန်းခြင်းခံရသူများလည်း ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ထိုကိစ္စများနှင့်ပတ်သက်၍ သတင်းစာများတွင်လည်း ကြေညာပြီးဖြစ်ကြောင်း၊ ထိုသို့သောကိစ္စများကို ဖြေလျှော့ပေးရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြခြင်းများဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့တင်ပြပြီးပါက ပြည်ထဲရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်၍ မေးမြန်းခြင်း၊ စုံစမ်းခြင်းနှင့် ဖြေလျှော့ပေးမှုများကို လုပ်ဆောင်ပေးလျက်ရှိသည်ဟု ပြောလိုကြောင်းနှင့် သက်ဆိုင်ရာသို့ စာတင်ရန်လိုအပ်ကြောင်း။

**ယဉ်ကျေးမှုကို အဓိကထားတိုက်ခိုက်နေသည့် အဖွဲ့အစည်းနှစ်ခုရှိ**

PDF အကြမ်းဖက်များ၏ လုပ်ဆောင်မှုများကို အွန်လိုင်းပေါ်တွင် အမြဲတမ်းမြင်နေရကြောင်း၊ တချို့နေရာများတွင် လည်လှီးသတ်ဖြတ်ခြင်း၊ အချက်ပေါင်းများစွာခားဖြင့် စိမ်ပြေနပြေထိုးခြင်း၊ IS များကဲ့သို့ အကြမ်းဖက်အဖွဲ့မျိုးနီးပါး ဖြစ်ခြင်းဖြစ်ကြောင်း၊ ဘာသာရေးနှင့် ဆက်နွှယ်သည်ဟု ပြောသော်လည်း ယခင်ကတည်းကပင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုကို အဓိကထားတိုက်ခိုက်နေသည့် အဖွဲ့အစည်းနှစ်ခုရှိကြောင်း၊ နံပါတ်တစ်အဖွဲ့အစည်းသည် သာသနာနှင့် ပတ်သက်သည့် အဖွဲ့အစည်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ရိုးရာအစဉ်အလာ၊ မြန်မာနိုင်ငံ၏ရပ်တည်မှုကို ထိန်းထားခြင်းဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာသည် ဘာသာတရားမှ ဆင်းသက်လာခြင်း ဖြစ်သည့်အတွက် ၎င်းတို့အနေဖြင့် ထိုအဖွဲ့အစည်းကို သတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ယူနေသည့် အဖွဲ့အစည်းကို သတ်ဖြတ်ခြင်းလုပ်ကြောင်း၊ ထိုကဲ့သို့လုပ်ဆောင်သည့်အတွက် ယခင်ကတည်းကပင် သွေးထိုးလှုံ့ဆော်မှုများရှိကြောင်း၊ အဓိကမှာ ဘာသာရေးအကြောင်းအရာထက် ဘာသာရေးကို ဖြိုဖျက်ချင်သည့်အတွက် အကြမ်းဖက်လှုံ့ဆော်မှုလုပ်ငန်းများ လုပ်နေသည်ဟု ပြောလိုကြောင်း ဖြေကြားသည်။

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး**က ပြီးခဲ့သည့် ရက်ပိုင်းက အကြမ်းဖက်မှုနှင့် ထောင်ဒဏ်ကျခံနေရသူ လေးဦးနှင့် ထောင်ဒဏ်ငါးနှစ် ကျခံထားရသူတစ်ဦး စုစုပေါင်း ငါးဦး ပခုက္ကူထောင်မှ ထွက်ပြေးသွားသည်ဟု သတင်းများထွက်နေကြောင်း၊ ယင်းအခြေအနေကို PDF များက ထောင်ထဲမှထွက်လာသည်ဟု ထုတ်ပြန်ထားသည်ကိုလည်း တွေ့ရကြောင်း၊ ယင်းကိစ္စသည် ထူးခြားနေကြောင်း၊ ၎င်းတို့ မည်ကဲ့သို့ထောင်ထဲမှ ထွက်သွားသည်ကို သိလိုပါကြောင်း၊ ထိုထောင်ကိုတာဝန်ယူခဲ့သည့် ထောင်ပိုင်ကဲ့သို့သောတာဝန်ရှိသူများအား မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိလိုကြောင်း၊ AA အဖွဲ့သည် ပလက်ဝနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့၌ ပြီးခဲ့သည့်လမှ ယခုလ ဒုတိယပတ်အထိ စစ်ရေးပြင်းပြင်းထန်ထန်လှုပ်ရှားမှုများ ပြုလုပ်နေသည်ကို တွေ့ရကြောင်း၊ AA အဖွဲ့၏ စစ်ရေးရည်မှန်းချက်သည် မည်သို့ဖြစ်မည်ကို သိလိုကြောင်း၊ တပ်မတော်က AA အဖွဲ့အပေါ်ထားရှိသည့် သဘောထားများ မည်ကဲ့သို့ရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**နယ်ခြားစောင့်ရဲစခန်းလေးခု**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပခုက္ကူအကျဉ်းထောင်မှ ထွက်ပြေးသည့်ကိစ္စမှာ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားတစ်ဦးနှင့်အချုပ်သားလေးဦး ထွက်ပြေးလွတ်မြောက်ခြင်းဖြစ်စဉ်သည် ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ဖြစ်ပွားသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပြီး ၎င်းတို့အိပ်ဆောင်၏ ဗရာတန်းအောက်ခြေအား လူတစ်ကိုယ်စာထွက်နိုင်ရန် ချိုးဖွဲ့ပြီး အကျဉ်းထောင်အုတ်ရိုးကိုလည်း ၎င်းတို့၏ ပုံစံပုဆိုးများနှင့် စောင်များကို ချည်နှောင်ပြီး ကြိုးကဲ့သို့ တစ်ခုနှင့်တစ်ခု ဆက်၍ အသုံးပြုပြီး ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများပါဝင်ပတ်သက်ခြင်းမရှိကြောင်း၊ သို့သော် တာဝန်ပေါ့လျော့မှုကြောင့် ထွက်ပြေးလွတ်မြောက်သွားခြင်းဖြစ်သဖြင့် အရေးယူအပြစ်ပေးနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ဟု ပြောလိုကြောင်း၊ AA နှင့်ပတ်သက်ပြီး ထူးထူးခြားခြားတွေ့ရမည်ဖြစ်ကြောင်း၊ ယခင်နှစ်များတွင် AA အဖွဲ့နှင့် တိုက်ပွဲများ အကြီးအကျယ်ဖြစ်ခဲ့ကြောင်း၊ ပလက်ဝ၊ ကျောက်တော် အထက်ပိုင်း၊ မင်းပြားဘက်တွင် တိုက်ပွဲများဖြစ်ခဲ့ကြောင်း၊ ယခုအချိန်တွင် ထိုနေရာများ၌ တိုက်ပွဲမဖြစ်ပွားဘဲ ဘူးသီးတောင်၊ မောင်တောဘက်တွင် ဖြစ်နေကြောင်း၊ ထို့နောက် ARSA အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရကြောင်း၊ ငြိမ်းချမ်းစွာနေထိုင်လိုသည့် ရခိုင်ပြည်သူလူထုအနေဖြင့် သတိရှိရန်လိုသည်ဟု မိမိပြောလိုကြောင်း၊ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးစုမည်မျှရှိသည်နှင့် ကျန်သည့်လူမျိုးများ၏ လူဦးရေ မည်မျှရှိသည်ကို ရခိုင်လူမျိုးများအသိဆုံးဖြစ်ကြောင်း၊ တစ်ဖက်တွင်တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲကင်းစခန်းများ တိုက်ခိုက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ AA သည် ပထမဦးဆုံး တိုက်ပွဲကို ဂုတ်ပိဘက်မှ နယ်ခြားစောင့်ရဲစခန်းလေးခုကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ထိုရဲစခန်းများသည် ဘူးသီးတောင်နှင့် မောင်တောကြားတွင်ရှိသည့် အဓိကလူသွားလူလာ၊ တရားမဝင်ခိုးကူးများကို ထိန်းချုပ်သည့်နေရာဖြစ်ကြောင်း၊ ယခုအချိန်တွင် တောင်ပြို့ဝဲ၊ တောင်ပြိုယာနှင့် BP –40 တို့သည် တစ်ဖက်မှ တစ်ဖက်သို့ ထွက်ပြေး တိမ်းရှောင်ကြသူများ၏ ဝင်ပေါက်ထွက်ပေါက်ဖြစ်သည့် နေရာများဖြစ်ကြောင်း၊ ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် နောက်ကွယ်တွင် မည်သည့်အကြံအစည်ရှိသည်ကို သိရကြောင်း၊ သို့သော်သတိပေးလိုသည်မှာ ယင်းဒေသတွင်ရှိသည့် လူဦးရေအချိုးအစားကို တွက်ကြည့်သင့်ကြောင်း၊ တိုက်ပွဲများဖြစ်ပွားခြင်းသည် မိမိပြောခဲ့သလို တပ်မတော်ဘက်ကပဲ ထိခိုက်ဒဏ်ရာရသည်ဖြစ်စေ၊ သေဆုံးသည်ဖြစ်စေ၊ တိုင်းရင်းသားလက်နက်ကိုင်များ သေဆုံးသည်ဖြစ်စေ၊ ဒဏ်ရာရသည်ဖြစ်စေ၊ မိမိနိုင်ငံသားများ ဆုံးရှုံးခြင်းသာဖြစ်ကြောင်း၊ မိမိနိုင်ငံသားများ ယင်းနယ်မြေတွင် မရှိလျှင် မည်သူတို့ဝင်လာမည်ကို ၎င်းတို့အသိဆုံးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မြောက်ခြမ်းတစ်ခုလုံးတွင် မည်သူတို့ကြီးစိုးလိမ့်မည်ဆိုသည်ကို ၎င်းတို့အသိဆုံးဖြစ်ကြောင်း၊ ယင်းကိစ္စများကို သတိပြုရန်လိုကြောင်း ဖြေကြားသည်။

**One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ရွှေဒင်္ဂါးပြားများ ရောင်းချပေးနေခြင်းသည် ယခုအချိန်အထိ မည်မျှအထိ ရောင်းချပေးပြီးသည်ကို သိလိုကြောင်း၊ ဈေးနှုန်းမည်မျှဖြင့်၊ မည်သည့်ပုံစံဖြင့် ရောင်းချပေးနေသည်ကို သိလိုကြောင်းနှင့် နေပြည်တော်တစ်နေရာတည်းတွင်သာ ရောင်းချပေးနေခြင်းဟုတ်၊ မဟုတ်၊ ထပ်မံတိုးချဲ့ပေးရန် စီစဉ်ထားခြင်း ရှိ/မရှိနှင့် အခြားမည်သည့်နေရာများတွင် ရောင်းချပေးသွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်အထိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အလေးချိန် ၄၅၅ ဒသမ ၇၅ ကျပ်သား ရောင်းချပေးပြီးဖြစ်ကြောင်း၊ ရောင်းချပေးသည့်ပုံစံမှာ လူတစ်ဦးလျှင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြပြီး ရွှေဒင်္ဂါးပြားတစ်ပြားကို တစ်ကြိမ်လက်ငင်းငွေသားဖြင့် ရောင်းချပေးကြောင်း၊ ထို့နောက် တစ်ကျပ်သား၊ ငါးမူးသား၊ တစ်မတ်သား ရွှေဒင်္ဂါးပြားများ ရောင်းချပေးလျက်ရှိကြောင်း၊ ရွှေဒင်္ဂါးပြားများကို တစ်ကျပ်သားလျှင် နှစ်ဆယ့်ကိုးသိန်းငါးသောင်း၊ စက်တင်ဘာ ၁၃ ရက်အထိ တစ်ကျပ်သားကို နှစ်ဆယ့်ရှစ်သိန်းငါး သောင်း၊ စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ တစ်ကျပ်သားလျှင် နှစ်ဆယ့်ရှစ်သိန်းနှုန်းဖြင့် ရောင်းချပေးနေကြောင်း၊ နေပြည်တော်တွင်သာ ရောင်းချပေးရန်ရှိကြောင်း၊ ကျန်သည့်နေရာများတွင် ရောင်းချပေးရန် လတ်တလောအစီအစဉ်မရှိကြောင်းဖြေကြားသည်။

စာမျက်နှာ ၁၇ သို့ ◆

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာ လျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**



## နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ထိန်းချုပ်နိုင်စေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှစတင်၍ လူစည်ကားရာနေရာများတွင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဌာနကြီးမှူး ဦးစိုးဟန်၊ ဈေးများဌာန ဌာနမှူးနှင့် သက်ဆိုင်ရာ ဈေးတာဝန်ခံများက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း ဝန်ထမ်းရပ်ကွက်များဖြစ်သော ခနသိဒ္ဓိရပ်ကွက်ရှိ အင်ကြင်းဈေး၊ ညဏသိဒ္ဓိရပ်ကွက်ရှိ ဂန္ဓမာဈေး၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ ချယ်ရီဈေးနှင့် သုခသိဒ္ဓိရပ်ကွက်ရှိ သရဖီဈေးတို့တွင် ဈေးရောင်းချလျက်ရှိသော ဈေးသူ ဈေးသားများနှင့် ဈေးဝယ်လာသူများကို နှာခေါင်းစည်းများ မပျက်မကွက်တပ်ဆင်စေရေး နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်အကွာအဝေးများအတိုင်း ဈေးခင်းကျင်းရောင်းချစေရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် နှာခေါင်းစည်းများကို စနစ်တကျဖြင့် လုံခြုံစွာတပ်ဆင်၍ ဈေးရောင်းဈေးဝယ်ပြုလုပ်စေရေး အသံချဲ့စက်များဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် စက်တင်ဘာ ၂၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၃၆၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၃၀၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၄၁၂၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၂၁၉၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



စစ်တွေမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

### ပေးဝေလှူဒါန်း

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၁၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၂၂၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၁၀၉၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



နေပြည်တော် တပ်ကုန်းမြို့နယ်၌ နှာခေါင်းစည်းများပေးဝေစဉ်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ဖျာပုံမြို့၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်နှင့် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည် ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တောင်ကုတ်မြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်



တောင်ကုတ် စက်တင်ဘာ ၂၆

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်ခြင်းနှင့် အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက စည်ပင်သာယာမြို့မဈေးကြီးရှေ့၊ လျှပ်စစ်လမ်းဆုံနှင့် အမ်းလမ်းဆုံတို့တွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်တိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက စည်ပင်သာယာမြို့မဈေးကြီးရှေ့၌ နှာခေါင်းစည်း အခုရေ ၃၀၀၀၊ သံတွဲလမ်းဆုံ၌ နှာခေါင်းစည်းအခုရေ ၂၀၀၀ နှင့် လျှပ်စစ်လမ်းဆုံ၌ နှာခေါင်းစည်း အခုရေ၂၀၀၀ တို့ကို ဖြန့်ဝေပေးခြင်း၊ အသံချဲ့စက်ဖြင့် အသိပညာပေးခြင်းနှင့် စည်ပင်သာယာဈေးကြီးအတွင်း ဆိုင်ခန်းများတွင် ဈေးရောင်းသူများ၊ ဈေးဝယ်လာသူများ နှာခေါင်းစည်းတပ်ဆင်မှု ရှိ၊ မရှိ လိုက်လံစစ်ဆေးခြင်း၊ နှာခေါင်းစည်း စနစ်တကျ တပ်ဆင်စေနိုင်ရေး သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❒ စာမျက်နှာ ၁၇ မှ

ပညာရေးဝန်ထမ်းများကို ရည်မှန်းပြီး အိမ်ငှားစရိတ်များ ပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ တတ်နိုင်သည့် စီးပွားရေးအခြေအနေအရ အားလုံးကို လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်စေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များဖြစ်စေ အားလုံးသည် နိုင်ငံတော်၏ ပြည်သူ ပြည်သားများ ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေအရ တတ်နိုင်သရွေ့ အကျိုးဆောင်ပြီး လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**Cohesion News Agency** မှ **သတင်းထောက် ဒေါ်ဆွေဇင်ဦး**က တပ်မတော်သား ခေါင်းတစ်လုံး ပိုမြင့်သည်ဆိုသည့်စကားသည် အပြင်ဝန်ထမ်းများတွင် အိမ်ထောင်ဦးစီးသည် ဌာနဆိုင်ရာတစ်ခုခုတွင် အလုပ်လုပ်နေသည်ဆိုပါက ကျန်သည့်မိသားစုသည် တခြားသောအလုပ်ကို လုပ်၍ရကြောင်း၊ တပ်မတော်သား၏ မိသားစုသည် တပ်မတော်သားနှင့်အတူ တပ်မတော်အတွက် တာဝန်ထမ်းဆောင်သကဲ့သို့ အတူတူလုပ်နေရကြောင်း၊ ထို့ကြောင့် တပ်မတော်သားများသည် ခေါင်းတစ်လုံး ပိုမြင့်သည်ဟုဆိုခြင်းသည် မြင့်သင့်ပါကြောင်း ပြောကြားသည်။

### တစ်နိုင်ငံလုံးတွင် ရှိနေသည့်ဝန်ထမ်းများ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တပ်မတော်သား မိသားစုဝင်များထဲတွင် လုံခြုံရေးနှင့်ပတ်သက်၍ ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်ခဲ့ကြကြောင်း၊ တပ်ရင်းတပ်ဖွဲ့အသီးသီးတွင် ရဲဘော်ရဲမေများအားလုံး ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်ခဲ့ကြကြောင်း၊ လိုအပ်ပါက လက်နက်ကိုင်၍လုပ်ဆောင်ရကြောင်း၊ ပြောရလျှင် သတင်းထောက်ကြီးထက် မိမိတို့၏သွေးသားများ ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ခံစားခွင့်များ ရှိကြောင်း၊ ပြည့်စုံလုံလောက်ခြင်း မရှိသေးပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းကိစ္စများအတွက် ကြိုးစားဆောင်ရွက်နေကြောင်း၊ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင်ရှိနေသည့် ပြည်သူလူထု၊ တစ်နိုင်ငံလုံးတွင် ရှိနေသည့်ဝန်ထမ်းများ၊ တစ်နိုင်ငံလုံး၌ရှိနေသည့် လုံခြုံရေးအဖွဲ့များအတွက် အစိုးရအနေဖြင့် အားလုံးကို ခြုံငုံစဉ်းစားရကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

# မင်္ဂလာပါ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

ပြေအေးသက်




ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို မင်္ဂလာပါဟု နှုတ်ခွန်းဆက်သကာ ကြိုဆိုလိုက်ရပေသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် အသွားအလာ ရပ်ဆိုင်းခဲ့ရသော ကမ္ဘာကြီးကို ပြန်လည်သက်ဝင်လှုပ်ရှားလာစေရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့က ယခုနှစ်အတွက် ဆောင်ပုဒ်တစ်ခုဖြင့် တပ်လှန့်လှုပ်နှိုးထားရှာသည်။ ထို့ကြောင့်ပင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့နှင့် ဆောင်ပုဒ်ကိုပါ ကြိုဆိုရခြင်းဖြစ်ပေသည်ဟု ဆိုရပေမည်။

Rethinking Tourism ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ဆောင်ရွက်ကြပါစို့ဟု ယခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်အတိုင်းပင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ဆောင်ရွက်သင့်သည့်အချိန်အခါပင် ဖြစ်ပေတော့သည်။ သို့ကြောင့်ပင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို နှစ်စဉ်စက်တင်ဘာလ ၂၇ ရက်နေ့ကို သတ်မှတ်ကာ ၁၉၈၀ ပြည့်နှစ်မှ စတင်ကျင်းပပြုလုပ်ခဲ့ရာ ၄၂ နှစ်တိုင်ရှိခဲ့ပြီဖြစ်သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကျင်းပခြင်းအားဖြင့် နိုင်ငံတော်၏ ဝင်ငွေအများအပြား ရှာဖွေပေးနိုင်သော ခရီးသွားလုပ်ငန်းကို ပိုမိုစိတ်ဝင်စားမှုဖြစ်ပေါ်စေပြီး စီးပွားရေး အခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတများကို အများပြည်သူတို့သိရှိနားလည်စေနိုင်သည်။ ထို့အပြင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများကြောင့် နိုင်ငံအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေသည့် ခရီးသွားလုပ်ငန်းကို ဂရုပြုလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိနိုင်သည်။

**ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆိုတာ**

၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် စပိန်နိုင်ငံ တိုရေမိုလီနို့(စ်)မြို့၌ ကျင်းပခဲ့သော United Nation World Tourism Organization (UNWTO) အထွေထွေညီလာခံမှ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို စတင်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ခရီးသွားလုပ်ငန်းအား အဓိက စီးပွားရေး မောင်းနှင်အားတစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) စတင်တည်ထောင်ခဲ့သော ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ ရက်နေ့ဖြစ်သည့် နှစ်ပတ်လည်နေ့ကို အမှတ်တရဖြစ်စေရန် ရည်ရွယ်၍ အဆိုပါနေ့အား ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဟု သတ်မှတ်ခဲ့ကြသည်။

**ခရီးသွားလုပ်ငန်း**

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အမြန်ဆုံး၊ ဝင်ငွေအကောင်းဆုံး မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ခရီးသွားလုပ်ငန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်း (Cultural Tourism)၊ အပန်းဖြေခရီးသွားလုပ်ငန်း (Leisure Tourism)၊ စီးပွားရေးနှင့်ဆိုင်သော ခရီးသွားလုပ်ငန်း (Busi–ness Tourism)၊ အားကစားဆိုင်ရာ ခရီးသွားလုပ်ငန်း (Sport Tourism)၊ စွန့်စွန့်စားစား ခရီးသွားလုပ်ငန်း (Adventure Tourism)၊ ပတ်ဝန်းကျင်ဆိုင်ရာခရီးသွားလုပ်ငန်း (Eco–Tourism) နှင့် စိုက်ပျိုးရေးခရီးသွားလုပ်ငန်း (Agro–Tourism) စသည်တို့ရှိကြသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာတွင် ဓာတုပစ္စည်းနှင့် လောင်စာစွမ်းအင်မှရရှိသော ဝင်ငွေများပြီးလျှင် တတိယဝင်ငွေအများဆုံး ရှာဖွေပေးနေသော လုပ်ငန်းဖြစ်သည်ဟု ဆိုကြသည်။ နိုင်ငံအများစု၏ဝင်ငွေကို သဘာဝသယံဇာတပစ္စည်းများ ထုတ်ရောင်းစရာမလိုဘဲ ငွေကြေးများများရရှိနိုင်သော လုပ်ငန်းလည်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံစီးပွားရေးကောင်းမွန်ရေးသည် နိုင်ငံခြားငွေရရှိရေးပင်ဖြစ်သည်။ ထွက်ငွေနည်းနိုင်သမျှ နည်းပါးအောင်ဆောင်ရွက်ပြီး ဝင်ငွေတိုးပွားနိုင်သရွေ့ တိုးပွားအောင် ဆောင်ရွက်နိုင်ခြင်းသည် စီးပွားရေးကောင်းမွန်အောင် ပြုလုပ်ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံတိုင်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏အဆိုအရ ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုသည် ကမ္ဘာ့အလုပ်အကိုင်များ၏ ၁၁ ပုံ တစ်ပုံရှိကြောင်း သိရှိရသည်။ ခရီးသွားလုပ်ငန်းသည် မြို့ပြဒေသတွင်သာမက ကျေးလက်ဒေသများကိုပါ ဝင်ငွေတိုးစေသောလုပ်ငန်းဖြစ်သည်။ အထူးသဖြင့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများသည် လမ်းပန်းဆက်သွယ်ရေးလွယ်ကူမှုကြောင့် လာရောက်လည်ပတ်လေ့လာသူ များပြားလာသည်။

**မြန်မာနိုင်ငံနှင့် ခရီးသွားလုပ်ငန်း**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများသည် ယဉ်ကျေးမှုအပေါ် အခြေခံပါသည်။ ရှည်လျားသော သမိုင်းကြောင်းများနှင့်အတူ တည်ရှိနေသော ဘာသာရေး၊ ယဉ်ကျေးမှုတို့နှင့် ဆက်စပ်နေသော စေတီပုထိုးများ၊ ဘုရားကျောင်းများနှင့်အထိမ်းအမှတ်အဆောက်အအုံများကို နေရာအနှံ့တွေ့နိုင်ပါသည်။ ထို့မျှသာမက မြန်မာနိုင်ငံသည် နှင်းများဖြင့် ဖုံးလွှမ်းနေသော တောင်တန်းများ၊ နက်ရှိုင်းသော သစ်တောများ၊ အေးမြ၍သာယာလှပသောနေရာများ၊ ရှည်လျားသောမြစ်များ၊ လှပသောရေကန်များ၊ မပျက်စီးသေးသော ကမ်းခြေများနှင့်ကျွန်းများ စသည့် သဘာဝဆွဲဆောင်မှုများနှင့်အတူ ပြည့်နှက်နေသည့်နိုင်ငံတစ်ခုလည်းဖြစ်သည်။ ထို့ပြင် ကွဲပြားခြားနားသော တိုင်းရင်းသားများ၏ မတူညီသော ဓလေ့များနှင့်ဘဝများ၊ သူတို့၏ ထူးခြားဆန်းပြားသော ရိုးရာအနုပညာလက်ရာများသည် လာလည်သူများအပေါ် ကမ္ဘာကျော်သော မြန်မာနိုင်ငံ၏ နွေးထွေးဖော်ရွေမှုများနှင့်အတူ တစ်မူထူးခြားသော မြင်ကွင်းများကို ပေးစွမ်းနိုင်စေမည်လည်း ဖြစ်ပါသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များအနေဖြင့် ရန်ကုန်၊ ပုဂံ၊ အင်းလေးကန်/ ညောင်ရွှေနှင့်မန္တလေးမြို့များသို့ အများဆုံးလည်ပတ်ကြပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံ၏ သဘာဝအလှအပများဖြင့် ပြည့်စုံသည့် တောင်ဘက်စွန်း ကော့သောင်းမှသည် မြန်မာနိုင်ငံမြောက်ဖျားဟိမဝန္တာတောင်တန်းများတည်ရှိရာ ပူတာအိုအထိ ခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်နိုင်ရေးအတွက် ဖိတ်ခေါ်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ခရီးသည်ဝင်ရောက်မှု ၄ ဒသမ ၃၆ သန်းနှင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၁၈ ဒသမ ၇၅ သန်း ရရှိခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့သည့်နောက်ပိုင်း ခရီးသွားလုပ်ငန်းအားလုံး ရပ်တန့်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသည်သုည ဒသမ ၉၀ သန်းသာ ဝင်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ခရီးသည် သုည ဒသမ ၁၃ သန်းသာ ဝင်ရောက်ခဲ့သည်။ ၂၀၂၂ ခုနှစ် မေလ ၂၅ ရက်နေ့အထိ ပြည်တွင်းခရီးသည် ၂၀၆၅၇ ဦးနှင့် နိုင်ငံခြားသားခရီးသည် ၅၅၆၁ ဦး ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များအနေဖြင့် မြန်မာနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှ တစ်ဆင့် လာရောက်လည်ပတ်သည့်အတွက် နယ်စပ်ဝင်ပေါက်များဖွင့်လှစ်ရန် စဉ်းစားဆောင်ရွက်နေကြောင်း သိရှိရသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာ (၂၀၁၆ – ၂၀၂၅) (ASEAN Tourism Strategic Plan – 2016 – 2025)ကို အကောင်အထည်ဖော်သည့်အနေဖြင့် အာဆီယံကို ကမ္ဘာ့အကောင်းဆုံး ခရီးစဉ်ဒေသတစ်ခုဖြစ်စေရန် အရည်အသွေးမြှင့် ခရီးသွားလုပ်ငန်း(Quality Tourism)ကို ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်ဟု သိရှိရသည်။ ၎င်းအရည်အသွေးမြှင့် ခရီးသွားလုပ်ငန်းအား ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုကို အထောက်အကူဖြစ်စေသော အာဆီယံအစိမ်းရောင်ဟိုတယ်စံနှုန်း၊ အာဆီယံ သန့်ရှင်းသောခရီးသွားမြို့တော်စံနှုန်း၊ အာဆီယံရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းစံနှုန်း စသည်တို့ကိုရေးဆွဲကာ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့စေရေး ရေးရှု၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

အာဆီယံအရည်အသွေးမြှင့် ခရီးသွားလုပ်ငန်းစံနှုန်းများကို ပြည်တွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများ၊ အများပြည်သူများ၊ အဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ သိရှိနားလည်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။ ထို့ပြင် လိုက်ပါပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးအတွက် ရေးဆွဲအတည်ပြုထားသည့် အာဆီယံစံနှုန်းများအား အသိပညာပေးသည့် ဆွေးနွေးပွဲများကို မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်း အဓိကဖွံ့ဖြိုးတိုးတက်နေသည့်မြို့များတွင် ဦးစားပေးအလိုက် နှစ်စဉ်ကျင်းပ အသိပညာပေးလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်ကာလအလွန် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံကမ္ဘာလှည့်ခရီးသည်များ ပြန်လည်ကုစားမှု ASEAN Tourism Recovery Plan တွင် ပါဝင်သည့် ကိုဗစ် –၁၉ ရောဂါကြောင့် ဒေသတွင်းသက်ရောက်မှုများ ကုစားဖြေလျှော့ရေးနှင့် ပြန်လည်တိုးတက်ကောင်းမွန်ရေးအတွက် အာဆီယံအဆင့်ဆောင်ရွက်ရမည့် မူဝါဒများချမှတ်ခြင်း၊ လူအများကျန်းမာရေးလမ်းညွှန်ချက်များ Common Health Guideline ရေးဆွဲဖော်ဆောင်ခြင်း၊ အာဆီယံ ခရီးသွားစင်္ကြံများ၊ ခရီးသွားခွင့်နှင့် လုံခြုံမှုအစီအစဉ်များ ASEAN Travel Corridor၊ Travel Pass နှင့် Safety Protocol များရေးဆွဲ၍ အပြန်အလှန်အသိအမှတ်ပြုခြင်း အစရှိသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မည်သို့ပင်ဖြစ်စေကာမူ ကိုဗစ်ကာလအလွန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့ပြခရီးသွားလုပ်ငန်းအပြင် တောတောင်ရေမြေသဘာဝရှုခင်းအလှများပေါများသည့် မြန်မာနိုင်ငံတွင် ကျေးလက်ခရီးသွားလုပ်ငန်းဆီသို့ပါ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရန်ကိုလည်း စီမံဆောင်ရွက်သင့်ပါသည်။ ထိုသို့စီမံဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအခြေပြုခရီးသွားလုပ်ငန်းမှသည် စိုက်ပျိုးရေးအခြေပြု ခရီးသွားလုပ်ငန်းများဆီသို့ပါ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံနိုင်ငံပီပီ ဆွဲဆောင်လုပ်ကိုင်သွားသင့်ပါပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် ခရီးသွားဧည့်သည်များ၏ ယုံကြည်မှုရရှိရေးကို ရယူနိုင်ရန်အတွက် ကျန်းမာရေးနှင့် လုံခြုံရေးအစီအမံများအပြင် ကိုဗစ်ရောဂါလုံခြုံမှုရှိသည့်ခရီးစဉ် COVID Safe Destination ဖြစ်ကြောင်းကိုပါ ထည့်သွင်းဆွဲဆောင်သင့်ပါသည်။ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ပါအတိုင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ဆောင်ရွက်ကြပါစို့ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိနိုင်ငံ ဖွံ့ဖြိုးရေးကို အထောက်အကူအများကြီးပြုနိုင်သည့် ခရီးသွားလုပ်ငန်းအား ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပုဂ္ဂိုလ်နှစ်ယောက်

ပီမိုးနှင်း

လူမှန်သမျှမှာ ပုဂ္ဂိုလ်နှစ်ယောက်ရှိ၏။ အတွင်းပုဂ္ဂိုလ်တစ်ယောက်၊ အပြင်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လေသည်။

အပြင်သူမှာ အကောင်းအဆိုးဝေဖန်၍ ဆင်ခြင်စဉ်းစားလုပ်ကိုင်ကြံစည်သူဖြစ်၏။ အတွင်းလူမှာ အကောင်းအဆိုးကိုမသိ၊ အပြင်လူ၏အလိုကို ဖြည့်ရလေသည်။

အပြင်လူက တစ်စုံတစ်ရာကို ထက်သန်ပူလောင်စွာ လိုလားတောင့်တလျှင် အတွင်းလူက ဖြစ်မြောက်အောင် လုပ်၍ပေးရလေရာ အပြင်လူမှာ တန်ခိုးမကြီး၊ အသိသာရှိ၏၊ အတွင်းလူမှာ အသိမရှိ၊ အဆုံးမရှိသော တန်ခိုးသတ္တိနှင့် ပြည့်စုံသူဖြစ်လေသည်။

အခါများစွာ အပြင်လူက တစ်စုံတစ်ရာကို ပြုလုပ်ချင်သည့်အခါ အပြင်လူမသိစေဘဲ အတွင်းလူက တိတ်တဆိတ်ထ၍လုပ်တတ်လေသည်။ လုပ်လိုသောဆန္ဒ ကြီးမားထက်သန်ပူလောင်ဖို့သာ လိုလေသည်။

မိန်းမတစ်ယောက်သည် အိမ်၌ရှိသော ရေအိုးအားလုံးကို ရေအပြည့်ထည့်လိုသောစိတ်ရှိသဖြင့် နံနက်စောစောမှ ငါထ၍ရေခပ်မည်ဟု အောက်မေ့ကာ အိပ်၏။ ညဉ့်သန်းခေါင်အချိန် ထိုမိန်းမသည် ရေထ၍ခပ်ပြီး ပြန်၍အိပ်၏။ မိုးလင်း၍ အိုးများမှာ ရေပြည့်နေသည်ကို တွေ့သောအခါ မည်သူခပ်သနည်းဟု တွေးတောအံ့သြ၍နေ၏။

ဤကဲ့သို့ဖြစ်တတ်သူတွေ များစွာရှိလေရာ ရေခပ်မည်ဟု ကြံစည်တောင့်တသူမှာ အပြင်လူဖြစ်၍ ထ၍ခတ်သူမှာ အတွင်းလူဖြစ်ရာ အပြင်လူ၏အလိုကို အပြင်လူမသိအောင် အတွင်းလူက ထ၍ဖြည့်ခြင်းဖြစ်လေသည်။ အကယ်၍ လူနှစ်ယောက်မဟုတ်၊ တစ်ယောက်တည်းဖြစ်ချေက လုပ်သောအလုပ်ကို သိရဖို့ရှိလေသည်။ ဤအလုပ်၌ မေ့လျော့ခြင်းမဟုတ်ပေ။ လုပ်သူပုဂ္ဂိုလ်နှစ်ဦး၏ခြားနားခြင်းအစစ်ဖြစ်သည်ဟု “အေမလီကွေး” က ပြောလေသည်။

ထိုအတွင်းလူသည် လွန်စွာသတ္တိကောင်း၏။ လွန်စွာရဲရင့်၏။ အကောင်းအဆိုး အကျိုးအကြောင်းကိုမသိ၊ အပြင်လူ၏အလိုကို လိုက်ဖို့သာ အမြဲစောင့်၍နေလေသည်။

ထိုအတွင်းလူသည် နေ့စဉ်အလုပ်ဟူသမျှ၌ ပါဝင်၏၊ ၎င်းမပါချေက သူတို့မှာ နေ့စဉ်အလုပ်တို့၏ဒဏ်ကို ခံနိုင်ဖို့မရှိပေ။

ထိုအတွင်းလူ၏ အလုပ်များမှာ စဉ်းစားဉာဏ်မသုံးဘဲ စက်နှင့်တူကြလေသည်။ အလုပ်ဟူသမျှ၌ စဉ်းစားသော အပြင်လူကသာ လုပ်ရမည်ဆိုလျှင် များစွာပင်ပန်းဖို့ရှိ၏။

ကျွန်ုပ်၏ ဤစာအုပ်ကိုရေးရာ၌ ကျွန်ုပ်၌ရှိသော အပြင်လူသည် ရေးဖို့ရန် အကြောင်းအရာကိုသာစဉ်းစား၍ အတွင်းလူအား စာဖြစ်အောင်လုပ်ဖို့ရန် စိတ်ဖြင့်စေခိုင်း၏။ ထိုတန်ခိုးကြီးသော အတွင်းလူသည် အက္ခရာစာလုံးသတ်ပုံသတ်ညွှန်း အမြဲမှန်အောင် စာကြောင်းများညီအောင် တစ်လုံးနှင့်တစ်လုံး ညီညာစွာကွာခြားစေလျက် တစ်ကြောင်းဆုံးလျှင် တစ်ကြောင်းစ၍ရေးရ၏။

အကယ်၍ အကျိုးအကြောင်းကို စဉ်းစားသောအပြင်လူမှာ အတွင်းလူနှင့်ဆိုင်သော ထိုအလုပ်တို့ကိုသာ လုပ်ရမည်ဆိုလျှင် များစွာ ပင်ပန်းမည့်ပြင် မှားယွင်းဖို့ရှိလေသည်။ အကြောင်းမူကား ရေးရာ၌ အတွင်းလူ၏ အလုပ်ဖြစ်သောသတ်ပုံမှာ အပြင်လူ ဝင်ရောက်ကာ သတိနှင့်ရေးလျှင် သတ်ပုံသတ်ညွှန်းအမြဲမှန်မည်မဟုတ်၊ မှားသည်၊ မှန်သည်ကို ဒွိဟမပြောနိုင်၊ ဖင့်နွှေး၍နေဖို့ရှိလေသည်။

အလုပ်တစ်ခုခုကို ကျင်လည်နိုင်နင်းစွာ လုပ်ဖို့ရန်အတွက် ရှေးဦးပထမ အတွင်းလူကိုစေခိုင်း၏။ အတွင်းလူက လိုက်နာ၍ အဖန်ဖန်လေ့လာ၏။ ထိုအခါ ထိုအလုပ်သည် အတွင်းလူ၏ ကိုယ်ပိုင်အလုပ်ဖြစ်၍လာသောကြောင့် အပြင်လူတည်းဟူသော စဉ်းစားဉာဏ်သမားဝင်ရောက်သည့်အခါတိုင်း အလုပ်မှာ အနှောင့်အယှက်ဖြစ်ရလေသည်။

ရှေးဦးပထမ အပြင်လူက တေးတစ်ပုဒ်ကို အတွင်းလူအား နှုတ်တိုက်အလွတ်ဆိုစေရန် အထပ်ထပ်ခိုင်းစေ၏။ ထိုအခါ အတွင်းလူသည် ရ၍သွား၏။ ထိုသို့ရသည့်အခါ တေးစကားများ မှန်သည်ကို အပြင်လူက ဂရုမစိုက်ဘဲ လွှတ်၍ပင်ထားသော်လည်း အတွင်းလူသည် မှန်ကန်စွာဆိုနိုင်၏။ သို့ဆိုခိုက်မှာ အပြင်လူက မင်းဆိုတာဟုတ်ရဲ့လားဟု ဝင်ရောက်စွက်ဖက်သည်နှင့် တစ်ပြိုင်နက်တည်း အတွင်းလူမှာ ဆက်၍မဆိုတတ်အောင် အနှောင့်အယှက်ဖြစ်၍ သွားတတ်လေသည်။ ထိုအတွင်းလူမှာ မှတ်ဉာဏ်မဟုတ်ပေ။

အတွင်းလူသည် အပြင်လူ၏အမိန့်ကို အကောင်းအဆိုးမရွေးဘဲ လိုက်နာ၏။ အဆိုပါနည်းအတိုင်း တေးဆိုရာ၌ဖြစ်စေ၊ စာရေးရာ သတ်ပုံ၌ဖြစ်စေ အပြင်လူက ဟုတ်မှဟုတ်ပါ့မလားဟု ဝင်၍တွေးလိုက်ခြင်းသည် အတွင်းလူအား သံသယဖြစ်အောင် အမိန့်ပေးသည်နှင့်တူလေသည်။ သို့ဖြစ်၍ သံသယဖြစ်စေဟူသော အပြင်လူ၏အမိန့်ကို အတွင်းလူက နားထောင်ကာ ထစ်ထစ်ငေါ့ငေါ့ဖြစ်၍သွားရလေသည်။

လမ်းလျှောက်ရာ၌ အပြင်လူက သွားလိုသောအရပ်ကို စိတ်ကကြံ၏။ အတွင်းလူက ခြေကို မှန်စွာလှမ်း၏။ အပြင်လူသည် ဘယ်ပြီးညာ ညာပြီးဘယ်လှမ်းဖို့ရန် သတိနှင့်ထိန်းကြပ်၍ ပေးရချေက အဘယ်မျှပင်ပန်းပေမည်နည်း။

ဘိုင်စကယ်စီးရာ၌ အပြင်လူက အတွင်းလူအား ဘိုင်စကယ်ပေါ်မှ မကျအောင် လုပ်ဖို့ရန်အထပ်ထပ်ခိုင်း၏။ လေ့ကျင့်ခြင်းသည် အတွင်းလူကို ခိုင်းခြင်းဖြစ်၏။ ထိုသို့ခိုင်းသောအမိန့်သည် အတွင်းလူထံ မရောက်သေးသမျှ ကာလပတ်လုံး အပြင်လူက အဘယ်မျှပင် ကြိုးစားသော်လည်းမရပေ။ လက်ကိုင်ကို အားပြု၍လည်းမရ၊ ကိုယ်ခန္ဓာအလေးချိန်ကို တည့်မတ်အောင် ဟန်၍လည်းမရပေ။ နောက်ဆုံး၌ အဖန်ဖန်ခိုင်းသဖြင့် ထိုအမိန့်သည် အတွင်းလူသို့ရောက်သောအခါ အပြင်လူက လက်ကိုင်ကိုပင် မထိမကိုင်ဘဲနေစေကာမူ ဖြောင့်စွာသွားအောင် အတွင်းလူသည် တန်ခိုးဖြင့် ဆောင်နိုင်လေသည်။ ဤအရာ၌ မှတ်ဉာဏ်နှင့်မဆိုင်၊ ငါမကျတော့ဘူးဟူသော ယုံကြည်သော (Imagination) စိတ်၏အစွမ်းဖြစ်လေသည်။ ထိုစိတ်သည် အတွင်းလူကို ခိုင်းသောစိတ်ပေတည်း။

ရေကူးရာ၌လည်း အပြင်လူက အဘယ်မျှပင် ကိုယ်ဖော့သော်လည်း မပေါ်၊ အတွင်းလူထံသို့ ရေပေါ်၌ ပေါ်လိုသောဆန္ဒနှင့် အမိန့်ရောက်သောအခါ အထူးဂရုစိုက်၍မဖော့ရဘဲ အလိုလိုကဲ့သို့ ပေါ်နေလေသည်။ ရေ၌ပေါ်လိုသော အထင်အမြင်စိတ်သည် အတွင်းလူကို ပေါ်အောင်လုပ်ပေးဖို့ရန် စေခိုင်းသောစိတ်ဖြစ်၏။ ထိုအတွင်းလူမှာ ထိုတန်ခိုးကို ယုံကြည်စိတ်ချခြင်းဖြင့် ရရှိလေသည်။ ။

■

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**အချိန်ကိုတန်ဖိုးရှိစွာသုံးပါ**

“မိမိထံတွင်ရှိသောအချိန်မှ အကျိုးအမြတ်အများဆုံးရရှိအောင် စနစ်တကျစီမံဆောင်ရွက်မှုသည် အချိန်စီမံခန့်ခွဲမှုပင်ဖြစ်သည်။ ခိုင်မာသော အချိန်စီမံခန့်ခွဲမှုသဘောထားများကို လိုက်နာရန် မည်မျှအရေးကြီးကြောင်း ကျွန်တော်တို့အားလုံးသိသည်”

**စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ (၁၉၂၄-၂၀၁၁)**

ကြီးပွားချမ်းသာရေးနှင့် အောင်မြင်မှုတို့အား လူတိုင်းလူတိုင်းကသည်းခြေကြိုက်ကြသည်ဖြစ်၍ လိုလားကြသည်။ တောင့်တကြသည်။ ထို့ကြောင့် အသက်အရွယ်မရွေး၊ လူတိုင်းလူတိုင်းက အသက်ရှင်နေသမျှကာလပတ်လုံးတွင် အောင်မြင်ကြီးပွားချမ်းသာရေးနည်းလမ်းများကိုလည်း အစဉ်သဖြင့် ရှာဖွေနေကြသည်လည်းဖြစ်သည်။ အောင်မြင်ကြီးပွားချမ်းသာရေး နည်းလမ်းပေါင်းများစွာရှိနေသည်။

သို့တိုင် လူတိုင်းမှာကား အောင်မြင်ကြီးပွားကြသည်တော့မဟုတ်ပေ။

အောင်မြင်ကြီးပွားချမ်းသာကြွယ်ဝကြသည့် လူတိုင်းကဖြင့် အချိန်ကို တန်ဖိုးရှိရှိအသုံးချခဲ့ကြသူများဖြစ်သည်။ ဘဝကို တန်ဖိုးရှိရှိ ရုန်းကန်ခဲ့ကြသည်။ သို့ဖြစ်သောကြောင့် ချမ်းသာကြွယ်ဝအောင်မြင်ကြသူများသည်သာ မှန်ကန်သည့်အောင်မြင်ကြီးပွားရေးနည်းလမ်းများကို ရှာဖွေတွေ့ရှိကြသူများဖြစ်ပေသည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် အချိန်ကိုတန်ဖိုးရှိရှိအသုံးချကာ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားကြရန် အထူးလိုအပ်သည်။ အချိန်ကို တန်ဖိုးရှိရှိအသုံးချနိုင်ရန် ကနဦးအနေဖြင့် မိမိ၏စိတ်တန်ခိုးစွမ်းရည် ထက်သန်မှု တည်ဆောက်ကာ စိတ်တန်ခိုးကိုမြှင့်တင်ရမည်။ အဆိုပါ ထက်သန်သည့် စိတ်တန်ခိုးကို အကောင်အထည်ဖော်မှုနှင့် အောင်မြင်ကြီးပွားချမ်းသာနိုင်ရေးအတွက် ကြိုးစားလုပ်ဆောင်မှုအမျိုးမျိုးရှိသော်လည်း အလွယ်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်း (၁၀) ချက်ကား ရှိပြီးဖြစ်သည်။

ယင်းအောင်မြင်ရေးနည်းနာတို့မှ နံပါတ် (၈) အချက်ဖြစ်သော “အချိန်ကို တန်ဖိုးရှိစွာအသုံးချပါ” ဟူသည်က မိမိ၏စိတ်ကိုကွပ်ကဲကာ



ကနဦးအနေဖြင့် မိမိ၏စိတ်တန်ခိုးစွမ်းရည်ထက်သန်မှု တည်ဆောက်ပြီး စိတ်တန်ခိုးကို မြှင့်တင်အကောင်အထည်ဖော်လုပ်ဆောင်ရမည့် နည်းလမ်းပင်ဖြစ်ပေတော့သည်။

“အောင်မြင်သည့်အချိန်စီမံခန့်ခွဲမှုကို ကျင့်သုံးရန်အတွက် သင်၏ လက်ရှိနေ့စဉ်အချိန်ဇယားကို ပြုပြင်မွမ်းမံရန်အရေးကြီးသည်။ ပုံမှန်အခြေခံအဖြစ်လုပ်ဆောင်ရမည့် စနစ်ကျသောအချိန်စီမံခန့်ခွဲမှု လုပ်ရိုးလုပ်စဉ်ရှိရန်လည်း အရေးကြီးသည်” ဟု ဗြိတိန်နှင့် အိန္ဒိယစာရေးဆရာကြီး အမ်၊ အက်စ်၊ ရက်ဒီ(M.S.Reddy)က ရေးသားဖော်ပြခဲ့ဖူးသည်။

သို့ဖြစ်၍ ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာလိုကြသည့် လူတိုင်းလူတိုင်းနှင့် ယနေ့လူငယ်လူရွယ်များသည် အချိန်ကိုတန်ဖိုးရှိစွာအသုံးချနိုင်ရန်လိုအပ်သည်။

၁။ နေ့စဉ်အချိန်ဇယားကို ပြုပြင်ရေးဆွဲပါ။
၂။ စိတ်ကိုလျှော့၍ ပေါ့ပေါ့ပါးပါးရှိပါစေ။
၃။ အပြင်ထွက်သည့်အချိန်ကို အကျိုးရှိစွာသုံးပါ။
၄။ အရေးတကြီးလုပ်ဆောင်စရာများကို ဦးစားပေးလုပ်ဆောင်ပါ။
၅။ မိမိရည်မှန်းသည့်ပန်းတိုင်ကို နေ့စဉ်ပြန်လည်သုံးသပ်ပါ။
၆။ ကြိုတင်ချိန်းဆိုမှုမှန်သမျှကို တိကျမှုရှိပါစေ။
၇။ အကြောင်းမဲ့အချိန်ဖြုန်းခြင်းကို ရှောင်ကြဉ်ပါ။
၈။ နေ့လယ်စာစားချိန်တွင် အချိန်မဖြုန်းပါနှင့်။
၉။ မှတ်တမ်းမှတ်ရာများ စနစ်တကျထားရှိပါ။
၁၀။ နေ့စဉ်မှတ်တမ်းတစ်ခုထားရှိပါ။
၁၁။ ကြိုတင်ချိန်းဆိုမှုမရှိသော မိတ်ဆွေများကို မတွေ့ဆုံပါနှင့်။
၁၂။ လုပ်ဆောင်မှုမှန်သမျှကို နှစ်သက်တန်ဖိုးထားပါ။
၁၃။ တစ်နေ့တာလုပ်ဆောင်ခဲ့သမျှကို ပြန်လှန်သုံးသပ်ပါ။
၁၄။ မိသားစုကို အချိန်ပေးနိုင်ပါစေ။
၁၅။ နှစ်ခြိုက်စွာ အိပ်စက်အနားယူပါ။

အဆိုပါ အချက် (၁၅) ချက်ကို လိုက်နာကျင့်ဆောင်နိုင်ခြင်းဖြင့် အချိန်ကို ကောင်းစွာစီမံခန့်ခွဲနိုင်မည်ဖြစ်ရာ အချိန်ကို တန်ဖိုးရှိစွာ အသုံးချနိုင်မည်လည်းဖြစ်သည်။

သို့ဖြစ်၍ ထိရောက်သောတစ်နေ့တာအချိန်စီမံခန့်ခွဲမှုကို လုပ်ဆောင်နိုင်ခြင်းအားဖြင့် သီတင်းတစ်ပတ်တာ အချိန်စီမံခန့်ခွဲမှု အစီအစဉ်ကို လုပ်ဆောင်လာနိုင်ပေမည်။ ထိုမှတစ်ဆင့် အပတ်စဉ်လျာထားသည့် အချိန်စီမံခန့်ခွဲမှုကို ရည်ရွယ်လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် နေ့စဉ်အချိန်ဇယားဖြင့် လုပ်ဆောင်မှုများ အထာကျလာသည့်အခါ အချိန်တိုင်းက အလိုလို အကျိုးရှိလာမည်လည်းဖြစ်သည်။

ယင်းသို့လုပ်ဆောင်လာနိုင်မှုမှသည် အချိန်ကို မိမိကပိုင်နိုင်စွာ အသုံးချလာနိုင်ခြင်းအားဖြင့် တန်ဖိုးရှိသောအချိန်များအဖြစ် ဖန်တီးတည်ဆောက်ယူသည့်စွမ်းရည်လည်း ပြည့်ဝလာကာ အချိန်တိုင်းအချိန်တိုင်း၊ နာရီ၊ မိနစ်၊ စက္ကန့် စသည်ဖြင့် ပိုမိုအကျိုးရှိမှုရရှိလာပေမည်။ ထိုမှတစ်ဆင့် အောင်မြင်မှု၊ ချမ်းသာကြွယ်ဝမှုအသီးအပွင့်များ ခံစားရရှိပိုင်ဆိုင်လာမည်ဖြစ်ပေတော့သည်။ ။

# ပညာအလင်းရချင်သလား

မောင်ထူးချွန်

ဘဝမှာ ပညာအလင်းရောင်ထွန်းပြောင်ဖို့ လိုအပ်တယ်။ မောင်တို့မယ်တို့ ပညာအလင်းရချင်သလား။ ပညာအလင်း၊ ပညာအသိ၊ ပညာသတိဆိုတာ အလွန်တရာအဖိုးထိုက်တန်လှတယ်ကွယ့်။

လောကပြင်ကျယ်မိုးနဲ့ မြေကြားမှာ ပညာသဘောကရှိနေတယ်။

အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ကောလိပ်၊ တက္ကသိုလ်တွေက ပညာရှာဖွေရာမှာ လွယ်ကူသက်သာစေဖို့ အထောက်အပံ့ပေးတာဖြစ်တယ်။ သက်ဆိုင်ရာ ဆရာ ဆရာမတွေက စာသင်သားတွေကို ပညာရှာဖွေရာမှာ အခက်အခဲနည်းပါးအောင် လမ်းညွှန်ကူညီကြတာပါပဲ။

အသိပညာ အတတ်ပညာအစစ်အမှန်ကတော့ စာသင်သားတို့ကိုယ်တိုင်က ကြားနာမှတ်သားရမှာပဲ။ လက်တွေ့မှာ စဉ်းစားသုံးသပ်၊ ချင့်ချိန်ဝေဖန်ရပေမပေါ့။

မသိရင် မေးရမယ်။ သိသမျှကိုလည်း ခိုင်မာမှုရှိရှိဆွေးနွေးရမယ်။ နားထောင်ရမယ်။ သုတေသနပြုရမယ်။ စူးစမ်းရမယ်။ လေ့လာရမယ်။ ရေးသားရမယ်။ လေ့ကျင့်ရမယ်။ အကိုးအကား၊ အထောက်အထားလုံ့ဝမရှိဘဲ စဉ်းစားရေးသား၊ ဖြေရှင်းနိုင်တဲ့အထိ ကျက်မှတ်ကြရမယ်။

ပညာဆိုတာ သိရန်သက်သက်မျှသာမဟုတ်။

ဘဝအတွက် လက်တွေ့အသုံးချနိုင်တဲ့အထိ ကျွမ်းကျွမ်းကျင်ကျင်၊ ပိုင်ပိုင်နိုင်နိုင်ဖြစ်မှသာ ကိုယ့်ဘဝရဲ့ ပညာဖြစ်ပေမပေါ့။ တကယ်ကောတတ်မြောက်ပါရဲ့လော။ မေးချင်စရာမဖြစ်အောင် ကိုယ့်ဘက်က ပိုင်နိုင်တတ်သိနေရမှာပေါ့ကွယ်။

ပညာကိုချစ်ရမယ်။ ပညာကို မြတ်နိုးရမယ်။ ပညာကို တန်ဖိုးထားရမယ်။ ပညာကိုလေးစားတတ်ရမယ်။ ပညာရဲ့ဂုဏ်ရည်ကို နားလည်နေရမယ်။ ပညာရဲ့အတိမ်အနက်ကို သိမြင်ရမယ်။ ပညာရဲ့အရှိန်ကို သဘောပေါက်ရမယ်။ ပညာရဲ့အဝန်းအဝိုင်းကို လက်လှမ်းမီရမယ်။ ပညာရဲ့



အရွေ့ကို အကဲခတ်နိုင်ရမယ်။ ပညာရဲ့အတွေ့ကို လက်ခံနိုင်ရမယ်။

ပညာကို လက်ဆင့်ကမ်းရယူနိုင်ရမှာဖြစ်သလို ပညာကိုမျှဝေနိုင်ရမယ်။ ပညာကို သင်ယူရမှာဖြစ်သလို ပညာကို ပြန်လည်သင်ကြားနိုင်ရမယ်။

ပညာကို မွတ်သိပ်စွာလိုလားရမယ်။

သိပ္ပံပညာ၊ ဝိဇ္ဇာပညာ၊ စက်မှုပညာ၊ ခေတ်မီနည်းပညာတွေကိုစေစားပြီးခေတ်ကိုတိုးတက်အောင် ပြုစုထူထောင်ရမှာလည်း ဖြစ်တယ်။ အတတ်ပညာ၊ အသိပညာ၊ အတွေးအခေါ်၊ အမြော်အမြင်နိမ့်ကျအားနည်းကြပါက အန္တရာယ်ရှိတယ်။ သူတစ်ပါးအောက်သို့၊ သူတစ်ပါးနောက်သို့ နိမ့်လျှောသွားနိုင်တယ်။

ဒါကြောင့် ပညာကို လိုလားရမယ်။ လိုလိုလားလားလက်ခံကာ သင်ကြားသင်ယူမှုတွေအဆက်မပြတ်စေဘဲ အနာဂတ်မှာ မျိုးဆက်မပြတ်အောင် လေ့လာလေ့ကျင့်ကြရမယ်။ အဆက်မပြတ်ထူထောင်နိုင်ရမယ်။

ပညာကို စာဖတ်ခြင်း၊ သုတေသနပြုခြင်းတွေကနေ တိုးပွားအောင် ရှာဖွေနိုင်ရမယ်။ ပြုစုမှတ်တမ်းတင်နိုင်ရမယ်။ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ကြိုးစားအားထုတ်ကြရမယ်။

ပညာဆိုတဲ့အရာကား စာအုပ်စာပေတွေထဲမှာရှိတယ်။ စာကြည့်တိုက်တွေမှာရှိတယ်။ စာပေနဲ့ဝေးကွာသူတွေ၊ စာကြည့်တိုက်နဲ့ သူစိမ်းတရံဆန်နေသူတွေဟာ ပညာရဖို့ခဲယဉ်းတယ်။ အလွယ်တကူ ပညာမရရှိနိုင်ဘူးပေါ့။ ပညာပြည့်ဝဖို့ စာအုပ်စာပေကို မလွဲမသွေအဖော်လုပ်၊ မိတ်ဆွေဖွဲ့ကြရမယ်။

ပညာပြည့်ဝအောင် အင်တာနက်ကနေရှာဖွေစူးစမ်းနေရမယ်။ ဒစ်ဂျစ်တယ်နည်းပညာခေတ်မှာ လိုအပ်သမျှပညာတွေကို ရှာဖွေလေ့လာ၊ လေ့ကျင့်ဖတ်မှတ်နိုင်ပါတယ်။

ကမ္ဘာ့နယ်ပယ်အသီးသီးက ပညာရပ်ဆိုင်ရာကဏ္ဍအဖုံဖုံကို တစ်ခဏအတွင်းရှာဖွေချိတ်ဆက်မှတ်တမ်းပြုစုနိုင်ပေတယ်။ လုပ်ဆောင်နိုင်ဖို့ပဲလိုပါတယ်။ အချိန်ကို အကျိုးရှိရှိအသုံးချပြီးလုပ်ဆောင်နိုင်ရင် ပညာရပ်အသီးသီး၊ နည်းပညာအမျိုးမျိုးကို ထိုင်ရာမထလေ့လာသင်ယူနိုင်မှာဖြစ်တယ်။

သုတေသနလုပ်ဆောင်ရာမှာလည်း စာတွေ့လက်တွေ့လုပ်ဆောင်ကြရမယ်။ စာတမ်းတွေအဆက်မပြတ်ဖတ်နေကြရမယ်။ တတ်သိနားလည်သူတွေက ထောက်ပြဝေဖန် ဆွေးနွေးဖြည့်စွက်ကြရမှာဖြစ်တယ်။ များများလုပ်ဆောင်ပါမှ ပိုကောင်းအောင်၊ ပိုတိကျအောင်ပြုပြင်ကာထပ်မံရေးသားဖတ်ကြားနေကြရမယ်။ အကြိမ်ကြိမ် ပြုပြင်ဖြည့်စွက်ကာ တိကျသေချာနေအောင် အထပ်ထပ်စစ်ဆေးမှုတွေခံယူနိုင်ရမယ်။ စစ်ဆေးမှုတွေကို ခံနိုင်စွမ်းတဲ့စိတ်တွေ မွေးမြူကြရမယ်။

ဒါမှသာ သုတေသနပညာဟာ ရှင်သန်လာမယ်။ သုတေသနပညာရပ်ဟာ တည်မြဲလာမယ်။ သုတေသနဆိုင်ရာလုပ်ဆောင်မှုတွေဟာ တန်ဖိုးတက်လာမယ်။

သုတေသနပညာရပ်တွေထွန်းကားလာမှသာ တက္ကသိုလ်တွေက အမှန်တကယ်ပညာရည်မြင့်မားလာကြပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းယှဉ်နိုင်မှာဖြစ်တယ်။ သုတေသနပညာရပ်တွေကသာ ပညာရည်အဆင့်အတန်းကို မြှင့်တင်ပေးနိုင်တာလည်းဖြစ်တယ်ကွယ့်။

ဒါကြောင့်မို့ မောင်တို့မယ်တို့အနေနဲ့ ပညာရဲ့အလင်းကို မြင်နိုင်အောင်၊ ပညာရဲ့ကျယ်ဝန်းတဲ့အသိအမြင်ကို ရှုမြင်တတ်သိနိုင်အောင် အခြေခံအားတစ်ခုအနေနဲ့ စာများများဖတ်ကြရမယ်။ စာဖတ်တယ်ဆိုရာမှာ ကျောင်းသင်ခန်းစာတွေသာမက ပြင်ပဗဟုသုတရရှိမယ့်စာပေတွေ၊ နိုင်ငံတကာစာပေတွေ၊ ကမ္ဘာကျော်ပညာရှင်ကြီးတွေရဲ့အောင်မြင်မှုတွေ၊ ဘဝဖြတ်သန်းမှုတွေ၊ သိပ္ပံပညာဆိုင်ရာတွေ၊ အာကာသနည်းပညာဆိုင်ရာတွေ၊ ကျန်းမာရေးပညာရပ်တွေ စတဲ့အထူးထူးအထွေထွေသောစာပေတွေကို အချိန်ရသမျှလေ့လာဖတ်မှတ်၊ ပြုစုမှတ်တမ်းတင်၊ လေ့ကျင့်ကြိုးစားကာ ဝမ်းစာဖြည့်ကြရမယ်။

စာပေအရ လေ့ကျင့်သိမြင်မှုတွေ ဝမ်းစာပြည့်မှ ပညာအလင်းတွေက မောင်တို့မယ်တို့ရဲ့နှလုံးသားမှာ ထင်ဟပ်လာမှာပေါ့ကွယ်။ ဒါဆိုရင်တော့ ပညာအလင်းတွေရရှိပြီပေါ့ကွယ်။ ။

# သင့်စွမ်းအားကို ပိုက်ထွေးပါ

အောင်မြတ်စည်သူ

ကျွန်တော့်မှာ စွမ်းအားမရှိဟု ကျွန်တော့်ကို ပြောကြားခဲ့သူများ မည်မျှများပြားကြောင်း ကျွန်တော်မပြောတတ်တော့ပါ။ သင်လည်း အလားတူ ထင်မြင်ပါသလား။ သင့်မှာ စွမ်းအားမရှိဟု သင်ထင်မြင်နေပါလျှင် သင့်အောင်မြင်မှုကို သင်ဒေါက်ဖြုတ်နေခြင်းပင်ဖြစ်သည်။ လူတိုင်းတွင် စိတ်စွမ်းအားရှိသည်။ ဤဝါကျကိုဖတ်ရှုရန် သင့်တွင် စိတ်စွမ်းအားရှိရမည်။

ထို့ကြောင့် သင့်စိတ်စွမ်းအား ဖွံ့ဖြိုးစေရန် ပထမခြေလှမ်းကား သင့်မှာ စိတ်စွမ်းအားရှိသည်ဟု လက်ခံရန်ပင်ဖြစ်သည်။ သင့်မှာ ဇကန်မုချအသက်ရှိသည်ကဲ့သို့ပင် သင့်မှာ စိတ်စွမ်းအားလည်း ရှိသည်။

တစ်စုံတစ်ယောက်က သင့်ရှေ့တွင် အလေးမသည့် ဝိတ်ပြားကြီးများချ၍ သင့်ကို မ,ခိုင်းပါက သင်က မ, မနိုင်ကြောင်းသိပါလျှင် သင်သည် "ငါ့မှာ အားမရှိဘူး" ဟု ပြောမည်မဟုတ်ချေ။

"ငါ လောက်လောက်လားလား မသန်ဘူး" ဟု ပင်ပြောပေမည်။

"လောက်လောက်လားလားမသန်ဘူး" ဆိုသည်မှာ ပို၍သုံးနှုန်းသင့်သောစကားမျိုး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစကားသည် သင်အားရှိအောင်ကြိုးစားပါလျှင် အားရှိလာနိုင်ကြောင်း အရိပ်ပြသောစကားဖြစ်သည်။ သင်သန်မာကြောင်း အရိပ်ပြသည့်အနေလည်း ဖြစ်သည်။

စိတ်စွမ်းအားနှင့် ပတ်သက်နေလျှင်လည်း အလားတူပင်ဖြစ်သည်။ သင့်မှာ စိတ်စွမ်းအားရှိနေသည်က အမှန်ပင်။ ထိုချောကလက်ဝိတ်အလေးကို လက်ခံလိုက်သည်မှာ သင်စိတ်စွမ်းအားမရှိ၍မဟုတ်ချေ။ ထိုတဒင်္ဂအတွင်း သင့်စိတ်စွမ်းအားကို သင်အသုံးမချရန် ဆုံးဖြတ်လိုက်၍သာ ဖြစ်သည်။

စိတ်စွမ်းအားတည်ဆောက်ရေးသို့ ပထမခြေလှမ်းသည် သင့်မှာစိတ်စွမ်းအားရှိကြောင်း လက်ခမောင်း ခတ်လိုက်ရန်ပင်ဖြစ်သည်။ သင့်လက်မောင်းမှာ ကြွက်သားများရှိသကဲ့သို့ သင့်မှာ စိတ်စွမ်းအားရှိသည်။ သိပ်ပြီးသန်မာသောကြွက်သားဟုတ်ချင်မှဟုတ်မည်ဖြစ်သော်လည်း ကြွက်သားကတော့ ပီဘိကြွက်သားပင်ဖြစ်သည်။

ဒုတိယတစ်ဆင့်ကား သင့်လက်မောင်းမှ ကြွက်သားကဲ့သို့ပင် သင့်စိတ်စွမ်းအားသည် သင်ဖွံ့ဖြိုးမှုပြုစရာအရာတစ်ခုဖြစ်ကြောင်း သိထားခြင်းပင်ဖြစ်သည်။ ယင်းကို သန်မာအောင်ပြုရန် သို့မဟုတ် ကြုံလှီသွားစေရန်မှာ သင့်အရေးသာဖြစ်သည်။ အမှတ်တမဲ့ ပြင်ပအခြေအနေများကြောင့် ကြီးထွားသွားသည်မဟုတ်ချေ။ စိတ်စွမ်းအားသည် စိတ်ကို တမင်တကာပျိုးထောင်မှုလုပ်ငန်းစဉ်၏ ရလဒ်ဖြစ်သည်။

ကျွန်တော် ကောလိပ်ကျောင်းပြီးသောအခါ တပ်မတော်ကို ဝင်ရောက်ခဲ့သည့် အကြောင်းရပ်တစ်ခုမှာ တပ်မတော်က ကျွန်တော့်စည်းကမ်းစိတ်ကို ပို၍ဖွံ့ဖြိုးအောင် အထောက်အကူပြုမည်ဟု ယူဆခဲ့သောကြောင့်ဖြစ်သည်။ သို့တိုင်အောင် ကျွန်တော်သည် ကိုယ်ရေးစည်းကမ်းမှ ကိုယ်ကို အမှတ်တမဲ့ဖြစ်နေခဲ့သည်။ ကျွန်တော်က ကျွန်တော့်ကို တခြားသူက စည်းကမ်းချပေးသည်ကို လိုချင်ခဲ့သည်။

စိတ်စွမ်းရည်နှင့် ကိုယ်ရေးစည်းကမ်းကို တခြားသူတို့က ချပေးရိုးမရှိကြောင်းကို စစ်သားလေ့ကျင့်ရေးစခန်းမှာကတည်းက ကျွန်တော်သိလာခဲ့ရသည်။

သင်တန်းနည်းပြ တပ်ကြပ်ကြီးသည် တိုက်တိုက်တွန်းတွန်းနှင့် လှုံ့ဆော်စွမ်း၊ တစ်ခါတစ်ရံတွင် ကြောက်လန့်စရာကောင်းခဲ့သည့်တိုင်အောင် ကျွန်တော်ကိုယ်တိုင်က လုပ်ကိုင်ရန် မဆုံးဖြတ်ချင်သူ ကျွန်တော့်ကို ဘာမျှလုပ်ခိုင်း၍မရကြောင်း သိလာခဲ့ရသည်။ လုပ်ရန်လည်း ကျွန်တော်စိတ်ဆန္ဒမပြုသေးသရွေ့ ဘာမျှမဖြစ်ချေ။

သင့်စိတ်စွမ်းအားနှင့် ပတ်သက်၍ သင်ကိုယ်တိုင် ရှင်းရှင်းလင်းလင်းနှင့် မှန်မှန်ကန်ကန်သိထားမည်ဟု သင့်ကိုသင်ကတိပြုပါ။ သင့်စိတ်စွမ်းအားက သင့်မှာအမြဲရှိနေသည်။

Ref: Embrace your power by Steve Chandler

(၁၆) ကြိမ်မြောက်

ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့




"ခွေးရူးရောဂါကြောင့် သေဆုံးမှု မရှိစေရေး၊
တစ်ခုတည်းသောကျန်းမာရေးအသိဖြင့် ဆောင်ရွက်ပေး"

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာဝင်ငွေကို ဝင်ငွေရလမ်းအဖြစ် အသုံးပြုရာတွင် တင်ပြရမည့်အထောက်အထားများနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာဝင်ငွေသည် နှစ်စဉ်ပြဋ္ဌာန်းသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိပါသည်။ လစာခေါင်းစဉ်မှဝင်ငွေတွင် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့်အခကြေးငွေ၊ ကော်မရှင်တို့ ပါဝင်ပါသည်။

၂။ ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသော လစာမှဝင်ငွေကို ပြည်တွင်းသို့ လွှဲပြောင်း၍ ပြည်တွင်း၌ မော်တော်ယာဉ်၊ အိမ်၊ ခြံ၊ မြေ စသည့် အခြေပစ္စည်းများ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် အစုရှယ်ယာများဝယ်ယူ၊ ထည့်ဝင်ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ရာတွင် **တည်ဆဲဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန် ထပ်မံပေးဆောင်ရန်မလိုသည့် အခွန်ဆိုင်ရာ အကျိုးခံစားခွင့်**ကို ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် ပြည်ပနေနိုင်ငံသား၏ ပြည်တွင်းသို့လွှဲပြောင်းသည့် လစာငွေများသည် အောက်ပါအချက်များနှင့် ကိုက်ညီမှသာ **အခွန်ဆိုင်ရာအကျိုးခံစားခွင့်**ကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်-

(က) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ခြင်း၊
- (၁) နိုင်ငံကူးလက်မှတ် (မိတ္တူ)၊
- (၂) လစာဝင်ငွေရရှိခြင်းအထောက်အထား(မူရင်း) သို့မဟုတ် အခွန်ထမ်းဆောင်ထားသည့် အထောက်အထား(မူရင်း)၊
- (၃) အလုပ်လုပ်သည့်ကာလဆိုင်ရာအထောက်အထား(မူရင်း)၊
- (၄) ဆိုင်ရာကုမ္ပဏီက တရားဝင်ထုတ်ပေးသည့် လစာထုတ်ပေးမှုမှတ်တမ်း(မူရင်း)။

(ခ) ပြည်တွင်းသို့ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ် (သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်လိုင်စင် ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် လွှဲပို့မှုဖြစ်ခြင်း (သို့မဟုတ်) ကာယကံရှင်ကိုယ်တိုင် ပြည်ပမှပြန်လာစဉ် တစ်ပါတည်း ယူဆောင်ခဲ့ခြင်း၊
- (၁) ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ်(သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်လိုင်စင် ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် လွှဲပို့မှုဖြစ်ပါက ယင်းလုပ်ငန်းများမှ ထုတ်ပေးသည့် ငွေလွှဲပို့မှုမှတ်တမ်း၊
- (၂) ကာယကံရှင်ကိုယ်တိုင် ပြည်ပမှပြန်လာစဉ် တစ်ပါတည်း ယူဆောင်ခဲ့ခြင်းဖြစ်ပါက တရားဝင်ငွေလွှဲခွင့်လိုင်စင်ရရှိထားသည့် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတွင် ငွေလဲလှယ်ထားသည့် အထောက်အထားနှင့် လေဆိပ်တွင် ကြေညာထားသည့် အထောက်အထား။

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ)ပါ အချက်များအတွက် သက်ဆိုင်သည့်အထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်ခြင်း။

၄။ သို့ဖြစ်ပါ၍ ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအနေဖြင့် အခွန်ကင်းလွတ်ခွင့်ရရှိသော လစာဝင်ငွေအပေါ် အခွန်ဆိုင်ရာအကျိုးခံစားခွင့်များကို အပြည့်အဝခံစားနိုင်ရန်အတွက် မြန်မာနိုင်ငံသို့ ငွေလွှဲပြောင်းပေးပို့ခြင်းဖြစ်ပါက ဘဏ် (သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်လိုင်စင်ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ကြပါရန်၊ ကာယကံရှင်ကိုယ်တိုင် ပြည်ပမှပြန်လာစဉ် တစ်ပါတည်းယူဆောင်ခဲ့ခြင်းဖြစ်ပါက တရားဝင် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတွင် လဲလှယ်ကြပါရန်၊ လေဆိပ်တွင် ကြေညာသည့် အထောက်အထားနှင့် သက်ဆိုင်ရာအထောက်အထားများကို စနစ်တကျသိမ်းဆည်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၅။ အခွန်ဆိုင်ရာသိရှိလိုသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲကွပ်ကဲမှုအောက်ရှိ အခွန်ထမ်း ဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံး၊ အမှတ် (၁၂၈/၁၃၂)၊ ဒုတိယထပ်နှင့် တတိယထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ ၀၁-၈၃၇၈၃၇၇၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅ လမ်း၊ ၂၂x၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာရှိ တောင်ကလေးတောရဘုန်းတော်ကြီးကျောင်း၌ အုတ်ရှစ်ကုန်းအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ဇင်ဦး ဦးစီးတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကျော်ကျော်(ဒိုက်ဦး)



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီက အမှတ် (၂) ရပ်ကွက် မဟာရွှေစည်ကြီးစေတီတော်၌ ကန့်ဘလူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသောင်းထိုက်ဦးစီး၍ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်တို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## ရမ်းဗြဲမြို့နယ်သမဝါယမအသင်းစု(လီမိတက်)က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရမ်းဗြဲ စက်တင်ဘာ ၂၆

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ရမ်းဗြဲမြို့နယ် ရမ္မာဝတီ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များနှင့် အခြေခံသမဝါယမအသင်း ၁၃၀ မှ ကျေးရွာအုပ်စုအလိုက် အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။



အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းက အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားခြင်း၊ အသင်းစာရင်းစစ်အဖွဲ့ အစီရင်ခံစာကို အသင်းစာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးလှသွယ်က ဖတ်ကြားတင်ပြခြင်း၊ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တို့အတွက် နှစ်ချုပ်အစီရင်ခံစာကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူးက ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ၎င်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို တက်ရောက်လာကြသော အသင်းဝင်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မုဒုံမြို့နယ် သမဝါယမအသင်းစုလီမိတက်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

မုဒုံ စက်တင်ဘာ ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၁-၁၀-၂၀၂၁ ရက်မှ ၃၁-၃-၂၀၂၂ ရက်နေ့ထိ ခြောက်လတာကာလဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မုဒုံမြို့နယ်သမဝါယမအသင်းစုရုံးခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်ကော်မတီအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ အခြေခံသမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ ဒေါ်စိုးစိုးအေးက ဆောင်ရွက်ခဲ့ပြီး၊ ပြည်နယ်သမဝါယမဦးစီးမှူးနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ၁-၁၀-၂၀၂၁ ရက်မှ ၃၁-၃-၂၀၂၂ ရက် နေ့ထိ ခြောက်လတာကာလဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများအား ဖတ်ကြားရှင်းလင်း၍ ဆွေးနွေးသဘောတူညီချက်ရယူကာ အတည်ပြုချက်ရယူခြင်း၊ လစ်လပ်အမှုဆောင် သုံးဦးအား အစားထိုးရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပဲခူး စက်တင်ဘာ ၂၆

ပဲခူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ဖြင့် ဆောင်ရွက်ခဲ့သည့် ပဲခူးမြို့နယ် ကျောင်းစုကျေးရွာ ကျေးရွာအဝင်လမ်း ဂဝံခင်းခြင်း အလျားပေ ၁၅၂၀၊ အကျယ် ၁၂ ပေ၊ ဒု ရှစ်လက်မလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဂဝံလမ်းကို VDP စီမံကိန်း နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သုံးသန်း စုစုပေါင်း ဝင်ငွေကျပ် ၁၃ သန်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၁၃၀ နှင့် လူဦးရေ ၇၅၀ ခန့်တို့အား အကျိုးပြုကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် ဝေါမြို့နယ် သိုက်တူးကုန်းကျေးရွာ၊ အများထမင်းဆိုင်ကျေးရွာတို့၌ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ၂၂၂

## အမရပူရမြို့ ရွှေကြက်ယက်ဘုရားဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

အမရပူရ စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ မန္တလေးမြို့ အမရပူရမြို့နယ် ရွှေကြက်ယက်ဘုရားအနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးခင်မောင်ထွန်း၊ အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အမရပူရမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့် မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ပြီး ငါးသားဖောက်စခန်း သုံးခုမှ နှစ်လက်မအရွယ် ငါးခုံးမကြီးသားပေါက်ကောင်ရေ လေးသိန်းနှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ငါးသိန်းအား ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၃၄)၊ အကျယ်အဝန်း ပေ(၂၅x၅၀)ရှိ၊ ဦးဇော်မင်း(TKA-၀၂၆၄၁၃) အမည်ပေါက် မြေချပါမစ်မြေကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၃၅)၊ အကျယ်အဝန်း ပေ(၂၅x၅၀)ရှိ ဒေါ်ချို(N/OKA-၀၅၅၉၉၂)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၃၆)၊ အကျယ်အဝန်း ပေ(၂၅x၅၀)ရှိ ဦးတိုးစိန်(TZE-၁၀၈၃၀၃) အမည်ပေါက် မြေချပါမစ်မြေကွက်များနှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၁)ရပ်ကွက်၊ စံပယ်လမ်းနှင့် နှင်းဆီ(၁)လမ်းထောင့်၊ အမှတ်(၁၃၄/၁၃၅/၁၃၆)ဟုခေါ်တွင်သော ရေ၊ လျှပ်စစ်မီး အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူများထံမှ အဆင့်ဆင့်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မြင့်မြင့်အေး [၁၂/ကမရ(နိုင်)၀၀၅၈၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းအထောက်အထားများဖြင့် ယခုသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်လွင်ဦး** | **ဒေါ်နှင်းအိခိုင်** |
| **LL.B,LL.M,D.B.L,D.M.L,D.I.L,PGDL,** | **B.Sc,LL.B,LL.M,PGDL,D.A,D.M.A.C** |
| **D.L.P, WIPO(Switzerland)** | **D.L.P, WIPO (Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၉၅၀၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၄၇၀)** |

**အမှတ်(၆၇)၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၄၃၀၉၀၇၈၂**

## ထွန်းတောက်ကြယ်

အိမ်ခြံမြေ အကျိုးဆောင်
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ
မြေကွက်များ ရောင်း/ဝယ်ရေးကို
ထွန်းတောက်ကြယ် အကျိုးဆောင်မှ ဆောင်ရွက်ပေးပါသည်။
မိတ်ဆွေတို့ စိတ်တိုင်းကျအောင်ဆောင်ရွက်ပေးပါသည်။
**09-421125084**
**09-769489460**

## ကိုမိုးဆန်း

အိမ်ခြံမြေအကျိုးဆောင်
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
မြောက်ပိုင်း၊တောင်ပိုင်း၊ဆိပ်ကမ်း
ရွှေပေါက်ကံရှိ မြေကွက်များ
စျေးမှန်ပေးဝယ်သည်။
**09-254493139**
**09-799949106**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၅)လမ်း၊ အမှတ်(၂၈၇)၊ (၃)ထပ်ခွဲ (၅)ထပ်တိုက်၏ မြေညီထပ်(ထပ်ခိုးပါ)၊ (မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း(၁၄ပေx၅၀ပေ)ရှိတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းအေး [၁၂/သဃက(နိုင်)၀၇၄၈၁၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လာဒါး [၁၂/ရကန(နိုင်)၀၈၀၆၈၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၄၅)**
**တိုက်(A-3)၊ အခန်း(၂၀၉)၊ ဗညားဒလလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ ဂန္ဓာရုံလမ်းနှင့်ဗိုလ်မြတ်ထွန်းလမ်းထောင့်၊မြေကွက်အမှတ်( ၁၉၉ )၊အကျယ်အဝန်း( ၄၀ပေ× ၆၀ပေ) ရှိ ဦးကျော်ရင်( AD-၀၃၆၉၀၁ )အမည်ပေါက်နှစ်( ၆၀ )ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဦးခိုင်မိုးကျော်( ၁၂/ဒဂမ(နိုင်) ၀၁၄၁၂၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ယဉ်သီတာထက်( ၁၃/နမတ(နိုင်) ၀၃၇၁၀၁ )က ဝယ်ယူရန်အတွက်စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L, | LL.B, D.B.L, D.I.P.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

Hein Htet San Law Firm ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက် အောင်မေတ္တာလမ်း၊ အမှတ်-၆၇၅/က၊ ၆လွှာ၊ အရောင်း အဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအား အပျောက်စနစ်ဖြင့် ဝယ်ယူရန် တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သူ ကန်ထရိုက်တာ ဦးနဂျစ် (ခ) ဦးဇော်မြင့် (၁၂/စခန(နိုင်)၀၇၀၄၆၄) Royal Family ဆောက်လုပ်ရေးထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်မေသူနိုင် (LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၀၁)
အမှတ်-၂၀၄၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၂၅၆၃၈၀

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၁၂၀)၊ ပထမထပ်၊ (၂-လွှာ) (ခေါင်းရင်းခန်း)၊ (အလျား ၁၈x အနံ ၅၀)ပေ အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးဟိန်းထွန်းဇော် [၁၂/ဒဂမ(နိုင်)၀၂၃၄၈၃] ကိုင်ဆောင်သူက ရောင်းချရာအားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန္တာထွန်း [၁၂/မဂဒ(နိုင်)၁၄၁၄၄၂]မှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားနေထိုင်နေသူဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံတင်သွင်းထားခြင်းများမရှိပါကြောင်းနှင့် မိမိတစ်ဦးတည်းသာလျှင် လက်ရှိထား ပိုင်ဆိုင်နေသူဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်သန္တာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စောနှင်းအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၁၂)(၂၇-၆-၂၀၁၉)**
**အမှတ်(၂၄/ခ)၊ ဗိုလ်မင်းရောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၇၇၉၆၉၂၇၀၄၊ ၀၉-၄၄၃၀၉၁၈၄၈**

## ဒေါ်ချိုချိုဝင်း [၁၂/သဃက(နိုင်)၁၆၄၉၈၄]နှင့် အများသိသာစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ(၆)လမ်း၊ အမှတ်(၈၂)တွင်နေထိုင်သော ဦးမင်းသူ (ဘ) ဦးကြည်ဝင်း [၁၂/ဥကမ(နိုင်)၀၇၄၄၄၈] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်များအရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ(၆)လမ်း၊ အမှတ်(၈၂)တွင် အတူနေထိုင်သော ဦးမင်းသူ၏ဇနီးဖြစ်သူ ဒေါ်ချိုချိုဝင်း (ဘ) ဦးတင်ဦး [၁၂/သဃက(နိုင်)၁၆၄၉၈၄]ကိုင်ဆောင်သူသည် (၁၀-၉-၂၀၂၂)ရက်နေ့ ညနေတွင် နေအိမ်မှ လင်မယားစကားများ၍ မိမိသဘောဆန္ဒဖြင့်ဆင်းသွားပါသဖြင့် ဖြားယောင်းသွေးဆောင်ထားခြင်း၊ ဖုန်းဖြင့်လက်ခံစကားပြောဆို အကြံဉာဏ်ပေးခြင်း၊ လက်ခံထားခြင်းရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်ငြိမ်း (LL.B) (စဉ်-၇၄၅၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၈၉၈)၊ စာဂလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၅၀၀၁၇၉၃၊ ၀၁-၅၇၂၆၉၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဂိုးဒင်းစီးတီးကွန်ဒို၊ ရန်ကင်းလမ်းမ၊ အခန်းအမှတ်- ၂၇၀၁၊ (၂၇)လွှာ၊ တိုက်-၇၊ (၁၄၉၉.၈၇) စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိရွှေစင် [၁၂/မဂတ(နိုင်)၀၈၇၇၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းအား မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက ဤပစ္စည်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ရတနာငွေခိုင် (LL.B)** | **ဒေါ်ခင်မြတ်လေးစံ(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၀၅၁၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၆၈၂)** |

**အမှတ်(၁၇၁-က)/ (၂)လွှာ၊ (၃)ရပ်ကွက်၊ (၄)လမ်းထောင့်၊**
**ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။**
**CHOE GO LAW & ACCOUNTING FIRM**
**Ph: 09- 403671020**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ရန်ပြေ (၁၈)လမ်း-အနောက်၊ တိုက် ၁၅ (က) ဟုခေါ်တွင်သော မြေပေါ်တွင်တည်ဆောက်ထားသည့် (၆)ထပ်တိုက် အဆောက်အဦ၏ ၃ လွှာ (ဒုတိယထပ်)၊ (အလျားပေ ၅၄x အနံပေ ၁၈) အကျယ်ဝန်းကျင်ရှိသော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်ငွေးလှိုင် [၅/ပလန(နိုင်)၀၈၁၇၀၀]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမောင်မောင်လှ နှင့် ဒေါ်မေသန္တာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်မင်းခေါင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၃၄)**
**အမှတ် (၆)၊ (၆)လွှာ၊ ရန်ပြေ (၁၈)လမ်း-အနောက်၊ (၃) ရပ်ကွက်၊**
**ရန်ပြေ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၀၀၅၁၅၃၂**

# ရောင်းမည်

## ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ

**150'×200' (30000 sqft)**
**Main လမ်းမပေါ် (ထောင့်ကွက်)**
**1 sqft - 220000**
ဖုန်း-**09-5003426**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ကျော်သူလမ်း(၂၀)၊ မြေကွက်အမှတ်(၇၄၂/ခ)၊ မြေအကျယ်အဝန်း(၂၀ပေ×၆၀ပေ) အနက်မှ(ခေါင်းရင်းခြမ်း)၊ (မြေကွက်အမှတ်(၇၄၃)နှင့်ကပ်လျက်ဘက်အခြမ်း)၊ မြေအကျယ်အဝန်း(၁၀ပေ×၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန်းဦး(၁၂/ဥကတ(နိုင်)၀၂၉၂၂၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးအေးကျော်(၇/ကတခ(နိုင်)၀၈၁၁၉၁)နှင့် ဒေါ်ရင်ရင်သန့် (၁၂/ဥကတ(နိုင်)၁၅၁၅၆၈)တို့မှ (၂၄-၉-၂၀၂၂)ရက်နေ့တွင် ''နှစ်ဦးသဘောတူ မြေကွက်နှင့် နေအိမ်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်''ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် စာရွက်စာတမ်းမူရင်းများအား လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် နေအိမ်သည် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးအေးကျော် နှင့် ဒေါ်ရင်ရင်သန့် တို့မှသာ တရားဝင် လက်ရောက် ပိုင်ဆိုင်သူများဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မေဇင်ဦး(LL.B)၊ စဉ်-(၃၉၅၀၁)
အထက်တန်းရှေ့နေ
အမှတ်(၅၇၇)၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၇၇၆၈ရ၁၂၂၀၊ ၀၉-၄၂၀၀၃၅၂၅၈

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၁၅၊ နည်းဥပဒေ-၂၀)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၈**

| | | |
|---|---|---|
| ဒေါ်ဟန်စုလှိုင် | | ဦးအောင်ကျော်ဦးပါ-၃ |
| **တရားလို** | **နှင့်** | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ခေမာကျောင်းလမ်း၊ အမှတ်(၇၁၆/က)နေ ဦးမောင်မြ၊ ဒေါ်ကြည်ဝေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ဟန်စုလှိုင်က "ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု" ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အနေနှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၁)ရက်၊ ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ထဲ ထည့်အပ်ပို့လိုက်ရမည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၂၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇေယျာဦး)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်(၁၀၂၅)၊ မြေကွက်တည်နေရာ- အမှတ်(၁၀၂၅)၊ ပြည်ထောင်စုလမ်းမ၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်ရင်မြ) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား CF-095269 မြေအမည်ပေါက် ဒေါ်ရင်မြနှင့် (ခင်ပွန်း) ဖြစ်သူ ဦးစိန်ထွန်းတို့ ကွယ်လွန်ခဲ့ပါသဖြင့် ဒေါ်ရင်မြနှင့် ဦးစိန်ထွန်းတို့မှ သားသမီးတစ်ဦးတစ်ယောက်မျှ မွေးဖွားထွန်းကားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ (ခင်ပွန်း) ဦးစိန်ထွန်းသက်ရှိထင်ရှားရှိစဉ်ကလည်း၊ ကိတ္တိမသားသမီးများ မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ဦးစိန်ထွန်း ကွယ်လွန်ပြီးနောက် မြေအမည်ပေါက် ဒေါ်ရင်မြမှ အမွေစားအမွေခံ ကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်အမှတ်- ၉၀၇၀/၂၀၁၈ (၂၇-၈-၂၀၁၈)ဖြင့် ဦးဖြိုးဆင့် [၁၂/ဒဂမ(နိုင်)၀၃၀၂၈၁]အားလည်းကောင်း၊ အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်အမှတ်- ၉၀၇၁/၂၀၁၈ (၂၇-၈-၂၀၁၈)ဖြင့် ဦးအောင်ဖြိုး [၁၂/ဒဂမ(နိုင်)၀၃၁၃၂၉]အားလည်းကောင်း၊ အသီးသီးမွေးစားခဲ့ကြောင်း၊ ဒေါ်ရင်မြသည် နောက်အိမ်ထောင်ပြုခြင်းလုံးဝမရှိဘဲ ကွယ်လွန်သွားပါသဖြင့် မွေးစားမိခင် ဒေါ်ရင်မြတွင် တရားဝင်အမွေဆက်ခံခွင့်ရှိသူများအဖြစ် ကိတ္တိမ မွေးစားသားများဖြစ်ကြသော ၎င်းတို့ညီအစ်ကို(၂)ဦးတည်းသာလျှင် ကျန်ရှိခဲ့ပြီး အခြားသော ကိတ္တိမမွေးစားသားသမီး တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းတို့ ညီအစ်ကို (၂)ဦးတည်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းနှင့် ၎င်းတို့လွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးစိန်ထွန်း၏ သေဆုံးမှုလက်မှတ်၊ ဒေါ်ရင်မြ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ အမွေစားအမွေခံ ကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်အမှတ်-၉၀၇၀/၂၀၁၈ (၂၇-၈-၂၀၁၈)နှင့် အမွေစား/ အမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်အမှတ်- ၉၀၇၁/၂၀၁၈ (၂၇-၈-၂၀၁၈)တို့တင်ပြ၍ ဦးဖြိုးဆင့်နှင့် ဦးအောင်ဖြိုးတို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)
## ပထမနှစ်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် သင်ကြားမည့် ဘွဲ့ကြိုသင်တန်းများ၏ သင်တန်းကာလမှာ(၅)နှစ်ဖြစ်ပြီး B.E.(Hons.) ဘွဲ့ကို အပ်နှင်းမည်ဖြစ်သည်။ အောက်ဖော်ပြပါ အဓိက ဘာသာရပ်(၂)ခုကို သင်ကြားပေးမည်ဖြစ်ပြီး ဘာသာရပ်တစ်ခုလျှင် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ဦးရေ(၆၀)ဦးစီ လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်–

(က) **Computer Science and Engineering (CSE)**
(ခ) **Electronics and Communications Engineering (ECE)**

၂။ သင်တန်းတက်ရောက်မည့်သူများသည် အောက်ပါအရည်အချင်းနှင့်ပြည့်စုံရမည်–

(က) မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနအားလုံးမှ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်–
 (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
 (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
 (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာ၊ ရူပဗေဒ၊ ဓာတုဗေဒ
 (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ
 (၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဇီဝဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
(ခ) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ မိမိကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်(နိုင်)(ပြု)(ဧည့်)ကို အပြည့်အစုံဖော်ပြ၍ မိတ္တူများကိုလည်း ပူးတွဲတင်ပြရမည်။
(ဂ) လျှောက်ထားသူများသည် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချမှုအား နားလည်နိုင်သော အရည်အချင်းရှိရမည်။

၃။ အထက်အပိုဒ်(၂)ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားရမည်။

၄။ ဝင်ခွင့်လျှောက်လွှာများကို (၂၇–၉–၂၀၂၂)ရက်နေ့မှစ၍ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ ကျောင်းသားရေးရာဌာနနှင့် တက္ကသိုလ် **Website** ဖြစ်သော **www.miit.edu.mm မှ Download** ပြုလုပ်ခြင်းဖြင့် စတင်ထုတ်ယူနိုင်ပြီး (၂၃–၁၀–၂၀၂၂)ရက် နောက်ဆုံးထား၍ တိုက်ရိုက်လျှောက်ထားရမည်။ လျှောက်လွှာများကို အစိုးရရုံးဖွင့်ရက်များတွင် လျှောက်ထားရမည် ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ အချက်အလက်များကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့မှသာ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လက်ခံစဉ်းစားပေးမည်ဖြစ်ပါသည် –
(က) ၂၀၂၁–၂၀၂၂ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်လက်မှတ် **(မူရင်းနှင့်မိတ္တူ)**
(ခ) ၂၀၂၁–၂၀၂၂ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း **(မူရင်းနှင့်မိတ္တူ)**
(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးလုံး၏ **နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)**
(ဃ) (၆)လအတွင်း ရိုက်ကူးထားသော **ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၄)ပုံ**
(င) သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာမူရင်း

၆။ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး လျှောက်လွှာနှင့်အတူ တင်ပြရမည့် အချက်အလက်ပြည့်စုံသည့် လျှောက်ထားသူများသည် (၁–၁၁–၂၀၂၂)ရက်နေ့မှ (၃–၁၁–၂၀၂၂)ရက်နေ့အထိ မြန်မာသတင်း အချက်အလက်နည်းပညာတက္ကသိုလ် စာစစ်ဌာန၌ အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲအား ဝင်ရောက် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ တက္ကသိုလ်ဝင်ခွင့်အတွက် **ဝင်ခွင့်စာမေးပွဲရမှတ်နှင့် တက္ကသိုလ်ဝင်တန်းရမှတ်**ကို ပူးတွဲစဉ်းစား မည်ဖြစ်ပြီး အောင်မြင်သူများကိုသာ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၈။ အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲသည် (၂)နာရီ မေးခွန်းဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒဘာသာရပ်ဆိုင်ရာ မေးခွန်းများဖြေဆိုရမည်ဖြစ်ပါသည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်များကို (၂၈–၁၀–၂၀၂၂)ရက်နေ့တွင် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ ကြော်ငြာသင်ပုန်းများနှင့် www.miit.edu.mm၌ ကြော်ငြာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို (၂၈–၁၀–၂၀၂၂)ရက်နေ့နှင့် (၃၁–၁၀–၂၀၂၂) ရက်နေ့များတွင် ထုတ်ပေးမည် ဖြစ်ပါသည်။ ဖြေဆိုခွင့်ကတ်ပြားမရှိပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့် လုံးဝ(လုံးဝ)ခွင့်ပြုမည် မဟုတ်ပါ။

၁၀။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြို သင်တန်းများ စတင်ဖွင့်လှစ်မည့်ရက်ကို အသိပေးထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို www.miit.edu.mmတွင် လည်းကောင်း၊ တယ်လီဖုန်း နံပါတ် ၀၉–၇၈၅၅၅၇၇၀၆ နှင့် ၀၉–၇၈၅၅၅၇၇၀၉ တို့သို့လည်းကောင်း တိုက်ရိုက်မေးမြန်းစုံစမ်း နိုင်ပါသည်။

**ကျောင်းသားရေးရာဌာန**
**မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

## စွမ်းအင်ဝန်ကြီးဌာန
## စက်သုံးဆီဆိုင်များနှင့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်တို့ကို ကာလရှည် ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် တင်ဒါဖိတ်ခေါ်ခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်သုံးဆီအရောင်းဆိုင် (၈)ဆိုင်နှင့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (၁) ဆိုင်တို့ကို ကာလရှည် ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါဖိတ်ခေါ်အပ်ပါသည်–

| စဉ် | တင်ဒါအမှတ် | အရောင်းဆိုင်အမှတ် | ဒေသ |
|---|---|---|---|
| (၁) | Tender No.1(SDD–0254) | စက်သုံးဆီအရောင်းဆိုင် (၀၂၅၄) | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| (၂) | Tender No.2(SDD–0275) | စက်သုံးဆီအရောင်းဆိုင် (၀၂၇၅) | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| (၃) | Tender No.3(SDD–0611) | စက်သုံးဆီအရောင်းဆိုင် (၀၆၁၁) | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| (၄) | Tender No.4(SDD–0614) | စက်သုံးဆီအရောင်းဆိုင် (၀၆၁၄) | ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး |
| (၅) | Tender No.5(SDD–0160) | စက်သုံးဆီအရောင်းဆိုင် (၀၁၆၀) | အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| (၆) | Tender No.6(SDD–0192) | စက်သုံးဆီအရောင်းဆိုင် (၀၁၉၂) | ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| (၇) | Tender No.7(SDD–0354) | စက်သုံးဆီအရောင်းဆိုင် (၀၃၅၄) | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |
| (၈) | Tender No.8(SDD–0742) | စက်သုံးဆီအရောင်းဆိုင် (၀၇၄၂) | လွိုင်လင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) |
| (၉) | Tender No.9(SDD–0773) | ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင် (၀၇၇၃) | တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) |

၂။ ငှားရမ်းခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ၂၇–၉–၂၀၂၂ ရက်နေ့မှ စတင်၍ အောက်ဖော်ပြပါ နေရာများတွင် ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပါသည်–
(က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ရန်ကုန်)၊ ခနိတော အမှတ် ၉/က၊ သံလျှက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
(ဂ) ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(မန္တလေး)၊ ကမ်းနားလမ်း၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

၄။ တင်ဒါအဆိုပြုလွှာများအား ၂၆–၁၀–၂၀၂၂ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီထက် နောက်မကျစေဘဲ အောက်ဖော်ပြပါလိပ်စာသို့ ပေးပို့တင်ပြရမည်ဖြစ်ပါသည်–
ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန၊ရုံးအမှတ် (၆)၊ နေပြည်တော်
ဖုန်း ၉၅–၀၆၇–၃၄၁၁၀၄၆
ဖက်စ် ၉၅–၀၆၇–၄၁၁၂၁၃
အီးမေးလ် oilandgasplanningdepartment@gmail.com

၅။ တင်ဒါအဆိုပြုလွှာတင်ပြရာတွင် လိုအပ်သည့်အချက်အလက်များနှင့်စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့ ၊ (၁၄:၀၀) နာရီအချိန်၌ ရေနံနှင့်သဘာဝ ဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်တွင် ရှင်းလင်းပြောကြားသွား မည်ဖြစ်ပါသည်။

၆။ နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပေးသွားမည့် စက်သုံးဆီဆိုင်များနှင့် ရေနံဓာတ် ငွေ့ရည် အရောင်းဆိုင်များ၏ အခြေအနေများကို သိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်–
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ရုံးအမှတ် (၄၄)၊ နေပြည်တော်
ဖုန်း ၉၅–၀၆၇–၃၄၁၁၀၅၀/ ၉၅–၀၆၇–၃၄၁၁၁၁၆
ဖက်စ် ၉၅–၀၆၇–၃၄၁၁၁၂၆
အီးမေးလ် mpeict@gmail.com

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စွမ်းအင်ဝန်ကြီးဌာန**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
## ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ၂၀၂၂–၂၀၂၃ ပညာသင်နှစ်၊ သိပ္ပံဘွဲ့ (သစ်တောပညာ) B.Sc Forestry၊ (၅) နှစ်သင်တန်းသို့ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ (၆၄) ဦးနှင့် အမျိုးသမီးဦးရေ (၁၆) ဦး၊ စုစုပေါင်း (၈၀) ဦး လက်ခံ မည်။

၃။ လျှောက်ထားသူသည်–
(က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး တက္ကသိုလ်ဝင် စာမေးပွဲတွင် စုစုပေါင်း ရမှတ် (၃၆၀) မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်ခွင့်ရရှိပါက သက်ဆိုင်ရာ ဘာသာရပ်များနှင့်ပတ်သက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် တက္ကသိုလ် ဝင်ခွင့် ပဏာမရွေးချယ်ခံရသူများအနေဖြင့် သစ်တောနှင့်ပတ်ဝန်းကျင် ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် မိုင် (၂၀)လမ်းလျှောက်စွမ်းရည် စစ်ဆေး ခြင်းခံယူရမည်။

၄။ ဝင်ခွင့်လျှောက်လွှာကို မိမိအစီအစဉ်ဖြင့် (A–4 Size) စာရွက်တွင် ကွန်ပျူတာစာစီ ရိုက်နှိပ်ပြီး လျှောက်ထားနိုင်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင် ပြရမည်–
(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် (မိတ္တူ) (ကျောင်းအပ်နှံချိန်တွင် မူရင်းတင်ပြရမည်။)
(ခ) ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် အမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ် နှံချိန်တွင် မူရင်းတင်ပြရမည်။)
(ဂ) ပြစ်မှု/ ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း သို့မဟုတ် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် (မူရင်း)
(ဃ) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ) နှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသား စိစစ်ရေးကတ် (မိတ္တူ)
(င) လိုင်စင်ဓာတ်ပုံ (၄) ပုံ
(စ) သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/ တိုင်းဒေသကြီးပြည်သူ့ဆေးရုံတို့မှ ကျန်းမာ ကြောင်း ဆေးစစ်ချက် **(မူရင်း)** နှင့် မျက်စိအရောင်ခွဲခြားနိုင်ခြင်း **(Colour Blind)** ဆေးစစ်ချက် **(မူရင်း)**

၆။ လျှောက်လွှာကို အမှတ်စဉ် (၅) ပါ အထောက်အထားများနှင့်အတူ ၁၁–၁၀–၂၀၂၂ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ သင်တန်းရေးရာဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ တိုက်ရိုက်ပေးပို့လျှောက်ထား ရမည်။

၇။ အချက်အလက်များ မှန်ကန်မှု မရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ ပဏာမရွေးချယ်ခံရသူများစာရင်းနှင့် ကျောင်းဖွင့်မည့်အချိန်ကို ထပ်မံအသိပေး ကြေညာမည်ဖြစ်သည်။

၉။ အကယ်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေး အဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာ အိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၁၀။ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ဖုန်း–၀၆၇–၃၄၁၆၅၁၉ သို့မဟုတ် E.mail လိပ်စာ **ufes.registrar@gmail.com** သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### လျှောက်လွှာနမူနာပုံစံ
### သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
### ဘွဲ့ကြိုပထမနှစ်ဝင်ခွင့်လျှောက်လွှာ (၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ တစ်ပုံကပ် သုံးပုံပူးတွဲ

၁။ အမည် (အပြည့်အစုံ)-------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------
၂။ မွေးသက္ကရာဇ် (ရက်၊ လ၊ နှစ်)------------------------------------
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ်---------- ခုနှစ်----------
စာစစ်ဌာန ----------------------
၄။ လူမျိုး------------------------ကိုးကွယ်သည့်ဘာသာ--------------
၅။ အမြဲနေထိုင်သောလိပ်စာနှင့်တယ်လီဖုန်းနံပါတ်----------------------
-----------------------------------------------------------------
၆။ ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းနံပါတ်------------------------
-----------------------------------------------------------------
၇။ ဖခင်အမည်---------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်------------
အလုပ်အကိုင်----------------------------------------------
အမိအမည်---------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------
အလုပ်အကိုင်----------------------------------------------
၈။ ဝန်ခံချက်
အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။------------------ ------------------
လျှောက်ထားသူ၏လက်မှတ်
အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။------------------ ------------------
မိဘ/ အုပ်ထိန်းသူ လက်မှတ်




**အမည်မှန်**
တပ်ကုန်းမြို့နယ်၊ အ.ထ.က(ခွဲ) ကြီးအင်း Grade–8 (သင်ရိုးသစ်)တွင် တက်ရောက်နေသော (ဘ) ဦးနိုင်ဝင်းထွန်း၏သမီး အမည်မှန်မှာ မသဲနှင်းစက် ဖြစ်ပါကြောင်း။
**မသဲနှင်းစက်**

**အမည်ပြောင်း**
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးလှိုင်ဝင်းလွင်၏သားဖြစ်သူ 1NESS International School Grade–1 တွင် ပညာသင်ကြားနေသော မောင်ကောင်းဆက်လွင်အား မောင်ချမ်းငြိမ်းဇေ ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ချမ်းငြိမ်းဇေ**

**ပျောက်ဆုံးကြောင်း**
ကိုတင်ထွဋ် (ဘ) ဦးကျော်ထွန်း [၁၂/ပဇတ(နိုင်)၀၁၁၈၄၅] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
Ph: 09– 253305194

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်မူနား [၇/ဖမန(နိုင်)၁၉၃၁၄၈]၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း– ၀၉–၉၆၆၀၅၅၃၆**

**အမည်ပြောင်း**
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးလှိုင်ဝင်းလွင်၏သားဖြစ်သူ 1NESS International School Grade–5တွင် ပညာသင်ကြားနေသော မောင်ရှိုင်းထက်လွင်အား မောင်စွမ်းထက်မြက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်စွမ်းထက်မြက်**

**အမည်ပြောင်းခြင်း**
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ (အဖ) ဦးဖြိုးချစ်သွေး[၁၂/ဗတထ(ပြု)၀၀၀၄၄၃]၏သား မောင်းမကန်ကိုယ်ပိုင် မူလတန်းကျောင်းတွင် Grade–2 တက်ရောက်နေသော မောင်ဝဿန်ဖြိုးချစ်အား မောင်နည်ကိုဖြိုးချစ်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်နည်ကိုဖြိုးချစ်**

ဒဂုံမြို့သစ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
09260664480
09260664490

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးလှစိန်၏ သမီးဖြစ်သူ မနဒီရွှေစင် [၆/ကသန(နိုင်)၀၈၆၆၉၃]သည် ဖခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒ အလျောက်ပြုမူသွားပါသဖြင့် ရာသက်ပန် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို လုံးဝ(လုံးဝ) တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးလှစိန် (ဖခင်)**
**[၁၂/မဂတ(နိုင်)၀၁၄၉၉၉]**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၉၊ မြေကွက်အမှတ်(၁၄၁၃)၊ မောင်းမကန်ကမ်းသာလမ်း၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ ဒေါ်စိန်စိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဖိုးဇော်[၅/ကဘလ(နိုင်)၁၀၈၅၁၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြင့်စိန်[၁၃/သနန(နိုင်)၀၃၃၂၇၅]က ဝယ်ယူထားပြီး ယခုလက် ရှိပိုင်ဆိုင်လျက်ရှိပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း ကိစ္စများအား ကျွန်ုပ်၏မိတ်ဆွေခွင့်ပြုချက်မရ ရှိဘဲ ဆောင်ရွက်ခြင်းမပြုပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၁၁)**
**အမှတ်(၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၉/A၊ မြေကွက်အမှတ် (၃၀၉)၊ သုခလမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေx၆၀ပေ) ရှိ (မြေကွက်အမှတ် – ၃၀၇ နှင့်ကပ်လျက်ဘက်ခြမ်း)၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ်–၆၂၂၂/၂၀၂၂ ဖြင့် တရားဝင်ပိုင်ဆိုင်သူ ဦးမောင်မင်းလှိုင်[၅/ကဘလ(နိုင်)၁၃၉၂၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၁၁)**
**အမှတ်(၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉–၅၀၄၂၂၉၆**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၆-၉-၂၀၂၂** ရက်နေ့မှ စတင်၍ **၂၂-၁၂-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၂ ရက် နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၂၉ ရက်နေ့အရောက် ကျောင်းသို့ ပို့ဆောင် ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကိုကိုယ်စားပြုတဲ့သူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့အုပ်ချုပ်ရေးစနစ်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်လို့ဆိုရာမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူတို့က ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်မှာ ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူတွေ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ရရှိစေမှာဖြစ်ပါတယ်။ ဒါမှလည်း စစ်မှန်၍စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

## စစ်ကိုင်းတိုင်းဒေသကြီး ရေဦး - ခင်ဦး ကားလမ်းမကြီးတစ်လျှောက် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့်မိုင်းများ အများပြည်သူ ဘေးအန္တရာယ်မရှိစေရေး ဖယ်ရှားရှင်းလင်း


နေပြည်တော် စက်တင်ဘာ ၂၆

NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့မှုမရှိစေရေး ရည်ရွယ်ချက်များဖြင့် အများပြည်သူ အသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများ စသည့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ရေဦးမြို့နှင့် ခင်ဦးမြို့သွား ကားလမ်းမကြီးတစ်လျှောက် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြောင်းမဲ့ အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခြင်းများ

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်ထိ ရေဦး-ခင်ဦးသွား ကားလမ်းမကြီးနှင့် လမ်း၏ဝဲ/ယာ မိုင်းရှင်းလင်းခြင်းဆောင်ရွက်စဉ် ဖော်ထုတ်ရရှိသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များထောင်ထားသည့်လက်လုပ်မိုင်းများ ဖော်ထုတ်သိမ်းဆည်းရမိသည့်နေရာပြပုံ



| ရည်ညွှန်းချက် | |
|---|---|
| (အနီရောင်အမှတ်အသား) | လက်လုပ်မိုင်းများ ဖော်ထုတ်သိမ်းဆည်းရရှိခဲ့သည့်နေရာများ |
| (အဝါရောင်အမှတ်အသား) | ကျေးရွာ/မြို့များ |

**ယနေ့ ဖတ်စရာ**

**၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုရစာရင်းများ ထုတ်ပြန်**

စာမျက်နှာ » ၇

**ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေးအတွက် စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၉

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၃၂၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၄ ဦးတွေ့ရှိ**

စာမျက်နှာ » ၁၂

## ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲ နယ်သာလန်အသင်းက ဘယ်လ်ဂျီယံအသင်းကို အနိုင်ရ



ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲရဲ့ အုပ်စုအဆင့်ပွဲစဉ်တွေကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပခဲ့ရာ နယ်သာလန်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ပွဲစဉ်မှာ နယ်သာလန်အသင်းက အနိုင်ရရှိခဲ့ပြီး ပြင်သစ်အသင်းနဲ့ ဝေးလ်အသင်းတို့ကတော့ ရှုံးပွဲကိုယ်စီကြုံတွေ့ခဲ့ရပါတယ်။

နယ်သာလန်အသင်းဟာ ဘယ်လ်ဂျီယံအသင်းကို နောက်ခံလူ ဗန်ဒိုက်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီနိုင်ပွဲဟာ နယ်သာလန်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❂

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကျင်းပမည့် ၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ သုဝဏ္ဏ လေ့ကျင့်ရေးကွင်း-၁ နှင့် M-3 ကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍